www.burmeseclassic.com

ကြယ်မှုန်စာပေ



ဝေမှူးသွင်

# ဘယ်သူမှအရှူးမဟုတ်ဘူး

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၂၀၆၇၁၂၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၀၄၉၀၁၀၉ |
| စီစဉ်သူ | – | ကြယ်ပွင့်စာပေ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | မျိုးကျော် |
| အဖုံးဖလင် | – | EMPIRE |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) |
| မျက်နှာဖုံးပုံနှိပ် | | ရာပြည့်ပုံနှိပ်တိုက် |
| | | တိုက်ခွဲ ၁၉၉၊ လမ်း၅၀၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်သင်းသင်းမွန် |
| | | သင်းစာပေ (မြဲ-၀၄၂၃၂) |
| | | အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း |
| | | လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၆၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

(၁)

နေရောင်အစက်အပြောက် တချို့မှာ မြေပြင်ပေါ်တွင် လဲတျ နေပြီး ကျန်တချို့ကတော့ သစ်ရိပ်များကြား၌ တလှုပ်လှုပ် ဆော့ကစား နေကြသည်။ လင်းထိုက်၏ မျက်လုံးထဲတွင် ထိုနေပြောက်လေးများ သည် addidas ဘောလုံးလေးတွေ ဖြစ်နေ၏။

သူ့ဘေးမှာရှိနေသည့် ဝိုကြွေးလုနီးနီး မိန်းမပျိုက လင်းထိုက် မျက်နှာကို မြည့်မြည့်ဆွေးဆွေး ငေးလျက်ရှိပါသည်။ ငှက်တစ်ကောင် သည် သူတို့နှစ်ယောက်အပေါ် မှဖြတ်ကာ အတောင်ပံခတ်ပျံသန်းရင်း သူ့ဘာသာစကားနှင့်သူ တစ်ကိုယ်တည်း စကားတွေ ပြောသွား၏။

"နွယ်လေး" ၏ အကြည့်တွေက တကာယ်ဝမ်းနည်းနေသည် ဟန်။ ကြေကွဲမှုအပြည့်။ မျက်ရည်တွေ ဝိုင်းလျှက်။ စိုလဲ့သော ဆံ ဆိုးနှုတ်ခမ်းတစ်စုံကလည်း တဆတ်ဆတ် တုန်ယင်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်၊ နွယ်လေးကို နာကျည်းသွားပြီပေါ့နော်"

သူ့လက်ကို အသာအယာဆုပ်ကိုင်ပြီး ရှိုက်သံဖွဖွနှင့်အတူ မေးလာသည့် နွယ်လေးအသံကြောင့် လင်းထိုက် ဆတ်ကနဲပင် လန့်သွား၏။ သူ တွေးလက်စအတွေးလည်း ပြတ်တောက်သွားပြီမို့ ယခုမှ လက်ရှိအခြေအနေကို သူပြန်လည်သတိရလာသည်။

နွယ်လေးဘက်ကို လှည့်ကြည့်မိပြီးမှ ချက်ချင်းဆိုသလို အကြည့်ပြန်လွှဲလိုက်၏။ ထိုအပြုအမူကြောင့်ပင် ဇာတ်ရှိန်က ပိုတက်လာလေသည်။

"နွယ်လေးကို ကြည့်တောင်မကြည့်ချင်တော့ဘူးလား မောင်ရယ်"

BURMESE CLASSIC

လင်းထိုက် ခေါင်းကို မသိမသာယမ်းရင်း တိုးတိုးလေး ကျိန်ဆဲမိ၏။

"ခွေးမသား ဂါရုတ်ဘေး"

ဝေလနယ်သား။ စပါးနောက်ခံလူ အလကားကောင် . . ။ ဒင်းကြောင့် လင်းထိုက်အသည်းကွဲနေ၏။ ပင်နယ်တီလွဲချော်ခဲ့သော်လည်း ရှုရှားအသင်းကို ရှုံးသွပ်စေအောင် ကစားသွားတာကိုး။ ရှုရှားကတော့ ၂ ဂိုး ၁ ဂိုးဖြင့် ဝေးလ်အသင်းကိုနိုင်သည်။ လင်းထိုက်တို့လို အားပေးသူတွေအဖို့ကတော့ ထုံးစံအတိုင်း ပလုံပင်မပြည်လိုက် . . ။

"ပွဲပြီးသွားမှတော့ ဘာတတ်နိုင်တော့မှာလဲ"

လင်းထိုက်အသံက မချိတင်ကဲ။

"အဟင့် ဟင့် . . မောင်ရယ်၊ အဟင့် ဟင့် ဟီး"

နွယ်လေး၏ အပူတိုက်ခန်းကကြီး။

ဟိုက်။ ဒီတော့မှ လင်းထိုက်အခြေအနေကိုပြန်လည်သုံး



www.burmeseclassic.com

www.burmeseclassic.com



သပ်ရသည်။ ဘေးဘီဝဲယာကို မျက်ကလဲဆံပြာ အကဲခတ်ရသည်။ ငိုနေသည့်နွယ်လေးကို သူဘာပြောရင် သင့်တော်မလဲဆိုတာ လင်းထိုက် အပြေးအလွှားတွေးသည်။ သူနဲ့ငါနဲ့က ချစ်သူတွေ၊ အခုသူက (တွံ့တေး စိုးအောင်သီချင်းထဲကလို) မိဘပေးစားသူနဲ့ ယူရတော့မယ်လို့ ပြောထားတာ။ မင်းဘာပြန်ပြောမှာလဲ လင်းထိုက်။ မင်းရဲ့သောက် ဘောလုံးပွဲကို မေ့လိုက်တော့။ လင်းထိုက်က ချွေးပြန်နေသော မျက်နှာ ကို လက်နှစ်ဘက်ဖြင့်ပွတ်ရင်း ဘောလုံးပွဲအရှုံး၏ရသကို မေ့ထားဖို့ ကြိုးစားလိုက်ပါသည်။

ဆံပင်ကိုသပ်တင်ပြီး သူ့မျက်နှာကို နွယ်လေးဘက်သို့ လှည့်လိုက်၏။ နွယ်လေးမျက်လုံးတွေထဲကို သူရီဝေစွာ စူးစိုက်ကြည့် သည်။ ထို့နောက် နီရဲတင်းမာ၍ နာကျင်နေသော မျက်လုံးများဖြင့် (နီရဲတင်းမာနေမှာပေါ့၊ တစ်ညလုံးလည်း အိပ်ရေးပျက်၊ ရှုံးကလည်း ရှုံးထားတာကိုး။)

"နွယ်၊ မင်း ငါ့အတွက် ဒီလောက်ငိုမနေပါနဲ့တော့၊ ပွဲက သိမ်းသွားပြီပဲကွာ၊ ဘာတတ်နိုင်မှာတဲ့လဲ၊ နွယ့်ကိုလည်း ဘာမှထပ် ပြီး မတောင်းဆိုရက်ဘူးနွယ်၊ ရှိပါစေတော့"

လင်းထိုက်ပြောနေသည်ကို နွယ်လေးက တရှုံ့ရှုံ့ငိုရင်း အလွန်ကြေကွဲနေသည့် အမူအယာနှင့် ခေါင်းတရမ်းရမ်း။ နှုတ်ခမ်း ကို ပြတ်ထွက်မတတ်ကိုက်လျှက် မျက်တောင်ကိုလည်း တဖျပ်ဖျပ် ခတ်လိုက်သေးသည်။ လင်းထိုက်ရုပ်ကတော့ မှုန်တေတေ။ မျက် မှောင်ကုတ်ပြီး အံကိုကြိတ်ထား၏။

"ဘယ်လိုမှ မလွန်ဆန်နိုင်လို့ပါမောင်၊ နွယ့်ကို ခွင့်လွှတ် ရင်လည်း မောင့်ကို နွယ်နားလည်နိုင်ပါတယ်၊ နွယ့်ကို ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင့်မေတ္တာတွေ . . .”

လင်းထိုက်က လက်ကာပြလိုက်တော့ နွယ်လေးခမျာ ပြောကောင်းနေတုန်းမှာ တိုးလိုးတန်းလန်းနှင့် ‘နင်’ သွားသည်။ သူမက တံတွေးကို ဂွပ်ကနဲ မျိုချလိုက်၏။

“တော်ပါတော့ နွယ်၊ တော်ပါတော့၊ ပြီးသွားတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို လွမ်းမနေပါနဲ့တော့၊ ဘာပဲဖြစ်ဖြစ်ပါ၊ နှုတ်ဆက်ခဲ့ပါတယ် နွယ်ရယ် နော်၊ မောင့်ကို သွားခွင့်ပြုပါတော့၊ နောင်လည်း မတွေ့ရတော့မယ့်အတူတူ အခုကတည်းက နှုတ်ဆက်ခဲ့ပါတယ် နွယ်၊ ဪ . . နွယ်တို့မင်္ဂလာပွဲကျရင် မောင့်ဆီကို ဖိတ်စာပို့လိုက်ဦးနော်”

သူ့စကားအဆုံးမှာ နွယ်လေး ဘယ်လိုမှ မထိန်းနိုင်တော့သည့်အလား၊ လင်းထိုက်ရင်ခွင်ထဲ လဲပြိုကျကာ တိုးဝင်လာခဲ့သည်။ နောက် . . လင်းထိုက်ကို အတင်းဖက်ပြီး ရင်ခွင်ထဲမှာ ကမ္ဘာပျက်သလို ငိုကြွေးနေတော့၏။

လင်းထိုက်ကတော့ ရှုံ့မဲ့မဲ့။ သူ့အင်္ကျီမှာ ပေကျံနေမည့် နှပ်တွေကို မြင်ယောင်ရင်း ပျို့ချင်သလိုဖြစ်လာသည်။ စောစောကတည်းက နွယ်လေးငိုနေတာကို အမှတ်တမဲ့ လှမ်းကြည့်လိုက်စဉ် နှပ်တွေကို သူမြင်လိုက်တာမို့ ကပြာကယာ မျက်နှာလွှဲထားခဲ့သည်။

သူ့ကို အတင်းဖက်ထားသည့် နွယ်လေးလက်တွေကို လင်းထိုက်က အတင်းဆွဲခွာသည်။ ရင်ဘတ်ပေါ်ကိုလည်း ငုံ့မကြည့်မိအောင် သတိထားရ၏။ မြင်လျှင် ချက်ချင်းပျို့တက်ကာ အန်ကျမိမှာကို သူ့ဘာသာသူသိနေသည်။

ခဲ့တော့နော် နွယ်လေး၊ ဆက်နေရင် နှစ်ယောက်စလုံးအတွက် ဒုက္ခတွေ ပိုများပါတယ်၊ နွယ်လည်း ငိုမနေနဲ့တော့၊ ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရမယ့် ကိုယ့်ဘဝအတွက်ပဲ အားတင်းပြီး ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနိုင်အောင် ကြိုးစားသွားတော့နော်၊ မောင်သွားတော့မယ် နွယ်"

ပြောလည်းပြော၊ ပြေးလည်းပြေး ဆိုသည့်အတိုင်း လင်းထိုက်မှာ မပြေးရုံတမယ် သုတ်ချေတင်ရတော့သည်။ ဒါတောင် နွယ်လေး အသံက နောက်က ကပ်ပါလာသေး၏။

"မောင်မရှိတဲ့ဘဝမှာ နွယ်ဘယ်လိုပျော်နိုင်မှာလဲ မောင်ရယ်၊ နွယ့်အကြောင်းကို မောင်အသိဆုံးပါနော် အဖောင့်ဟင့်"

အောင်မယ်။ လာလာချည်သေး။ မကောင်းတတ်လို့ ထိန်းချုပ်ထားသော သုံ့ညာဉ် (အကျင့်ဆိုး) ကလေးက ရုန်းထွက်စပြုလာသည်။ ပြီးခဲ့သည့်အပတ်က ဗိုလ်ချုပ်ဈေးရှေ့မှာတွေ့ခဲ့သော နွယ်လေးနှင့် သူ့ဘဲကြီးတို့ ပုံစံတွေကို လင်းထိုက် ပြန်ပြေးမြင်ယောင်သွားမိသည်။ လုံးဝထိန်းလို့မရတော့။ စိတ်ထဲမှာ တကျိကျိယားလာသည်မို့ လင်းထိုက်က ခြေလှမ်းတွေကို တုံ့ကနဲ ရပ်လိုက်ပါသည်။

နွယ်လေးဘက်ကို ရုတ်တရက် လှည့်လိုက်၏။

"အောင်မယ်လေး"

"အို . . မောင်နော်"

နွယ်လေးနဲ့ လင်းထိုက်တို့ အသံတွေက ပြိုင်တူပေါ်ထွက်လာသည်။

လင်းထိုက်ပြန်သွားပြီထင်ပြီး နွယ်လေးက သူမကိုယ်သူမ ပြန်လည်မွမ်းမံနေပုံ။ ထဘီကို ပြင်ဝတ်နေတုန်း လင်းထိုက်နှင့် တည့်တည့်သွားတိုးခြင်းဖြစ်၏။

နွယ်လေးက သံယောဇဉ်မပြတ်သော မျက်လုံးရွဲကြီးတွေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ယမ်းပြီး ချစ်မျက်စောင်းဖွဖွလေး ထိုးပြန်သည်။ ရယ်ချင်နေသော လင်းထိုက်က ဣန္ဒြေဆည်ရင်း . . .

"ဟိုလေ . . မောင်ပြောစရာ အဲ . . ဆုတောင်းပေးစရာ တစ်ခု ကျန်နေလို့ပါ၊ အဲဒါက ဟို . . နွယ်လေးတို့ နှစ်ယောက်ပေါ့လေ ရှေ့ဘဝခရီးတလျှောက်လုံး ပြီးခဲ့တဲ့လက ဆီဗိုနားရှေ့မှာ မြင်ခဲ့ရသလို၊ အခုပြီးခဲ့တဲ့အပတ်သောကြာနေ့က ဗိုလ်ချုပ်ဈေးမှာ တွေ့ခဲ့ရသလို တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာ ထွေးထွေးပွေ့ပွေ့ ယုယုယယ နေနိုင်ကြပါစေလို့ မောင်ဆုတောင်းပေးလိုက်ပါတယ်၊ သိလား၊ သွားတော့မယ်နော်"

လစ်ပြီ။ ဒီတစ်ခါတော့ လင်းထိုက်တကယ်လစ်ပြီ။

နွယ်လေးကတော့ ထဘီစတစ်ဘက်ကို လက်တစ်ဘက်စီကိုင်အုပ်ထားရင်းတန်းလန်း ပါးစပ်အဟောင်းသားဖြင့် မျက်လုံးကြီးပြူးကာ ကျန်ရစ်ခဲ့လေသည်။

* * * *

အန်ချလိုက်ရသဖြင့် သက်သာသွားသော်လည်း ကိစ္စက မပြီးသေး။ ပထမဆုံး အပေါ်အင်္ကျီကို ချွတ်ပစ်လိုက်ရသည်။ ပြီးတော့ လက်နှစ်ဘက်ဖြင့် အသာအယာ ရွရွလေးကိုင်ပြီးခေါက်ကာ အောက်ကတီရှပ်ကို ငုံ့ကြည့်သည်။ တော်ပါသေးရဲ့။ နွယ်လေး၏ သမုဒယနှပ်တွေ၊ နှာရည်တွေက အောက်ခံတီရှပ်အထိ ထွင်းဖောက်ဝင်မသွားတာပဲ ကျေးဇူးတင်ရမည်။

သူသက်ပြင်းချလိုက်မိ၏။ အခုမှ လင်းထိုက်စိတ်ရောကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပါ သက်သာစပြုလာသည်။ ငယ်ငယ်ကတည်းက လင်းထိုက်၏ ပြုပြင်မရသော အကျင့်တစ်ခုမှာ ရှုံ့တတ်ခြင်းဖြစ်၏။ ဒီအကျင့်က တော်တော်ဆိုးသည်။ ငယ်စဉ်က သိပ်မသိသာလှသော်လည်း အသက် အရွယ်လေးရလာတော့ သူငယ်ချင်းတွေ၊ မိတ်ဆွေအသိတွေနှင့် ဟိုဟိုဒီဒီသွားလာသည့်အခါ ဒုက္ခများလေ့ရှိ၏။

လုံးဝပြုပြင်မရသော အကျင့်ကတစ်ဘက်၊ လူမှုဆက်ဆံရေး ကတစ်ဘက်နှင့် လင်းထိုက်မှာ ဗျာများရတော့သည်။ အပေါင်းအသင်း ဆိုသည်မှာလည်း အလွှာစုံကိုး။ ဒီတော့ နေတာထိုင်တာ၊ စားတာ သောက်တာမှ အစ၊ အပြုအမူ အကျင့်အကြံအဆုံး အရာအားလုံး ကို သူတော်တော် သတိထားနေရသည်။ ကြီးကျယ်လိုက်တာဟု အထင်ခံရသည်မှာလည်း မနည်းတော့။ မျက်နှာပျက်ပေါင်း၊ တောင်း ပန်ရှင်းပြရပေါင်းလည်း များလှပြီ။

ခက်သည်မှာ လင်းထိုက်အဖို့ ရွံစရာတစ်ခုခု တွေ့လိုက်သည် နှင့် အန်ချင်လာခြင်းပင်ဖြစ်၏။ သူ့ကို အမြင်ကပ်သည့် သူငယ်ချင်း အချို့ကတော့ မျက်မုန်းကျိုးစွာ ပြောကြသည်၊ မင်းဟာက စိတ် ရောဂါတဲ့။ ပုံမှန်ထက် လွန်ကဲလာပြီဆို အဲဒါ သတိထားနေတဲ့။ မတတ်နိုင်ချေ။ မပြုပြင်ဘဲ နေနေသည်မှ မဟုတ်တာပဲ။ သတိထား နေရင်းမှ ပျို့ပျို့တက်လာတာကို ယခုထိတော့ လင်းထိုက်ထိန်းမရ သေးပေ။

နွယ်လေးကတော့ ဘယ်လိုပြန်သွားသည် မသိ။ လင်းထိုက် ကတော့ နွယ်လေးကိုထားခဲ့ပြီး ဓါတ်တိုင်နှစ်တိုင်စာလောက် လမ်း လျှောက်ရုံသာရှိသေးသည်။ မှေ့ပြီးတော့ အကျီရင်ဘတ်ကို လက်နှင့် အမှတ်မထင်ကိုင်မိသည်။ စိုစိစိ၊ ချွဲတဲတဲ အထိအတွေ့ကို အတွေ့



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် တစ်ပြိုင်နက် လင်းထိုက်တစ်ယောက် သူ့ကိုယ်သူ တန်း
သဘောပေါက်သွား၏။

ထိုတဒင်္ဂအတွင်း၌ပင် လင်းထိုက် နီးရာလမ်းဘေးသို့ပြေး
ကာ ထိုးအန်ချတော့သည်။ အသည်းကွဲသူတစ်ဦးဆီမှ နောက်ဆုံး
ပေးအပ်လိုက်သည့် လက်ဆောင်။

တော်သေး၏။ တီရှပ်ခံဝတ်ထားသဖြင့် အထက်ပိုင်း ကိုယ်
တုံးလုံးဖြစ်မည့်ဘေးမှ လင်းထိုက်လွတ်သွားသည်။ ပြဿနာက မပြီး
သေး။ လက်ထဲက အင်္ကျီကိုထည့်ဖို့ ကြွပ်ကြွပ်အိတ်တစ်လုံး ဝယ်ရဦး
မည်။ အန်ထားရသဖြင့် ချဉ်စုတ်စုတ်ဖြစ်နေသော ပါးစပ်ကို ပလုပ်
ကျင်းပစ်ဖို့ ရေသန့်တစ်ဗူးဝယ်ရမည်။ နောက်ပြီး တစ်ရှူးတစ်ထုပ်
ဝယ်ရလိမ့်ဦးမည်။

သူက နီးစပ်ရာ စတိုးဆိုင်တစ်ခုသို့ဝင်၍ လိုအပ်တာတွေ
ကို ဝင်ဝယ်သည်။ တလက်စတည်း အိမ်ကိုပါ လှမ်းဖုန်းဆက်လိုက်
ပါသည်။ ဦးလေးက ညနေစောစောပြန်ဖို့သာ ထုံးစံအတိုင်းဆူဆဲ
မှာကြားနေလေသည်။ လင်းထိုက်ကလည်း ထုံးစံအတိုင်းပဲ "ဟုတ်ကဲ့
ဦးလေး" ပေ့ါလေ။ ဖုန်းချပြီးလျှင်ပြီးချင်း လင်းထိုက်ခေါင်းထဲပေါ်
လာသည်ကတော့ တင်အောင်ထွေးနှင့် မြင့်ဇော်တို့ဆီ သွားရန်ဖြစ်
သည်။ နာရီကြည့်လိုက်တော့ ၅ နာရီထိုးတော့မည်။ ဒီနှစ်ကောင်
အခုချိန် ဘယ်မှာရှိမည်ဆိုတာ လင်းထိုက်အတပ်သိနေသည်။ ညနေ
အပုပ်ချိန်ဆို နှစ်ကောင်ဗျစ်ရည်တင်းကုပ်၌ မြိန့်မြိန့်ကြီးတွေထိုင်ကာ
မဖွယ်မရာစကားတွေကို တဟီးဟီး၊ တဟားဟား လျှောက်ပြောရင်း
ရီဝေတိမ်းမူးနေရော့မည်။

ပလက်ဖောင်းပေါ်မှာ လင်းထိုက်တစ်ယောက်တည်း လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရင်း ပြုံးနေမိ၏။ "ဩော် . . နွယ်လေး၊ အသည်းကွဲတဲ့အထာ တကယ်ပိုင်နိုင်ကျွမ်းကျင်ပါလား" ဟုတွေးလိုက်ကာ အဖြစ်အပျက်ကို မြင်ယောင်လာသည်။ ဒီလိုကိစ္စမျိုး၌ အော်ဟာစ်ရယ်ပစ်ချင်စိတ်က အတော်ထိန်းရခက်လှသည်။ လင်းထိုက်အသံထွက်၍ ရယ်မောလိုက်ပါသည်။

* * * *

သူပြောပြသမျှ အဖြစ်သနစ်စုံကို နားထောင်ရင်း တင်အောင်ထွေးနှင့် မြင့်ဇော်တို့ တဟားဟား ပွဲကျနေသော်လည်း လင်းထိုက်က ခပ်တည်တည်။

သူက အရက်မကြိုက်တတ်သူမို့ အအေးတစ်လုံးမှာသောက်သည်။ အမြည်းပွဲတွေရှိသမျှ ဟိုနည်းနည်း၊ ဒီနည်းနည်း လျှောက်နှိုက်စားသည်။ တင်အောင်ထွေးမျက်လုံးတွေက နကိုမှေးနေသည့်ထဲ အသူရာကောင်းနေပြီဆိုတော့ ဘူးသီးကို လက်သည်းနှင့်ဆိတ်ထားသော အရာလောက်သာ ကျန်တော့သည်။ အခု လင်းထိုက်ပြောသမျှကိုလည်း အရယ်သန်သူပီပီ တစ်အားအော်ရယ်နေလေရာ၊ တင်အောင်ထွေးမျက်လုံးနေရာ ဘယ်မှာလဲဆိုတာ ခန့်မှန်းလောင်းကြေးဖွင့်လို့ရလောက်သည်။

မြင့်ဇော်က အရယ်ရပ်ပြီး မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ သူ့ကိုခဏစိုက်ကြည့်လိုက်သေးသည်။ လင်းထိုက်ကတော့ မြင့်ဇော်ဘက်လှည့်မကြည့်။ ပြတင်းပေါက်မှန်မှတဆင့် လမ်းမဘေးနေသည်။ ထုံးစံအတိုင်း ရှုပ်တည်ကြီးဖြင့် . . .

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လင်းထိုက်၊ မင်း အဲဒီအကျီကို မလျှော်ဘဲ သိမ်းထားပါလား၊ ဟော့ကောင် ဘာယ်လိုလဲ၊ အမှတ်တရပေါ့ကွာ"

မြင့်ဇော်မှာ သူ့စကားသူ သဘောကျပြီး တဟီးဟီးရယ်သည်။ တင်အောင်ထွေးကလည်း မမှိတ်သော၊ မပွင့်သော (သို့မဟုတ်) ဘာယ်ရောက်နေမှန်း မသိရသော မျက်လုံးလေးတွေကိုမှ အားမနာလိုက်ရယ်နေပြန်သည်။

"လင်းထိုက်၊ မင်း သူတို့နှစ်ယောက် ယူကြတော့မှာဆိုတာလည်း သူကစ ဖွင့်မပြောခင်ကတည်းက သိတယ်၊ မင်းကို ခေါက်တော့မယ်မှန်းလည်း သိတယ်၊ ဒါနဲ့များ သူဖြတ်တဲ့အထိ စောင့်နေသေးတယ်ကွာ၊ ကိုယ်ကအရင် ဖြတ်ထားခဲ့လိုက်ရင် ပြီးရော"

မြင့်ဇော်က ဣန္ဒြေဆည်ရင်း သူပြောချင်ရာတွေကို ယခုမှ ပြောရသည့်နှယ် ဒေါနှင့်မောနှင့် ပြောနေလေသည်။ တတ်လည်း တတ်နိုင်တဲ့ကောင်တွေ ဆိုသည့်ပုံစံဖြင့် လင်းထိုက်ခေါင်းတညိတ်ညိတ်လုပ်ကာ မြင့်ဇော်တို့ကို ပြုံးစေ့စေ့ကြည့်လိုက်ပါသည်။

"အေးလေ၊ ဟော့ကောင် ဟုတ်သားပဲကွ၊ မင်း မြင့်ဇော်ပြောသလို လုပ်ခဲ့ရမှာ"

တင်အောင်ထွေးကလည်း ဖန်ခွက်ကို ကမန်းကတန်းပြန်ချပြီး အမြန်ဝင်ထောက်ခံ၏။

"ငါ့ကိုက အဖြတ်ခံချင်တာကွ၊ အဲ . . ဟို ရည်းစားအဖြစ်ကို ပြောတာနော်"

လင်းထိုက်အပြောကြောင့် တင်အောင်ထွေးမျက်လုံးတွေ ပိုမှေးသွားရှာသည်။ မြင့်ဇော်ကလည်း တဟီဟီပေါ့လေ၊ မြင်းကြီးကျနေတာပဲဟုတွေးရင်း လင်းထိုက်ကလည်း သူ့အတွေးနှင့်သူ ရယ်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"လုပ်စမ်းပါဦး လင်းထိုက်ရ ရှင်းစမ်းပါဦး၊ မင်းက ထမဖြတ်ဘဲ သူဖြတ်တာကို စောင့်နေရတဲ့ အကြောင်းရင်းလေး၊ မိန့်ကြားစမ်းပါဦး"

တင်အောင်ထွေးက မျက်မှေးလေး တလယ်တလယ်ဖြင့် ဖန်ခွက်ကိုကိုင်ရင်း အပိုးမကျိုးစွာ ဆက်မေးပြန်သည်။ မြင့်ဇော်က ခေါင်းတငြိမ့်ငြိမ့်လုပ်နေ၏။

သူ့လက်ကို တစ်ရှုးပေပါဖြင့် အသေအချာသုတ်ပြီးမှ လင်းထိုက်က ပခုံးတစ်ချက်တွန့်လျက် ခေါင်းကို ခါလိုက်၏။

"ဘာရယ် မဟုတ်ပါဘူးကွာ၊ ငါ့ကို သူဘာတွေလိမ်ဦးမှာလဲ ဆိုတာ ကြည့်ချင်ကြားချင်တာရယ်၊ နောက်ပြီး သူက အဲဒီလိုနည်းနဲ့မှ စိတ်ချမ်းသာမှာလေကွာ၊ ငါပြောတာ မင်းတို့သဘောပေါက်လား မသိဘူး၊ ဇာတ်ဆန်ဆန်ပေါ့ကွာ၊ သိတယ်မဟုတ်လား၊ အမှန်က သူဆုံးဖြတ်ပြီးသား ကိစ္စကြီးလေ၊ မင်းတို့လည်း သိသားပဲ၊ ဒါပေမယ့် ငါနဲ့ကိစ္စမှာ သူက ရုပ်ရှင်ထဲကအထာမျိုး လုပ်ချင်နေဗျာ ငါသိတယ်တဲ့ဟဲ၊ ဘာတွေပြောပြီး ဘယ်လိုအမူအယာတွေ လုပ်ပြဦးမလဲဆိုပြီး ငါလည်း သူချိန်းတဲ့နေရာသွားလိုက်တာ၊ နောက်ဆုံးတော့ တပ်ပျက်ပြီး နှုတ်ထွက်တဲ့ကိန်းဆိုက်တာပါပဲကွာ"

လင်းထိုက်စကားအဆုံးမှာ သူတို့လည်း ရယ်သံမျိုးစုံဖြင့် အော်ဟစ်ရယ်တော့၏။ နောက် .. တစ်ယောက်တစ်ပေါက်နှင့် ကောင်းချီးသြဘာတွေ ပေးကြပါသည်။

"သောက်ပေါ"

"ငကြောင်၊ သောက်ရှုး"



www.burmeseclassic.com

www.burmeseclassic.com



"နှုပ်ချေးမင်းသားကြီး"

"မင်းမို့လို့ လင်းထိုက်ရာ ပေါက်တိပေါက်ချာတွေ တွေးတယ်"

လင်းထိုက်ကတော့ မထုံတက်တေးရုပ်ဖြင့် အလင်းဖွဲ့ဖွဲ့ကို ငေးကြည့်နေလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ဖိတ်စာကဒ်လေးက လှပပါသည်။ ရနံ့မွှေးမွှေးကိုလည်း ရသည်။ လင်းထိုက်က ဖိတ်စာကို ဖတ်ကြည့်မနေတော့ဘဲ စားပွဲပေါ် ပစ်တင်ထားလိုက်သည်။ ထိုအခိုက် အန်ကယ်ထွေးက အိမ်ထဲဝင်လာပြီး ရေခဲသေတ္တာကိုဖွင့်၏။ ရေပုလင်းကိုယူကာ ရေခွက်ထဲမထည့်ဘဲ ဒီအတိုင်းမော့သောက်လိုက်ပါသည်။ မျက်လုံးကတော့ လင်းထိုက်ဆီမှာ။ အလိုမကျသောအကြည့်နှင့် လှမ်းကြည့်နေသည်ကို လင်းထိုက်က မသိချင်ယောင်ဆောင်နေမိသည်။

နှုတ်ခမ်းကိုမဲ့ပြီး သူ့ဆီလာနေကတည်းက တစ်ခုခုအပြစ်ပြောတော့မည်မှန်း လင်းထိုက်က ကြိုရိပ်မိပါသည်။ ထို့ကြောင့်လည်း မျက်လုံးကိုမှိတ်ကာ အိပ်ချင်ယောင်ဆောင်နေလိုက်၏။

"ဟော့ကောင်၊ အဲဒါ ဘာဖြစ်နေတာလဲ။ မင်းဆီက ကောင်



www.burmeseclassic.com

www.burmeseclassic.com



က ခွေခေါက်ငိုက်မြည်းနေဖို့ပဲ”

အန်ကယ်ထွေးတို့ လုပ်လာပြီ။ လင်းထိုက်မှာ မျက်လုံးကို ဆက်မှိတ်ထားဆဲ။ ဦးလေးပြောလာမည့် စကားတွေကို သူ့စိတ်ထဲမှာ အရင်ကြို၍ ပြောကြည့်နေမိသည်။ အတိအကျမတူပေမယ့် သိပ်မကွာလှပါ။ တစ်နေ့တစ်နေ့ ဒါတွေပဲ ကြားနေရတော့ လင်းထိုက်တို့က အလွတ်ရနေပြီ။

“ဆိုင်လေးဘာလေးလည်း ထိုင်ပေးဦးကွ၊ သွား . . ဆိုင်သွားထိုင်နေလိုက်ဦး၊ ငါထမင်းစားလိုက်ဦးမယ်၊ မင်းကွာ ဘာမှလည်း ကူဖော်လောင်ဖက် မရဘူး၊ တစ်နေ့တစ်နေ့ မင်းလုပ်နေတာတွေ မင်းပြန်တွေးကြည့်စမ်း . . . × × × . . .”

“ဟုတ်ကဲ့၊ အန်ကယ်ဦးလေး မိုင်ဒွေးလေး၊ ကျွန်ုပ်အခု သွားလိုက်မယ်၊ မိုင်မိုင်သုံးဆောင်လိုက်ပါ၊ ကျွန်တော် ကြက်ဥထောင်းကြော် ကြော်ထားတယ်”

မျက်လုံးကြီးမှိတ် အိပ်နေရာမှ ရုတ်တရက် ထခုန်မတ်တပ်ရပ်ကာ အာမြဲကြီးဖြင့် အော်လိုက်သော လင်းထိုက်အသံကြောင့် ဦးလေးဖြစ်သူ အန်ကယ်ထွေးခမျာ လန့်သွားရှာ၏။ ပြောလက်စစကား (ဝါ) ဆူပူကြိမ်းမောင်းခြင်းလည်း အလိုအလျောက် ရပ်သွား၏။ လင်းထိုက်စကားကိုသာ မျက်မှောင်ကြုတ်စဉ်းစားရင်း . . .

“ဟေ့ကောင်၊ ဘာ . . ကြက်ဥထောင်းကြော် ဟုတ်လား၊ ဘယ်လို . . .”

လင်းထိုက်ကတော့ သုတ်ကနဲ ထွက်သွားပြီဖြစ်၏။ အန်ကယ်ထွေး ခေါင်းကိုယမ်းရင်း ခါးကြီးလက်ထောက်လျှက် စိတ်ပျက်လက်ပျက် ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသော သူ့အစ်မ၏ တစ်ဦးတည်းသော သား ဖြစ်သူ လင်းထိုက်သည် တစ်ဦးတည်းသော ဦးလေးသူ့ကို အလွန် ချစ်ရှာသည် ထင်ပါသည်။ လူမှန်းသိတတ်ကတည်းက သူနဲ့အတူ နေရင်း ယခုကျောင်းပြီးသည်အထိ ဘယ်မှမသွား၊ ဘာမှမလုပ်ဘဲ မုန့်ဖိုးတောင်းကောင်းဆဲ၊ ဆိုးနွဲ့ကောင်းဆဲမို့ အန်ကယ်ထွေးခများ တစ်ခါတစ်ခါ ဆောင့်ကန်ချင်စိတ် ပေါ်ပေါ်လာတတ်သည်။

ဒီကောင်က စာရိတ္တပျက်ပြားနေတာလည်း မဟုတ်။ ပြည်သူ့ ချဉ်ဖတ်၊ ရပ်ကွက်ကင်(စ်)ချီ ဖြစ်နေတာလည်း မဟုတ်ဆိုတော့ ပြောရ တော်တော်ခက်သည်။

နယ်က သူ့မိဘတွေဆိုတာလည်း လင်းထိုက်၏အရုပ်လို ဖြစ်နေသည်။ အစစအရာရာ သားသဘော၊ သားအလိုကျ ဘာမှ မစွက်ဖက်ပေ။ အန်ကယ်ထွေးက တိုင်လျှင်လည်း ရယ်ကာမောကာ နှင့် ခပ်ပေ့ါပေ့ါပင် "သူ့မှာအသိဉာဏ်ရှိပါတယ် ကိုထွေးရယ်၊ တစ် နေ့နေ့ကျ သူ့ဘာသာ ပြောင်းလဲသွားမှာပါ" တဲ့လေ။ အဘိုးအဘွား တွေကလည်း သူတို့လက်ရှိဦးစီးဆဲ လုပ်ငန်းတွေထဲက ဆီစက်နှင့် ပွဲရုံတစ်ခုကို အစောကြီးကတည်းက လင်းထိုက်အတွက် သပ်သပ် အမွေခွဲပေးထားသည်။ သို့သော် အန်ကယ်ထွေးက လင်းထိုက်ကို အားမလိုအားမရ ပြောပြောနေရသည်မှာ အလုပ်တစ်ခုခုကို အားကြိုး မာန်တက် စလုပ်ဖို့ဖြစ်၏။

လင်းထိုက်ဆိုတဲ့ကောင်က ပျင်းလို့ဖျင်းလို့ဆိုလည်း ထား ပါတော့။ သူ့တူ ဒီလောက်တော့ မဆိုးဝါးမှန်း အန်ကယ်ထွေးရိပ်မိ ပါသည်။ ခက်သည်မှာ လင်းထိုက်ပုံစံက အခုထိ ကလေးလို ကျောင်းသားလိုလိုဖြစ်နေခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိအိမ်ရှေ့က စတိုးဆိုင်နှင့် တွဲရက်ဖွင့်ထားသော DVD အငှားဆိုင်၊ စာအုပ်အငှားဆိုင်တို့ကို ခဏမျှထိုင်ပေးဖို့အတွက် နေ့စဉ်လိုလို ဆူဆဲကြိမ်းမောင်းသံများနှင့် တူအရီးနှစ်ယောက် ငြင်းခုန်စစ်ဖြစ်နေရမြဲပင်။

သူငယ်ချင်းတွေနှင့် လျှောက်သွားလိုက်၊ ရည်းစားတွေ ထားလိုက်၊ ပြတ်လိုက် စသည့်ကိစ္စတွေနှင့် အချိန်ဖြုန်းနေသည့် လင်းထိုက်ကိုတော့ အန်ကယ်ထွေးလည်း မနိုင်ချေ။

သူတို့လမ်းဘေးက လူသူအသွားအလာကျဲပါးသည်။ ရပ်ကွက်ထဲက လူတွေသာ သူတို့စတိုးဆိုင်၏ အဓိကဖောက်သည်များ ဖြစ်သည်။ ဖြတ်သွားဖြတ်လာထဲက လာဝယ်သူကတော့ မရှိသလောက် နည်းပါးလှ၏။

လမ်းထဲမှာ သူတို့လို စတိုးဆိုင်မျိုး နှစ်ဆိုင်၊ သုံးဆိုင်လောက် ရှိသော်လည်း လူတွေက လင်းထိုက်တို့ဆိုင်ကို ပိုမိုအားပေးကြသည်။ အန်ကယ်ထွေးက အမြတ်များများမယူဘဲ အရောင်းရတွင်ကျယ်ရေးကိုသာ အဓိကထားသဖြင့် ဝယ်သူတွေလည်း အဆင်ပြေကြသည်။

လင်းထိုက်ဆိုင်ထဲဝင်လာတော့ သူရက ထမင်းချိုင့်ဖွင့်ပြီး စားနေသည်။

"စားဦး ကိုကြီးလင်းထိုက်"

ပါးစပ်ထဲမှာ ထမင်းတွေ ပလုပ်ပလောင်းဖြင့် သူရက သူ့ကို ထမင်းစားခေါ်သည်။ လင်းထိုက်ကို အမြဲအားကိုးလို့မရသဖြင့် အန်ကယ်ထွေးခမျာ ကူဖော်လောင်ဖက်အဖြစ် ဆိုင်မှာခိုင်းဖို့ သူရ ဆိုသော ကောင်လေးတစ်ယောက်ကို ခေါ်ထားရ၏။ သူရကတော့ ဆိုး တော့မဆိုးလှပါ။ စိတ်ချရသည်။ အန်ကယ်ထွေးနှင့် လင်းထိုက်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခင်ခင်မင်မင် ရှိရှိသေသေ ဆက်ဆံသဖြင့် သူရကို လင်းထိုက်တို့ကလည်း အလုပ်သမားရယ်လို့ မမြင်တော့ပေ။

"ဟာ . . ဟော့ကောင်၊ အထဲသွားစားလေ၊ ဟိုမှာ အန်ကယ်ထွေးလည်း စားနေပြီ၊ သွား သွား၊ ငါက မစားသေးဘူး၊ တဲ သွားပါ၊ ငါဆိုင်ထိုင်ထားမယ်၊ အန်ကယ်ထွေးနဲ့ အတူတူသွားစား၊ ဟင်းတွေ ပိုချက်ထားတာ ငါတို့နှစ်ယောက်တည်း မကုန်ဘူး၊ ဒေါ်ကြီးမြတလည်း ဒီလောက်စားတာ မဟုတ်ဘူး"

သူရက "ဟုတ်ကဲ့ ဟုတ်ကဲ့" ဟုပြောရင်း ထမင်းချိုင့်ကို ပြန်ပိတ်ပြီး၊ အိမ်ထဲသွားဖို့ပြင်သည်။ လင်းထိုက်တို့ အိမ်မှာ သူတို့ တူအရီးနှစ်ယောက်နှင့် ထမင်းချက်သည့် ဒေါ်ကြီးဒေါ်မြအပါအဝင် အိမ်သားသုံးယောက်သာရှိသောကြောင့် ထမင်းနှင့်ဟင်းတွေက ပိုလျှံနေတာများသည်။ လင်းထိုက်ကလည်း ထမင်းကို ဟုတ်တိပတ်တိ စားသူမဟုတ်သဖြင့် ပိုဆိုး၏။

နေ့လည်ခင်းမို့ ဆိုင်တွင် လူရှင်းနေသည်။ လင်းထိုက်မှာ တဝါးဝါးသမ်းဝေရင်း ပျင်းရိစွာ ထိုင်နေရသည်။ မြင့်ဇော်က ညနေ လောက်မှအားမည်။ တင်ဇေအောင်ထွေးကတော့ သူ့အိမ်မှာရှိသည် ဆိုပေမယ့် ဒီအချိန်ဆို သူလည်း မအားမှာသေချာသည်။ ဒီကောင် တွေက အိမ်မှာ ဝပ်ရှော့ဖွင့်ထား၏။ သူ့အဖေဦးစီးပြီး တင်အောင် ထွေးတို့ ညီအစ်ကိုသုံးယောက်က အခြားအလုပ်သမားတွေနှင့်အတူ ဝိုင်းဝန်းလုပ်ကြသည်။

သူတစ်ယောက်တည်းမို့ ကြာတော့ လင်းထိုက်မှာ အိပ်ငိုက် လာသည်။ အေးသက်နွယ် (ခ) နွယ်လေးထံမှ ဖိတ်စာရောက်မှာ တာကို တွေးမိရင်း "ဘာလက်ဖွဲ့ရင် ကောင်းမလဲ" ဟု အမှုံးပြေ



www.burmeseclassic.com

www.burmeseclassic.com



တွေးနေမိ၏။

သူတစ်ပါးစိတ်ဆင်းရဲအောင် လုပ်ဖို့တော့ မဟုတ်ပါ။ သို့သော် သူ့အကျင့်အတိုင်း ထူးထူးခြားခြားလည်းဖြစ်၊ ဟာသလည်းဖြစ်အောင် လက်ဖွဲ့ဖို့ လင်းထိုက်က စဉ်းစားနေရှာသည်။ တွေးရင်းတွေးရင်းနှင့် လင်းထိုက်မျက်လုံးတွေ မှေးစင်းလာသည်။

အိမ်ထဲမှ အန်ကယ်ထွေးရယ်သံ တဟားဟားကို သဲ့သဲ့ကြားလိုက်ရ၏။ သူရနှင့် ဘာတွေပြောကာ သဘောကျနေသည်မသိ။

"ကိုလင်းထိုက်"

"အောင်မယ်လေးဗျ"

အမှတ်တမဲ့မို့ လင်းထိုက်အိပ်ငိုက်နေရာမှ အလန့်တကြားထအော်သည်။ သူ့ကိုခေါ်သည့် အသံရှင်ကတော့ တခစ်ခစ်ရယ်နေ၏။

မျက်လုံးကိုပွတ်သပ်ရင်း ထိုင်ခုံပေါ်မှာ လင်းထိုက်မတ်မတ်ပြန်ထိုင်လိုက်သည်။ ကြည့်လိုက်တော့ သူတို့လမ်းထဲက ညီအစ်မနှစ်ယောက် ဖြစ်နေသည်။ ဒီကောင်မလေးတွေက သူတို့ဆိုင်မှာ DVD နှင့် စာအုပ်ငှားနေကျဖြစ်သဖြင့် လင်းထိုက်နှင့်လည်း မျက်မှန်းတန်းမိကာ အခေါ်အပြောရှိကြ၏။

"ဩော် ရွှေစင်မိုးတို့ပါလား၊ စာအုပ်ငှားမလို့လား ကြည့်လေ၊ ဒီမှာ မဂ္ဂဇင်းအသစ်တွေ"

ရွှေစင်မိုးက သူ့ကို ပြုံးပြုံးလေးကြည့်နေရင်း ခေါင်းညိတ်ပြ၏။

ရွှေစင်မိုးညီမ ချာတိတ်မလေးကတော့ ခပ်တည်တည်လေး။ သူ့ကိုလည်း လှမ်းမကြည့်၊ မဂ္ဂဇင်းစာအုပ်တွေကိုသာ ဟိုတစ်အုပ်



www.burmeseclassic.com

www.burmeseclassic.com



လှန်ကြည့် ဒီတစ်အုပ်လှန်ကြည့် လုပ်နေသည်။ သူ့မနာမည်ကို လင်းထိုက် မေ့တေ့တေ့ပင် . . .။ ဒီကောင်မလေးကြည့်ရတာ စာကြမ်းပိုးပုံလေးပဲဟုတွေးရင်း လင်းထိုက်ပြုံးစေ့ပြုံးစေ့ ဖြစ်သွား၏။ လင်းထိုက်ဖြစ်ပျက်နေတာကို ရွှေစင်မိုးက မြင်ပုံရ၏။

"ကိုလင်းထိုက်ကြီး၊ ဘာတွေပြုံးဖြစ်စေ့ ဖြစ်နေတာလဲ၊ အခုန အိပ်မက်ထဲက အကြောင်းတွေ ပြန်တွေးနေတာလား၊ တစ်ခါတည်း မှုပဲ၊ ဆိုင်မှာ လူရှင်းတယ်ဆိုပြီး ထိုင်ငိုက်နေတာပေါ့လေ၊ အန်ကယ်ထွေးနဲ့ တိုင်ပြောမှာနော်"

ရွှေစင်မိုးက ခင်ခင်မင်မင်နှင့် ဖော်ရွေတတ်ပုံပေါ်၏။ လင်းထိုက်နှင့် ဒီလောက်တွေ့ဖြစ်ဆုံဖြစ်တာ မဟုတ်ပေမယ့် တစ်ရပ်ကွက်တည်းသားတွေမို့ ရင်းရင်းနှီးနှီး နောက်ပြောင်ပြောဆိုတတ်သည်။

"ဟဲ ဟဲ မဟုတ်ပါဘူး ရွှေစင်ရာ၊ ဒီလိုပါပဲ"

လင်းထိုက်ရယ်ကျဲကျဲလုပ်ကာ အလိုက်အထိုက်ပြန်ပြောရင်း ဟိုချာတိတ်မကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။ ငတိမလေးက တစ်စက်မှ မရယ်ချေ။ မဂ္ဂဇင်းစာအုပ်ထဲကို ပြုတ်ကျလုမတတ် ငုံ့ဖတ်နေဆဲ။

"ဘာကားတွေ အသစ်ထွက်သေးလဲ ကိုလင်းထိုက်၊ နေတိုးကားအသစ်ရှိလား"

ရွှေစင်မိုးအမေးကြောင့် သူ ကပြာကယာ အကြည့်ကိုလွှဲရင်း ပြန်ဖြေရ၏။

"ထွက်တယ် ရွှေစင်၊ ရှိတယ် ခဏလေး၊ ဟော ဒီမှာ ဒီဟာလေ၊ ကြည့်ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မကြည့်ရသေးဘူး၊ အဲဒီခွေ ယူသွားလိုက်မယ်"

"OK OK ယူသွားလေ"

လင်းထိုက် စာရင်းမှတ်နေတုန်း ဟိုချာတိတ်မလေးကလည်း သူမရွေးထားသည့် စာအုပ်ကို သူ့ရှေ့လာချပေးသည်။ ဘာတစ်ခွန်းမှတော့ မပြော။

တလက်စတည်းပင် သူမစာအုပ်ကိုလည်း လင်းထိုက်က စာရင်းမှတ်ပေးလိုက်ရ၏။ နာမည်ရေးခါနီးကျမှ ချာတိတ်မနာမည်ကို မေ့နေတာမို့ လှမ်းမေးလိုက်ပါသည်။

"ဒီညီမလေးနာမည်က ဟို . . ဘယ်သူ"

"ကြည်ဖြူမိုးပါ"

အသံက တိုးတိုးလေး။ မဖြေချင့်ဖြေချင်နှင့် ဖြေနေပုံမျိုး။ လင်းထိုက်နောက်ချင်စချင်စိတ် ပေါ်လာသည်။ ကလေးမလေးကြည့်ရတာ မျက်နှာနုနုနယ်နယ်လေးဖြင့် တည်ကြည်လွန်းနေတော့ သူ့စိတ်ထဲ ကလိကလိ ဖြစ်လာ၏။

"ဟမ် . . ဂျပုမျိုး ဟုတ်လား"

လင်းထိုက်ခပ်တည်တည်နှင့် ပြန်မေးတော့ ချာတိတ်မ မျက်နှာနီရဲလာပြီး သူ့ကိုမျက်လုံးပြူးကြီးဖြင့် စူပုပ်ပုပ်ကြည့်၏။ ရွှေစင်မိုးကတော့ သဘောကျကာ ရယ်နေလေသည်။

"ကိုလင်းထိုက်နော်၊ ကျွန်မညီမလေးကို နာမည်ဖျက်နေပြန်ပြီ၊ ကြည်ဖြူမိုးပါ၊ သူက အဲလိုပဲ စကားပြောရင် မပွင့်တပွင့်လေ"

"ဪ ဟုတ်လား၊ ကျွန်တော်လည်း တကယ်သေချာကြားလိုက်လို့ပါ"

လင်းထိုက်က မရယ်မပြုံးနှင့်အပြောကြောင့် သူတမင်တကား



www.burmeseclassic.com

www.burmeseclassic.com



ကျပ်လိုက်တာကို နှစ်ယောက်စလုံး မရိပ်မိကြချေ။ ဘာပဲဖြစ်ဖြစ် ထိုချာတိတ်မလေးကို စဖို့နောက်ဖို့အတွက် လင်းထိုက်ဆုံးဖြတ်လိုက်လေသည်။ တွေ့မယ် ဒီလောက် စကားနာမြောတဲ့ တောင်မလေး။ နောက်နေ့ကျမှ နင့်ကို လိုက်ကိုစဦးမယ်။ လင်းထိုက်မှာတွေးရင်း အူမြူးလာသည်။

သူ့ကိုနှုတ်ဆက်ပြီး ညီအစ်မနှစ်ယောက် ပြန်ထွက်သွားကြသည်။ အနီရဲရဲတီရှပ်နှင့် စကတ်တိုတိုလေးကို ဝတ်ထားသော ဝစီပိတ်မလေး ကြည်ဖြူမိုးမှာ အသားတော်တော်လှကြောင်း သူသတိပြုမိလိုက်သည်။ အသက်ကတော့ ငယ်ပါလိမ့်ဦးမည်။ အလွန်ဆုံးရှိလှ ၁၈၊ ၁၉ ပေါ့။ အရပ်ကတော့ သူမအစ်မရွှေစင်မိုးထက်ပင် အနည်းငယ် ရှည်ချင်သေးသည်။ ဂျပုမျိုးလို့ပြောတော့ သူ့ကိုကြည့်လိုက်သော စူပုပ်ပုပ်မျက်နှာလေးကို ပြန်တွေးရင်း လင်းထိုက်စပ်ဖြဲဖြဲဖြစ်နေမိသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၃)

လင်းထိုက်တို့လမ်းထိပ်မှာ လက်ဖက်ရည်ဆိုင်လေးက မနက်ဆို တော်တော်လူစည်သည်။ ကားမှတ်တိုင်နှင့်လည်းနီးသဖြင့် လင်းထိုက်တို့အတွက် ကြည့်စရာရှုစရာ ပေါများသည်။ ဈေးသွားဈေးလာတွေ၊ ရုံးတက်သူတွေ ကျောင်းတက်သူတွေနှင့် စည်ကားလှ၏။

လင်းထိုက်တို့ သူငယ်ချင်းနှစ်ယောက်စလုံး မနက်တိုင်း မပျက်မကွက် လာထိုင်လေ့ရှိကြ၏။ "စိတ်တိုင်းကျ" ဆိုသော လက်ဖက်ရည်ဆိုင်နာမည်ကို လင်းထိုက်က သူ့ဘာသာပြောင်းခေါ်သည်။ ဟိုနှစ်ကောင်ကလည်း အဲဒီနာမည်ကို သွားအဖြီးသားတွေဖြင့် ထောက်ခံကြကုန်၏။ "ရှုမျှော်ခင်း" တဲ့။ ဟုတ်လည်းဟုတ်သည်။ သူတို့သုံးယောက်သာမက ဤဆိုင်သို့လာသမျှ ပုရိသအပေါင်းဖို့ကား ရှုမျှော်ခင်းကိုတော့ မငေးပဲ မနေကြချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မြင့်ဇော်၊ ဟော့ကောင် ကြည့်စမ်းကွာ၊ လန်းတယ်နော်"

ဂျာနယ်ကို ငုံ့ဖတ်နေသည့် လင်းထိုက်က မော့မကြည့်ပေ။ ဟိုနှစ်ကောင်က ချိုးမွှမ်းခန်းဖွင့်ရင်း ကောင်မလေးတစ်ယောက်ကို အားပေးနေကြသည်။ မြင့်ဇော်က လင်းထိုက်ကိုပါ အတင်းဆွဲလှုပ်လျှက် သတင်းပေး၏။

"ဟော့ကောင် လင်းထိုက်၊ မင့်ဂျာနယ် ပြီးမှဖတ်၊ ကြည့်ဦးဟ အလန်းလေး"

"ဘာလဲကွာ"

လင်းထိုက်က တညည်းညည်း တဖြူဖြူဖြင့် မော့ကြည့်လိုက်သည်။ တင်အောင်ထွေးက စေတနာထက်သန်စွာ ညွှန်ပြနေ၏။

အဖြူအမည်း ကောင်မလေး။ ဦးထုပ်ဖြူဖြူလေး ဆောင်းထားသည့်အောက်မှာ ဆံနွယ်တွေက အရမ်းမရှည်သော်လည်း တလွင့်လွင့်။ တီရှပ်ပွပွလေးကလည်း အဖြူရောင်။ ဂျင်းဘောင်းဘီအတိုက အနက်ရောင်စိုစိုနှင့် ကောင်မလေး . . . ။ ကြည်ဖြူမိုး။ အိတ်လေးတစ်အိတ်ကို လက်တကိုင်လျှက် တစ်ယောက်တည်း လျှောက်လာနေသည်။

"ဩော် . . ဂျပုမျိုး"

လင်းထိုက်တိုးတိုးလေး ရေရွတ်သလိုအပြောကို တင်အောင်ထွေးက မျက်မှေးလေးကုပ်ပြီး ကြည့်၏။

"ဘာရယ်ကွ"

"ဘာမှမဟုတ်ပါဘူး"

ပြီးစလွယ်ပြန်ဖြေရင်း လင်းထိုက်က သူမကို ငေးနေဆဲ။

"မင်းမသိဘူးလား၊ ညီအစ်မနှစ်ယောက်လေ၊ အရင်တုန်း



www.burmeseclassic.com

www.burmeseclassic.com



က သူ့အစ်မကိုပဲ သတိထားမိတာ ဒီကောင်မလေးကို အခုမှသေချာ ကြည့်မိတာ၊ အဟီး"

မြင့်ဇော်စကားကို တင်အောင်ထွေးကလည်း ကမူးရှူးထိုး ထောက်ခံသည်။

"အေးကွ၊ အဟဲ ကောင်မလေး ထွားလာတယ်ကွနော်၊ သူ့ နာမည် ငါသိပါတယ်ကွာ၊ ဘာပါလိမ့်၊ ကြည်ဖြူမိုး ဟုတ်တယ် ဟုတ် တယ် ကြည်ဖြူမိုးလေ၊ သူ့အစ်မရွှေစင်က ငါတို့နဲ့ရွယ်တူလောက်ပဲ"

"လင်းထိုက် မင်းသိတယ်မဟုတ်လား၊ တို့လမ်းထဲကပဲဟာ ကို"

လက်ဖက်ရည်ခွက်ကို မော့ချပြီးမှ မထုံတက်တေးမျက်နှာ ဖြင့် လင်းထိုက်ပြန်ဖြေသည်။

"သိသားပဲ၊ ငါတို့ဆိုင်ကို လာနေကျလေ၊ ဖောက်သည်တွေ"

ဟုပြောလိုက်ရင်း တစ်ခုခုကို သတိရသွားသလို လင်းထိုက် က အလောတကြီး ထရပ်၏။

"ဩော် အေး အခုမှ သတိရတယ်၊ အဲဒီကောင်မလေးကို ငါပြောစရာရှိလို့ လိုက်သွားလိုက်ဦးမှပဲ၊ ခဏလေး ဟေ့ကောင်တွေ၊ ငါပြန်လာခဲ့မယ်"

ဘာမှပြန်မပြောနိုင်ခင် ထွက်သွားသည့် လင်းထိုက်ကို ဟို နှစ်ကောင်လည်း ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်ကျန်ရစ်ခဲ့၏။ လင်းထိုက်ကတော့ သူ့အတွေးနဲ့သူ ပျော်နေလေသည်။ ဆက်ထိုင် နေရင် သူပဲ လက်ဖက်ရည်ဖိုးရှင်းရဦးမည်။ ဒီနှစ်ကောင်ကို ပညာပြ သည့်အနေဖြင့် အပြန်ကို တစ်ခြားလမ်းက လှည့်ပြန်ဖို့ သူတွေး သားဖြစ်၏။ ကြည်ဖြူမိုးဆိုသည့် ချာတိတ်မလေးတိုလည်း ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုနှစ်ကောင်ကိုလည်း ပညာပေးပြီးသား ဖြစ်သွားမည်။ ခဲတစ်လုံးနှင့် ငှက်နှစ်ကောင် . . အဲ သုံးကောင်ပေ့ါလေ။ ဟိုနှစ်ကောင်က လင်းတအိုကြီးတွေ၊ တစ်ကောင်ကတော့ ငှက်မလှလှလေး။ သူ့အိုင်ဒီယာတွေကိုသာ တင်အောင်ထွေးတို့သိသွားရင် ဘယ်လောက်များ ဆဲလိုက်ကြမလဲဟုတွေးရင်း လင်းထိုက်ကြိတ်ပြုံးမိ၏။

ရှေ့က ချာတိတ်မလေး ကြည်ဖြူမိုးကတော့ သူလိုက်လာတာ သိပုံမရချေ။ အနားကပ်လာတော့မှ လင်းထိုက်သတိထားမိသည့်အချက်မှာ ကောင်မလေး၏ အရပ်ဖြစ်သည်။ အရပ်ရှည်မှန်းသိပေမယ့် ဒီလောက်ထိ တွက်မထားခဲ့မိ။ တစ်ခါမှလည်း ဂရုတစိုက်မကြည့်မိတာလည်းပါသည်။ လင်းထိုက်အရပ်နှင့် ကောင်မလေးအရပ်က အတူတူလောက် ဖြစ်နေသည်။ ဖိနပ်မြင့်မြင့်သာစီးထားလျှင် လင်းထိုက်ထက် ပိုမြင့်သွားမှာ သေချာသည်။ အနားရောက်လာသော လင်းထိုက်ကို သူမက အခုမှသတိပြုမိဟန်ဖြင့် မော့ကြည့်ပြီး လင်းထိုက်မှန်းသိတော့ မျက်နှာမှာ မသိမသာ စူပုပ်လို့သွား၏။ ဟိုတစ်နေ့က သူ့နာမည်မှားခေါ်တာကို သိပ်ကျေနပ်ပုံမရချေ။

"ကြည်ဖြူမိုး ဘယ်သွားမလို့လဲ"

"ဩော် သူငယ်ချင်းအိမ်ပါ၊ ဒီနားလေးတင်ပဲလေ"

အလှဲ့မဆိုးလှဟု သူတွေးသည်။ ဘာဆက်ပြောရင် ကောင်းမလဲဆိုတာ စဉ်းစားရင်း သူမမျက်နှာကို အနီးကပ်မြင်ရတော့မှ လင်းထိုက်ရင်ထဲ သရိုးသရီ ဖြစ်လာသည်။ ဘာကြောင့်မှန်းတော့ မသိ။ တကယ်က လင်းထိုက်ရည်ရွယ်ခဲ့သည်မှာ စဖို့နောက်ဖို့သက်သက်သာဖြစ်သော်လည်း လက်ရှိအနေအထားအရ မပေါ်ပမစချင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက သူထင်ထားသလိုမဟုတ်။ လင်းထိုက်က သူလိုက်ပြီး စကားတွေပြော ဝင်ရောလျှင် ကောင်မလေးရှက်ရွံ့ကာ အနေရခက်သလို ဖြစ်မှာပဲဟု တွေးထင်ထားမိသည်။ အခုတော့ သူ့ကိုပုံမှန်ပင် တုံ့ပြန်သည်။ ဣန္ဒြေမပျက်၊ ရှက်သလိုရွံ့သလိုလည်း မဖြစ်ပေ။ လင်းထိုက်နည်းနည်းတွန့်သလို ဖြစ်သွားသည်။ စတယ်ဆိုတာ တစ်ဘက်က အခြေအနေကြည့်ပြီးမှ စရနောက်ရတာကိုး။

"ဘာဖြစ်လို့လဲ၊ ကို . . ဟို . . ကို . . လင်းထိုက်"

ကောင်မလေးကြည့်ရတာ သူ့နာမည်ကိုပင် သေချာမှတ်မိပုံမပေါ်သဖြင့် လင်းထိုက်စိတ်နည်းနည်းလေသွားသည်။

"ကိစ္စရှိလို့လားလို့၊ ဘာပြောမလို့လဲ၊ ဩော် . . စာအုပ်လာမအပ်သေးလို့လား ဟုတ်လား၊ အဲဒါက ဖတ်မပြီးသေးလို့လေ၊ ဒီနေ့ညနေမှ လာအပ်မလို့"

သေစမ်း။ ဘာပြန်ပြောရမှန်းမသိခင် သူမကချည်း ထင်ရာတွေလျှောက်ပြောသဖြင့် လင်းထိုက်မှာ ပို၍စကားရှာမရ ဖြစ်ကုန်သည်။

"အဲ . . မဟုတ်ပါဘူး၊ ဟိုလေ ကြည်ဖြူမိုးကို မေးစရာရှိလို့ သိလား"

ဘာပြောရမှန်းမသိသဖြင့်သာ ပြောချလိုက်ရသည်။ ဘာမေးခလို့လဲဆိုတာ သူ့ဘာသာလည်း လင်းထိုက်မသိသေးချေ။ ကောင်မလေးကတော့ မျက်မှောင်လေးကြုပ်ပြီး စဉ်းစားဟန်ပြု၏။ ဟုတ်သည်းဟုတ်သည်။ သူနှင့်ကောင်မလေးအကြားမှာ တကယ်တမ်းတော့ ဘာမှမေးစရာမေးခွန်း မရှိပါ။ ပတ်သက်မှုက မရှိသလောက်ဆိုမို့ ကောင်မလေးမှာ အတွေးရခက်ဟန်ဖြင့် ပြန်မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးစရာ . . . ၊ ကိုလင်းထိုက်က ကျွန်မကို ဘာမေးစရာ ရှိလို့လဲ၊ မေးလေ"

လင်းထိုက်နဖူးမှာ ချွေးတွေသီးစပြုလာသည်။ သူကသည့် ဇာတ် သူမနိုင်ဖြစ်လာပြီး၊ ဟာ . . မထူးပါဘူးကွာဟု စိတ်ကို ဒုံးဒုံးချ ကာ မေးချလိုက်တော့၏။

"ဟို ကြည်ဖြူ့မှာ . . ဟိုဟာရှိလားဟင်"

"ဘာရယ်"

ကောင်မလေးက သူ့မေးခွန်းကြောင့် မျက်လုံးပြူးလာ၏။ သူ့ကိုလည်း မသင်္ကာသလို တစ်ချက်ကြည့်ပြီး ရုပ်ကပိုတည်သွား သည်။

"မဟုတ်ဘူးလေ၊ ဟိုဟာဆိုတာ ကြည်ဖြူ့မှာ . . ဟိုဟာပါ လားလို့ ဟဲဟဲ၊ ဟိုဥစ္စာကွာ . . ပိုက်ဆံ . . ပိုက်ဆံ . . နှစ်ထောင် လောက်ပါလားလို့၊ အဲဒါ . . ဟဲဟဲ . . မေးရမှာ . . ဟဲဟဲ . . အားနာနေတာ . . ဟဲဟဲ၊ သူငယ်ချင်းတစ်ယောက်က အကူအညီ တောင်းတော့လေ၊ အိမ်လည်း မပြန်ချင်သေးတာနဲ့ အဲဒါ ကြည်ဖြူ့ ကိုတွေ့တာနဲ့ . . ဟဲဟဲ . . ."

အခုမှ စိတ်သက်သာရသွားဟန်ဖြင့် ကောင်မလေးက သက်ပြင်းချရှာသည်။ သူ့မေးခွန်းကြီးကလည်း ဘာမှန်းမသိ ညာမှန်း မသိ။ လင်းထိုက်ကို ပြုံးကြည့်ပြီး ကောင်မလေးက ပိုက်ဆံအိတ်ကို ဖွင့်သည်။

"ဒါများ ကိုလင်းထိုက်ရယ်၊ ကိုယ့်တစ်ရပ်ကွက်တည်းသား တွေပဲ၊ ရပါတယ် ရော့ယူသွားလေ၊ နှစ်ထောင်ဆိုလောက်လား၊ ထပ် ယူဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက်က သူ့ဟာနဲ့သူ အူကြောင်ကြောင်ဖြစ်ကာ ဘာဆက်ပြောရမည်ကို တွေးမရတော့။ ကောင်မလေးလက်ထဲက တစ်ထောင်တန်နှစ်ရွက်ကို ငေါင်စင်းစင်းကြီး ဆွဲယူလိုက်သည်။

"ကဲ သွားပြီနော်၊ ဒါပဲ မဟုတ်လား၊ ယူထား ကိုလင်းထိုက်အားမနာနဲ့သိလား"

သူ့ကိုနှုတ်ဆက်ပြီး ဆက်လျှောက်သွားသော ကောင်မလေးကိုကြည့်ရင်း လင်းထိုက်ရင်ထဲမှာ တစ်ဆို့ဆို့ဖြစ်လာသည်။ သူ့ကိုယ်သူလည်း တော်တော်ဒေါသထွက်သွား၏။

ခါတိုင်းဆို ဒီပါးစပ်က ထွက်လိုက်သမျှ ပလီပလာတွေ။ မနည်းဘရိတ်အုပ်ထားရသည်။ ဒီတစ်ခါတော့ ဘာတွေပြောလို့ပြောမိမှန်းမသိဘဲ တစ်ထောင်တန်နှစ်ရွက်ကိုကိုင်လျက် လမ်းဘေးမှာ တောင့်တောင့်ကြီး ရပ်ကျန်ရစ်ခဲ့ရ၏။ ဟုတ်တိပတ္တိ ဘာမှကိုမပြောလိုက်ရပေ။ သူ့မူလရည်ရွယ်ချက်အတိုင်း ကောင်မလေးကို စဖို့နောက်ဖို့ဆိုတာ ဝေလာဝေးရော။ ငါဘာဖြစ်သွားပါလိမ့်။ လင်းထိုက်မှာ ယောင်တောင်တောင်နှင့် လက်ဖက်ရည်ဆိုင်ကို ပြန်ရောက်လာလေသည်။

သူပြန်လာတာတွေ့မှ တင်အောင်ထွေးနှင့် မြင့်ဇော်မျက်နှာတွေက ပြန်လည်ကြည်လင်လာကြသည်။ သူတို့ပိုက်ဆံမရှင်းရတော့ဘူးဆိုတာ သေချာသွားသောကြောင့် ဖြစ်၏။

"ဟေ့ကောင်၊ ဘာတွေလိုက်ပြောတာလဲကွ၊ သွက်လှချည်လား၊ ငါ့ကောင်ကြီးရ လုပ်စမ်းပါဦး အခြေအနေဘယ်လိုလဲ"

တင်အောင်ထွေးရပ်က စပ်ဖြဲဖြဲ။ လင်းထိုက်ကို သူ့ထုံးစံအတိုင်း ကောင်မလေးနောက်သို့ အီစီကလီလိုက်လုပ်တာဟု ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြပုံရ၏။

"ဩော် . . ဘာရယ်မဟုတ်ပါဘူး၊ ဟိုနေ့က သူမှာထားတဲ့ စာအုပ် ညနေကျရင်ရမယ်လို့ လိုက်ပြောတာပါကွ"

ရေနွေးငှဲ့ရင်း လင်းထိုက် ဣန္ဒြေရရပြန်ပြောတော့ မြင့်ဇော်က သေချာအကဲခတ်နေသည်။ သိပ်တော့ ယုံပုံမရချေ။

"ဟုတ်ရော ဟုတ်လို့လားကွာ"

"ဩော် . . ဟုတ်ပါတယ်ဆိုကွာ"

တင်အောင်ထွေးက ပြန်ဖို့လောဆော်၍ စားပွဲထိုးကို လှမ်းခေါ်သည်။ နောက်ဆုံးတော့ ဒီဝိုင်းကို လင်းထိုက်ပဲ ရှင်းလိုက်ပေါ့ လေ။ သူ့ခဲတစ်လုံးက ဘယ်ငှက်မှလည်း မထိပါလားဟုတွေးမိတော့ လင်းထိုက်ဝမ်းနည်းသွား၏။ အင်းပေါ့လေ လူဆိုတာ ဘယ်လိုလုပ် အမြဲလက်ဖြောင့်နေမှာလဲ . . .။ ထို့နောက် သူတို့သုံးယောက်သား "ရှုမျှော်ခင်း" လေးထဲမှ ထပြန်လာခဲ့ကြပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၄)

"လင်းထိုက်ရေ . . လင်းထိုက်"

တင်အောင်ထွေးအသံပြုကြီးကို မကြားချင်ယောင်ဆောင်လို့ မရတော့သောကြောင့် ရေချိုးခန်းထဲကနေ လင်းထိုက်လည်း ပြန်အော်ပစ်လိုက်သည်။

"လာပြီဟေ့၊ မသာလောင်းရဲ့၊ နင်းကန်အော်မနေနဲ့ကွ၊ ငါ ရေချိုးနေတာ ပြီးတော့မယ်ဟ၊ ခဏလေး"

အဝတ်အစားလဲပြီး အိမ်ရှေ့ထွက်လာတော့ မြင့်ဇော်နှင့် တင်အောင်ထွေးကို သူရနှင့် စကားတွေပြော ရယ်မောနေတာ တွေ့ လိုက်ရ၏။ ရေသိပ်မခြောက်သေးသော ဆံပင်ကို လက်ဖြင့်သပ်ရင်း မှန်ကိုတစ်ချက်ကြည့်မိသည်။ မှန်ထဲက လင်းထိုက်ကလည်း သူ့ကို ပြန်ကြည့်နေသည်။ ပြောင်ချော်ချော်လိုလို၊ မထိမဲ့မြင်လိုလို သူ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပေးတို့ အချို့က မျက်မှန်းကျိုးတာလည်း သိပ်မဆန်းလှဟု အတွေး ရှင်၏။

"ဘာလဲကွာ၊ ရေတောင် ကောင်းကောင်းမချိုးရဘူး၊ ဘာလဲ"

သူ့အမေးကို မြင့်ဇော်က ပါးစပ်နှင့် မဖြေဘဲ ခေါင်းဆတ်ပြ၏။ အမိပ္ပါယ်က သွားမယ်ပေါ့လေ။

"ငါမလိုက်တော့ဘူး၊ အန်ကယ်ထွေး ငါ့ကိုကောနေလို့ကွ၊ ဒီနေ့တော့ ဆိုင်မှာနေပေးလိုက်ဦးမယ်၊ သူရလည်း ရေလေးဘာလေး ချိုးဦးမှာပေါ့၊ အန်ကယ်ထွေးက ဒီနေ့ သူ့ဘော်ဒါတွေနဲ့ လိမ့်သွားပြီ၊ ငါ့ကို သေချာမှာသွားတာ၊ ဒီနေ့မှ ဆိုင်မှာမရှိရင် ငါနောက်နေ့ မုန့်ဖိုးတောင်းဖို့ ခက်သွားလိမ့်မယ်၊ မင်းတို့ဘာသာသွားကြတော့ကွာ နော်၊ နောက်နေ့မှ ဆုံကြတာပေါ့"

တင်အောင်ထွေးက သိပ်မကြည်သည့် လေသံဖြင့် . . .

"လိမ္မာပြနေတာပေါ့လေ၊ မသိရင်ခက်မယ် ဟော့ကောင်၊ မင်း ဟိုညီအစ်မကို မျှော်နေတာမဟုတ်လား၊ အဲဒါကြောင့် အခုတလော ဆိုင်မှာမြဲနေတာ"

မြင့်ဇော်ကလည်း ထောက်ခံတော့ သူဘာမှမပြောဘဲ ခေါင်းကဆံပင်ကိုသာ လက်ဖြင့် ခပ်ဖွဖွခါနေလိုက်သည်။ သူရကတော့ သူတို့သူငယ်ချင်းတွေကိုကြည့်ပြီး ရယ်နေ၏။ စူပွပွပြောရင်းဆိုရင်း နှစ်ယောက်သား ထွက်သွားကြတော့မှ သူရကို ရေသွားချိုးဖို့ ပြောရသည်။ ဒါမှ ဆိုင်ထဲမှာ သူတစ်ယောက်တည်း ကျန်ခဲ့မှာကိုး။

တင်အောင်ထွေးစကားကလည်း မှန်သင့်သလောက် မှန်သည်။ လင်းထိုက် ယခုတလော ညနေပိုင်းတွေ အပြင်ခပ်မထွက်ဖြစ်။ ဒီတော့ ကြည်ဖြူမိုးတို့ ညီအစ်မနှစ်ယောက်နှင့် မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ဆုံရသည်။ မကြာခဏဆိုတာလည်း တကယ်တော့ နေ့တိုင်းပါပဲ။ အခုဆို လင်းထိုက်နှင့် ညီအစ်မနှစ်ယောက်စလုံး တော်တော်လေး ခင်နေကြပြီ။

အထူးသဖြင့် ကြည်ဖြူမိုးဆိုသည့် ချာတိတ်မလေးနှင့် စကားမရှိစကားရှာ၍ လျှောက်ပြောနေရတာကို လင်းထိုက်ပျော်နေသည်။ ဟိုကောင်တွေ ပြောသလို ချက်ချင်းကြိုက်ချင်တာ ဟုတ်မဟုတ်ကိုတော့ လင်းထိုက်လည်း ကိုယ့်ကိုယ်ကို ခွဲမရသေးပေ။

တကယ်တော့ သူ့အတွက် ရည်းစားဆိုသည်မှာ တွဲလို့သာ တွဲလိုက်ရသည်။ ဘာမှန်းမသိဆိုတာမျိုး ဖြစ်နေ၏။ လင်းထိုက်က အခွင့်အရေးသမားတော့ မဟုတ်ခဲ့ပါ။ မဟုတ်တာ ဘာတစ်ခုမှ မလုပ်ခဲ့သဖြင့် သူနှင့်တွဲခဲ့သည့် မိန်းကလေးတွေက လင်းထိုက်ကို မယုံသလို ကြည့်ကြသည်။ အံ့အားသင့်သည်။ ချီးကျူးလေးစားကြသည်။ အချို့မိန်းကလေးတွေကတော့ လင်းထိုက်ကို အမနာပ ပြောကြလေသည်။ 'အခြောက်ကြီး' တဲ့။

တွေးရင်းနှင့် လင်းထိုက် ခေါင်းရမ်းလိုက်မိသည်။ ပြုံးလည်း ပြုံးမိ၏။ ဘယ်လိုပဲပြောပြော လင်းထိုက်က သူ့ဒဿနနှင့်သူသာ နေထိုင်သူ ဖြစ်လေသည်။ မိန်းမနဲ့ယောကျ်ား ချစ်ကြတဲ့အခါ အဓိက ရည်ရွယ်ချက်က ဘာပါလိမ့်။

အလုပ်မရှိ အလုပ်ရှာကာ လင်းထိုက်တစ်ယောက် ကိုယ့်ခေါင်းကိုယ် မီးနှင့်ရှို့နေမိသည်။ အန်ကယ်ထွေးကိုမေးလည်း အလကားပဲနေမှာပါလေ။ သူ့ဦးလေးက သူ့ထက်သာတာ တစ်ခုတော့ ရှိ၏။ အန်ကယ်ထွေးက အိမ်ထောင်ကျဖူးသူ၊ မုဆိုးဖိုတစ်ဦးဆိုတော့ ဒီနေရာမှာလည်း သူ့ထက်ဝါရင့်သူဆိုပြီး တစ်ခါတရံတော့ ချစ်ရှိတာ၊

www.burmeseclassic.com



အိမ်ထောင်ရေးဋီကာတွေ ဖွဲ့ဆိုခဲ့ထွင်ပြနေတတ်၏။ အန်ကယ်ထွေး အသက် ၃၀ ကျော်၊ သူ့အသက် ၁၀ နှစ်သားခန့်မှာ အန်ကယ်ထွေး ၏ဇနီး အန်တီသူဇာဆုံးသွားသည်။ အန်ကယ်ထွေး အိမ်ထောင်ထပ် မပြုတာတော့ လင်းထိုက်လေးစားမိ၏။ အန်ကယ်ထွေးသာလိုချင် လျှင် အခုလည်းရနိုင်တာပါပဲ။ အသက် ၄၀ ကျော်ဆိုတာ ငယ်ငယ် လေးပဲရှိသေးတာဟုဆိုကာ သူက တစ်ခါတရံ မြှောက်ပေးသော်လည်း အန်ကယ်ထွေးက အပြတ်ငြင်း၏။ "သူဇာကလွဲရင် ငါဘယ်မိန်းမမှ ချစ်မရတော့ဘူး" ဆိုပဲ။

ငါးနှစ်လောက်သာ ပေါင်းသင်းခဲ့ရသော်လည်း အန်ကယ် ထွေးမှာ သူ့မိန်းမကို တော်တော်စွဲလန်းပုံရသည်။ ဧည့်ခန်းထဲတွင် အန်တီသူဇာဓါတ်ပုံတွေကို ပုံကြီးချဲ့ကာ ချိတ်ထားသည်မှာ အများ ကြီး။ တစ်ခါတလေ လင်းထိုက်က သူ့ဦးလေးကို မေးခွန်းတွေနှင့် လျှောက်ကျပ်နေတတ်သည်။ အန်ကယ်ထွေးကလည်း မဖြေတတ် ဖြေတတ်နှင့် ပြန်ဖြေတာ လင်းထိုက်အတွက် အလွန်ရယ်ရလေသည်။ "အန်ကယ်ထွေး ချစ်တယ်ဆိုတာ တကယ်ရှိလား" လို့မေးတော့ သူ့ကို ဘုကြည့်ကြည့်ပြီး ပြန်ဖြေ၏။

"ချစ်တယ်ဆိုတာ တကယ်မရှိရင် မင်းလည်း ဒီလောက ရောက်မလာဘူး" တဲ့။ သူက အထွန့်ထပ်တက်ပြန်သည်။

"ဟာ အန်ကယ်ထွေးကလည်း အဲလိုမဟုတ်ဘူးလေ၊ ဟိုလိုအချစ်ကိုပြောတာလေ၊ လုံးဝ Romance ဆန်ဆန်အချစ်ကို ပြောတာ"

အန်ကယ်ထွေးက ပညာရှိကြီးတစ်ပါးလို ဟန်ပန်ဖြင့် တစ် ဟားဟားရယ်မော၏။ ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ကောင် လေင်း၊ မင်း မသေမချင်းမှတ်ထား၊ လင်မယား ဘဝမှာ ချစ်တဲ့အချစ်လောက် ဘယ်အချစ်က Romance ဆန်နိုင် သေးမယ် ထင်သလဲ၊ ဒီမှာကွ မင်းမကြားဖူးဘူးလား၊ လင်မယား ဆိုတာ အိပ်ရာတစ်ခုတည်း အတူအိပ်ရင်း တစ်ခါတရံ တစ်ယောက် လေလည်တာကို တစ်ယောက်က သည်းခံနေနိုင်တဲ့ ခွင့်လွှတ်ပေးရတဲ့ အချစ်ကွ၊ အဲဒီထက် Romance ဆန်ဦးမလား တဲ . . ."

အဲဒီတည်းက လင်းထိုက်တစ်ယောက် အန်ကယ်ထွေးနှင့် အချစ်အကြောင်းဆွေးနွေးဖို့ လုံးဝမကြိုးစားတော့ပါ။ ဘယ်နှယ့် လေလည်တာတွေရော၊ ဘာတွေရော . . . အဲဒါကိုများ Romance တဲ့။ လင်းထိုက် တွေးရင်းတွေးရင်းနှင့် သူ့အန်ကယ်ထွေး ရုပ်ကြီး ကိုပါ မြင်ယောင်ကာ ပြုံးပြုံးကြီး ဖြစ်လာ၏။

"ဘာတွေရယ်နေတာလဲ ကိုလင်းထိုက်ရဲ့"

အသံနှင့်အတူ အရိပ်လေးတစ်ခုက လင်းထိုက်ရှေ့ကို ရောက်လာ၏။ ကြည်ဖြူမိုးပါလား။ နောက်ကိုလှမ်းကြည့်တော့လည်း သူ့အစ်မကို မမြင်သဖြင့် လင်းထိုက်ပျော်သလိုလို ဖြစ်သွားသည်။

"ဒီနေ့ တစ်ယောက်တည်းပါလား ကြည်ဖြူရဲ့"

သူမလာအပ်သည့် စာအုပ်ကို စာရင်းထဲမှာ ဖျက်ဖို့ရှာရင်း စကားမရှိစကားရှာ ပြောမိသည်။ ကြည်ဖြူဆိုသော အသုံးအနှုန်းကို မရည်ရွယ်ဘဲနှင့် သုံးမိနေသော်လည်း ကာယကံရှင်ကိုယ်တိုင်က ဘာမှမပြောသဖြင့် လင်းထိုက်အဖို့ အဆင်ပြေနေသည်။ နောက်ထပ် တစ်ခုမှာ ချေးထားသော ပိုက်ဆံနှစ်ထောင်ကို သူမက လုံးဝစတား မစသောကြောင့်၊ သူလည်း မသိချင်ယောင်ဆောင်နေလိုက်၏။ လင်းထိုက်မှာ ထိုပိုက်ဆံနှင့်ပတ်သက်၍ အကြံတစ်ခုရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မမ ဒီနေ့ လိုက်မလာဘူးလေ၊ အဲဒါနဲ့ တစ်ယောက်တည်းပဲ ထွက်လာခဲ့တာ၊ Idea အသစ်ထွက်ပြီလား ကိုလင်းထိုက်"

"Idea အင်း ထွက်ပြီ ထွက်ပြီ၊ အဲဒီအပုံထဲမှာ ရှာကြည့်လိုက်၊ ကြည့်ဖြူတွေ့လား"

အမှန်တော့ Idea မဂ္ဂဇင်းအသစ်ကို အံဆွဲထဲမှာ လင်းထိုက်ထည့်ထားပြီးသားဖြစ်၏။ ချက်ချင်းတွေ့လျှင် ချက်ချင်းယူကာ ပြန်သွားမှာစိုးသောကြောင့် လင်းထိုက်က စာအုပ်ကို ထုတ်မပေးသေးဘဲ ဟိုမှာလိုလို ဒီမှာလိုလို လုပ်နေသည်။

"မတွေ့ဘူး၊ ကိုလင်းထိုက် ဒီဘက်မှာ ရှာကြည့်လိုက်ဦးမယ်"

ပါးပြင်ပေါ် ဝဲကျလာသည့် ဆံနွယ်များကို နားရွက်နောက်သို့ လက်နှင့်သပ်တင်ရင်း မျက်မှောင်လေးကုတ်၍ ပြောနေပုံလေးက လင်းထိုက်အတွက် "ရှုမငြီး" ဖြစ်နေလေသည်။ သူ့ကိုယ်သူလည်း လင်းထိုက်လန့်လာသည်။ ဟုတ်တော့မဟုတ်သေးဘူး ထင်တယ်ဟု တွေးနေမိ၏။ ဒီကောင်မလေးကို အရင်က သူ့ဘာဖြစ်လို့ သတိမထားမိသလဲ။ အခုတော့ သူ့ရင်ထဲမှာ ဘာမှန်းမသိတဲ့ နွေးထွေးမှုတစ်ခု အသက်ဝင်နေမှန်း သတိထားလိုက်မိပါသည်။

"ကိုလင်းထိုက် . . အဲတော့"

အသံက တစ်ဝက်တစ်ပျက်မှာ ရပ်သွားသည်။ ပါးပြင်ပေါ်မှာ နှင်းဆီခင်းတွေနှင့် သူမလေး ခေါင်းကိုင့်ကာ စာအုပ်တစ်အုပ်ကို အယောင်ယောင် အမှားမှားနှင့် လှမ်းပေးသည်။ ဒီတော့မှ လင်းထိုက်လည်း ရှက်သလိုလိုဖြစ်သွားပြီး ကိုယ့်မျက်လုံးကို အပြစ်တင်မိ၏။ သူမက တစ်ခုခုပြောဖို့ လှည့်ကြည့်တော့ လင်းထိုက်မျက်လုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိသွားပုံပေါ်သည်။ အပျိုစင်လေးရဲ့ ရှက်ရွံ့မှုက လင်းထိုက်အာခေါင်တွေကို ခြောက်သွေ့သွားစေသည်။ သူမလှမ်းပေးတဲ့ စာအုပ်ကိုကြည့်တော့ လင်းထိုက် အနည်းငယ် ရယ်ချင်သွားသော်လည်း ရှက်သွားမည်စိုးသဖြင့် အသံကိုထိန်း၍ ပြောရ၏။

"ကြည်ဖြူ အဲဒါ အခုမှ ပြန်အပ်တဲ့စာအုပ်လေ"

"ဟာ . . ကိုလင်းထိုက်ကလည်း မြန်မြန်မှတ်လိုက်တာ မဟုတ်ဘူး၊ အရမ်းပဲ"

ညနေ့နေရောင်များက ဆိုင်ခန်းလေးထဲ ဦးညွတ်ကျလာခဲ့သည်။ သူမ၏ ဆံနွယ်ပေါ်မှာ အရောင်အဝါအသစ်တစ်ခုပမာ လင်းဝေလျှက်။ လမ်းပေါ်မှာ လူသူကင်းမဲ့ဆဲ။ အသက်ရှူသံတွေ လွှဲမှားနေတာကို သူတို့နှစ်ယောက်စလုံး ရိပ်မိခဲ့ကြသော ညနေခင်း . .။ ဝက်ပါထဲက ထွက်လာခါစ လိပ်ပြာလေးနှစ်ကောင် . .။

သူမကို သနားပြီး အားလည်းနာလာသဖြင့် လင်းထိုက်က အံဆွဲကိုဆွဲဖွင့်ပြီး Idea မဂ္ဂဇင်းကို အခုမှတွေ့လိုက်သလို ညာရလေသည်။

"ဟာ . . ဟိုကောင်သူရ ဖတ်ပြီး အံဆွဲထဲထည့်ခဲ့တယ် ထင်တယ်၊ ယူသွားမယ်မှုလား၊ Idea မဂ္ဂဇင်းအသစ်လေ"

သူမက ရှက်ဝဲဝဲဖြင့် ခေါင်းကိုသာညိတ်သည်။ ဆိုင်ခန်းထဲမှာ နှစ်ယောက်တည်းဆိုသည့်အသိက အခုမှဝင်လာသဖြင့် လင်းထိုက်ခပ်သွက်သွက်လေး ရေးမှတ်ပေးလိုက်သည်။

"ရပြီ ကြည်ဖြူ ယူသွားလေ"

ဘာတစ်ခွန်းမှ ပြန်မပြောဘဲ စာအုပ်ကိုယူ၍သွားသည့် သူမကျောပြင်ပေါ်တွင် လင်းထိုက်၏ သက်ပြင်းတွေ တပ်ပါသွား



www.burmeseclassic.com

www.burmeseclassic.com


လေသည်။ ရွှေရောင်ခြေလှမ်းတွေနှင့် သူမက ဘယ်လမ်းအတိုင်း ပြန်မည်မသိ။ လင်းထိုက်အဖို့တော့ မှော်ရုံတောထဲမှာ ကျန်ရစ်ခဲ့ရ သလို . . .။ ပြိုကျလာသော နေရောင်တွေထဲမှာ ပုန်းရန့်တွေက ဝဲလွင့်လို့ နေလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

(၅)

"ငါထင်သားပဲ၊ ဒီစကားမျိုး ဘယ်တော့ကြားရမလဲဆိုတာ ငါနဲ့ဒီကောင် လောင်းကြေးတောင် ထပ်ဦးမလို့"

တင်အောင်ထွေးက မြင့်ဇော်ဘက်ကို မေးဆတ်ပြရင်း မဲ့မဲ့ကြီးပြုံးလျှက် ဆရာကြီးလေသံဖြင့် ပြော၏။ လင်းထိုက်ဘာမှပြန်မပြောသေးဘဲ မပွင့်တပွင့်ပြုံးကာ လမ်းမကို ငေးနေမိသည်။ စားပွဲထိုးလေးတွေ အော်သံက စူးစူးရှရှမြည်လာသည်။ လက်ဖက်ရည်ခွက်ကို ကိုင်ထားရင်း မြင့်ဇော်က သူ့ကိုထပ်ကျပ်ပြန်သည်။

"အဲဒါဆို ဒီဝိုင်းကို မင်းရှင်းလိုက်တော့၊ အထိမ်းအမှတ်ပေါ့ကွာ"

လင်းထိုက် ခပ်တိုးတိုးဆဲ၏။

"မင်းတို့ ဘယ်တုန်းကရော ရှင်းလို့လဲ၊ ငါပဲရှင်းနေရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အထိမ်းအမှတ်တွေ ဘာတွေ လာလုပ်မနေနဲ့"

နှစ်ကောင်သား တိုင်ပင်ထားသလို တဟဲဟဲ ရယ်ကြပြန်သည်။ နံနက်ခင်းလေးသည် ခါတိုင်းထက် သိမ်မွေ့နေသည်ဟု လင်းထိုက်ခံစားမိသည်။ ရေတမာပင်တွေ၏ အစိမ်းရောင်များ။ သွားလာပြုံးရွှင်နေသော လူများနှင့် အလင်းရောင်ပူပူနွေးနွေး။

"ဟာ ဟော့ကောင်၊ ဟိုမှာ လာပြီ လာပြီ၊ မင်းချာတိတ်မလေး"

မြင့်ဇော် အလန့်တကြားထအော်သည်။ ဘေးဝိုင်းက လူအချို့က သူတို့ဝိုင်းဆီကို အကဲခတ်သလို လှမ်းကြည့်တာ လင်းထိုက်သတိထားမိလိုက်သည်။

"ခွီးမှပဲ၊ တိုးတိုးသက်သာ ပြောပါဟ၊ သူနဲ့ငါနဲ့ ဘာမှလည်း ဖြစ်သေးတာ မဟုတ်ဘူး၊ တော်ကြာ သူများတွေ တစ်မျိုးထင်ကုန်ရင် ငါ့ဘက်က အကြောင်းမဟုတ်ဘူးထား၊ သူ့အတွက် မကောင်းဘူးကွ"

လင်းထိုက်က ခပ်တိုးတိုး သတိပေးတော့မှ မြင့်ဇော်ငြိမ်သွားသည်။ တင်အောင်ထွေးက "မင်းလိုက်မသွားတော့ဘူးလား၊ သွားလေကွာ" ဟု ခပ်အုပ်အုပ်ပြော၏။

လင်းထိုက် ခေါင်းသာခါပြသည်။ အကြည့်တွေကတော့ သူမဆီမှာ။ ရွှေရောင်လူမလေးဆီမှာ။ သူ့ရင်တွေလည်း ဆန်းပြားစွာ ခုန်နေခဲ့ပြီ။

"ငါ အခုဖြစ်နေတာက တစ်မျိုးကွ၊ သူနဲ့ပတ်သက်ပြီး အရင်လို ရည်းစားဘဝတွေ ဘာတွေအထိ တွေးနေတာမျိုးလည်း မဟုတ်ဘူး၊ ငါ့အတွက်က သူ့ကိုမြင်နေရရုံအဆင့်လေးမှာကို ပျော်ရွှင်နေတာ၊ အရမ်းကျေနပ်နေမိတာပဲ၊ ဒါပဲကွ၊ စောစောက မင်းတို့ကို ပြောပြသလိုပဲလေကွာ၊ အဲဒါ အချစ်ဆိုလည်း အချစ်ပေါ့၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ အရင်တုန်းကလို မင်းတို့သိတဲ့အတိုင်း ငါ့အဲလိုတွေ တခုတ်တရ ဘယ်တုန်းက ပြောခဲ့ဖူးလို့လဲ"

လင်းထိုက်အသံက တကယ်လေးနက်နေသည့်ပုံမို့ မြင့်ဇော်တို့နှစ်ယောက်လည်း မျက်နှာပိုးသတ်ထားကြသည်။ တင်အောင်ထွေးက စီးကရက်တစ်လိပ်ကို မီးညှိသည်။

ဒီနေ့ ကြည်ဖြူမိုး ကျောင်းသွားမယ်ဆိုတာ သိပေမယ့် လိုက်သွားဖို့ကိုကျ လင်းထိုက်စိတ်ကူး၍ မရပြန်ပေ။ လှမ်းငေးရုံသာ ငေးရင်း သူမ၏ပုံရိပ်လေးကို စိတ်ကူးနှင့် ဖွဲ့နွဲ့နေခဲ့မိ၏။ ဘယ်သူ့ကိုမှ မကြည့်ဘဲ ခါးလေးမတ်လျှက် တည်ငြိမ်စွာ လမ်းလျှောက်လာသော သူမ၏တင့်တယ်မှုကို ဆိုင်ထဲရှိ အချို့လူငယ်တွေက ကြည့်ရှုအားပေးနေကြတာ လင်းထိုက်အသိဆုံး။ သူ့စိတ်ထဲမှာ ခါးသက်သက်ဖြစ်နေသည်။ သဝန်တိုသလိုလို၊ မခံနိုင်သလိုလို သူ့စိတ်ကိုသူ အထိတ်တလန့် သတိပြုမိသည်။

ငါနဲ့ဘာဆိုင်လို့လဲဟု ဖြေတွေးသော်လည်းမရ။ ဖြစ်နိုင်ရင် သူမကို ကိုယ်ပျောက်နေစေချင်သည်။ ကိုယ်ပျောက်သူကို မြင်ရတဲ့ဆေးက သူ့ဆီမှာပဲ ရှိနေပေါ့လေ။ ကလေးကလားဆန်ဆန် ပေါတောတောတွေ တွေးနေမိသဖြင့် လင်းထိုက် သူ့ကိုယ်သူ အထင်သေးမိသလို ဖြစ်လာသည်။

"အဲဒါဆို မင်း မလိုက်ဘူးပေါ့၊ မင်းမလိုက်ရင် ငါလိုက်မယ်"

အခုပင် ထလိုက်တော့မည့်ဟန်ပြင်သည့် တင်အောင်ထွေး အမူအရာကြောင့် သူ ထိတ်ကနဲဖြစ်သွားသော်လည်း မြင့်ဇော်နှင့်အတူ ဟန်မပျက်လိုက်ရယ်နေမိသည်။

တစ်ပြိုင်နက်တည်းမှာ လင်းထိုက်တစ်စုံတစ်ခုကို တွေးမိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စိတ်တွေ လေးလံလာ၏။ ဒီကောင်တွေက နောက်တာ။ အခြား အတည်လိုက်တဲ့ ကောင်တွေလည်း ရှိမှာပဲ။ အခုတောင် သူမမှာ ရည်းစားရှိချင်ရှိနေနိုင်သည်။ လင်းထိုက်အတွေးတွေ ရှုပ်ပွကုန်သည်။

ငယ်သည်ဆိုသော်လည်း သူမလေးက တက္ကသိုလ်ကျောင်းသူ ဖြစ်နေပြီ မဟုတ်လား။ ဘတ်စ်ကားတစ်စင်းပေါ် သူမတက်သွား တော့ လင်းထိုက်စိတ်ထဲမှာ ကွက်လပ်တစ်ခု ဖြစ်ကျန်ရစ်၏။ နေရောင် က စူးလွန်းနေပြီး ကားသံတွေ ဆူလွန်းလှသည်။ အတွေးတွေက ဆင့်ကဲဆင့်ကဲ ပြိုကွဲရိုက်ခတ်ဆဲ၊ လှိုင်းတွေလိုပဲ။ အင်း . . လှိုင်း တွေပါပဲလေ။

“စကားမစပ်၊ လင်းထိုက် ပော့ကောင်၊ မင်းအန်ကယ်ထွေး လည်း ညနေတိုင်း အပြင်ကို လိမ့်လှချည်လား၊ မင်းအပြင်မထွက် တာက ထားပါ၊ မင်းကိစ္စနဲ့မင်းမို့လို့ ကြောင်ပြီး အိမ်တွင်းအောင်း နေတာမှန်း သိပါတယ်၊ ခါတိုင်းလည်း အန်ကယ်ထွေးရှိရှိ၊ မရှိရှိ မင်းလျှောက်သွားလာနေတာပါ၊ ဒါပေမယ့် အန်ကယ်ထွေးလည်း ထူးဆန်းနေတယ်နော်၊ ခါတိုင်းဆို အဲဒီလောက် အပြင်မထွက်ဘူး လားလို့ . . .”

မြင့်ဇော်စကားကြောင့် လင်းထိုက်အတွေးစများ ပြတ်သွား သည်။ သူပြောမှပဲ အန်ကယ်ထွေးအကြောင်း တွေးမိတော့သည်။ ဟုတ်တော့လည်း ဟုတ်သားပဲ။ အခုတလော အန်ကယ်ထွေးတစ် ယောက် ညနေဆိုတာနှင့် အပြင်ထွက်ပြီ။ သူ့ကိုပြောသွားတဲ့အခါ လည်း ပြောသွားသည်။ တချို့ရက်တွေကျ သူ့ရကိုသာ အပြင်သွား မလို့ဟုမှာကာ ဘယ်သွားမှန်းမသိ ပျောက်သွားတတ်၏။

“အေးကွာ၊ ဘယ်တွေသွားမှန်းလဲ မသိဘူး၊ ငါ့ကို ပညာပြမှ



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတာ ဖြစ်မှာပေါ့ကွာ"

တင်အောင်ထွေးက မျက်စေ့လေးမှေး၍ ပြုံးနေသည်။ မြင့်ဇော်ကတော့ ရုပ်တည်ကြီးဖြင့် ဆက်ပြော၏။

"ကြည့်လည်းလုပ်ဦး ဟော့ကောင်၊ မင်းဦးလေးတော့ ပြန်လည် နုပျိုလန်းဆန်းခြင်းလား မသိဘူး၊ မင်းအိမ်ထောင်မကျခင် သူမိန်းမ ထပ်ရနေဦးမယ်"

လင်းထိုက်ပြုံးပြီး ရေနွေးငှဲ့သည်။ စီးကရက်မီးခိုးတွေကို လက်ဖြင့်ပုတ်ထုတ်ရင်း အပြုံးမပျက် ပြန်ပြောသည်။

"ယူယူလေ၊ ဘာဖြစ်လို့လဲ၊ ငါ့အန်ကယ်ထွေးက အလတ် ကြီး ရှိသေးတာပဲဥစ္စာ၊ မင်းတို့ပြောသလို ဟုတ်ချင်ရင်လည်း ဟုတ် နေမှာပေါ့"

ပြောလက်စ စကားဆုံးတော့ စားပွဲထိုးလေးကို လှမ်းခေါ် ရင်း ပိုက်ဆံရှင်းကာ ထိုင်ရာမှထလိုက်ပါသည်။ မြင့်ဇော်က နာရီကို ကြည့်၏။

"ပြန်တော့မလို့လားကွ၊ အစောကြီးရှိသေးတယ်"

"အေးလေ ငါတို့လည်း အလုပ်ရှိတာပဲ၊ ခဏနေရင် အတူ ထသွားမယ့်ဟာကိုများ"

တင်အောင်ထွေးကလည်း သူ့ကို မကျေမနပ်နှင့် ဝင်ပြော ၏။

"ငါ့အရိပ်လေးရဲ့ ပုံစံလေးတွေ မြင်ယောင်ပြီး အိမ်မှာဖီးလ် တက်လိုက်ဦးမယ်ကွာ"

လင်းထိုက်က ပြောပြီးလှည့်ထွက်လာတော့ နောက်ကနေ ဆဲဆိုရင်း မြင့်ဇော်တို့နှစ်ယောက်သား ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်ပေါ်လေး"

"ရှုးပါ့ကွာ၊ သူငယ်နှပ်စားအထာတွေနဲ့"

လင်းထိုက်ကတော့ ခပ်တည်တည်နှင့် ပြန်လှည့်မကြည့်ဘဲ ဆက်လျှောက်လာခဲ့သည်။ အိမ်နားရောက်ခါနီးတော့ လမ်းမှာ ရွှေစင်မိုးနှင့်ဆုံရ၏။ ယခုတလော ရွှေစင်မိုးဆိုင်ကို သိပ်မလာဖြစ်တာ သတိရသည်။ သူ့အတွက်ကတော့ အဆင်ပြေတာပေါ့လေ။

"ရွှေစင်ပါလား၊ ဘယ်လဲ၊ ဆိုင်တောင် မလာတာကြာပြီနော်"

"ဩော် . . အင် . . ဟုတ်ကဲ့၊ မအားလို့ပါ ကိုလင်းထိုက်၊ သွားမယ်နော်"

စကားကိုဖြတ်ပြီး ဆက်လျှောက်သွားသော ရွှေစင်မိုးအမူအယာက ထူးဆန်းနေသည်ဟု လင်းထိုက်တွေးလိုက်မိသည်။ ခါတိုင်းဆို အခုလို ဝတ်ကျေတမ်းကျေမဟုတ်ဘဲ ဖော်ဖော်ရွေရွေ နှုတ်ဆက်တတ်သူ ရွှေစင်မိုးသည် သူ့ကိုမြင်တော့ မျက်နှာကတစ်မျိုး ဖြစ်နေ၏။

ဘာသဘောပါလိမ့်။ လင်းထိုက်လည်း အူကြောင်ကြောင်ဖြစ်သွားသည်။ သူနဲ့ကြည်ဖြူမိုးတို့ကြောင့် ဆိုရအောင်လည်း တကယ်တမ်းကျ သူတို့က ဘာမှဖြစ်သေးတာမဟုတ် . . .။

အိမ်ထဲအဝင်မှာ သူရက လှမ်းနှုတ်ဆက်သည်။ အန်ကယ်ထွေးကတော့ အိမ်ထဲတွင် တစ်ခုခုလုပ်နေပုံရသည်။ ဆိုင်မှာ သူရတစ်ယောက်တည်းရှိ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၆)

ဧည့်ခန်းထဲမှာ ငွေငွေကြီးထိုင်နေသော အန်ကယ်ထွေးကို မြင်လိုက်တော့ လင်းထိုက်ပြုံးဖြဲဖြဲဖြင့် ဝင်ထိုင်သည်။ မပြုံးလို့လည်း မဖြစ်၊ သူ့မှာ သုံးစရာပိုက်ဆံက ပြတ်နေပြီဖြစ်၏။ အန်ကယ်ထွေးကတော့ မတုန်မလှုပ်။ သူ့ကိုလည်း မကြည့်ဘဲ မျက်နှာချင်းဆိုင်နံရံကိုသာ မျက်တောင်မခတ်ဘဲ ကြည့်နေလေသည်။

"အန်ကယ်ထွေး"

သူခေါ်တာကို လှည့်မကြည့်၊ ပြန်လည်းမဖြေ။ ခေါင်းသာ ဆတ်ပြသည်။

"ဘာလဲ၊ အန်တီသူဇာကို လွမ်းနေတာလား ဟဲဟဲ၊ ဓါတ်ပုံလေးတွေကြည့်ပြီး အလွမ်းဖြေနေတယ်ပေါ့လေ"

သူ့စကားကြောင့် အန်ကယ်ထွေး မျက်စေ့မျက်နှာ...သွား



www.burmeseclassic.com

www.burmeseclassic.com



တာ လင်းထိုက်မြင်လိုက်၏။ သူ့ကိုရှုတည်တည်ဖြင့် လှည့်ကြည့်ပြီး ဘာမှမဖြစ်သလို ရုပ်ကိုပြန်ပြင်သည်။ ချောင်းတစ်ချက်ဟန့်ပြီးမှ -

"ဟော့ကောင် အပိုတွေ လာပြောမနေနဲ့၊ မင်းပိုက်ဆံအိတ် ထဲမှာ တစ်ပြားမှမရှိတော့ဘူး မဟုတ်လား၊ ငါသိတယ်၊ မင်းအခန်း ထဲက စားပွဲပေါ်မှာ ငါအသင့်တင်ထားပြီးသား၊ အဲဒါ တစ်ပတ်စာ နော် လင်းထိုက်၊ ထပ်မတောင်းနဲ့ ဒါပဲ"

ဒီလောက်ပြောရုံနှင့် လင်းထိုက်အပြုံးမပျက်။ သူ့ဦးလေးကို တဟဲဟဲဖြင့် သွားတွေဖြီးပြနေ၏။

"ဟုတ်လား၊ ဟီးဟီး အားနာလိုက်တာ အန်ကယ်ထွေးရာ၊ အန်ကယ်ထွေးက ကျွန်တော့်ကို တကယ်ချစ်တယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဟဲဟဲ . . . ဟဲဟဲ၊ မတောင်းဘူး စိတ်ချ၊ ကျွန်တော် လောက်အောင်သုံးမယ် ဟီးဟီး"

သူလိုချင်တာရပြီမို့ လင်းထိုက် အချိန်မဖြုန်းတော့။ သူ့ အခန်းထဲ အမြန်ပြေးဝင်သွား၏။ အန်ကယ်ထွေးကတော့ ဧည့်ခန်း ထဲမှာ ငူငူကြီး ကျန်ရစ်ခဲ့ပါ၏။

လင်းထိုက်အဝတ်အစားလဲပြီး ပြန်ထွက်လာသည့်အထိ အန်ကယ်ထွေးက ဒီပုံစံကြီးအတိုင်း ထိုင်နေသည်။ ဧကန္တ အန်ကယ် ထွေးတစ်ယောက် စိတ်ညစ်စရာတစ်ခုခု ရှိနေမှန်းကို သူအတပ်သိ လိုက်သည်။ သူ့ကိုပင် သိပ်မဆူအားလောက်အောင် အခုတလော အန်ကယ်ထွေးမှာ အလုပ်တွေ ရှုပ်နေသည်။ သူ့ဦးလေးက တစ်ခါ တရံ သူငယ်ချင်းတွေနှင့် ပွဲစားတွေ၊ ဘာတွေလည်း လုပ်တတ်သော ကြောင့် အလုပ်ကိစ္စရှုပ်နေတာပဲဖြစ်မှာဟု တွေးလိုက်သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



တင်အောင်ထွေးနှင့် မြင့်ဇော်တို့နှစ်ယောက်သည် သူ့ကို ဝင်နှုတ်ဆက်ပြီး သွားနေကျအရပ်ဆီ ချီတက်သွားကြပြီ ဖြစ်လေသည်။ သူရက သူရှိနေတာမို့ အိမ်ထဲမှာ ရေမိုးချိုးနေ၏။ အန်ကယ်ထွေးကလည်း ပြောစမှတ်ပြုရလောက်အောင် ထူးဆန်းစွာ ညနေတိုင်းလိုလို ပျောက်ချက်သားကောင်းနေခဲ့သည်။ ဘယ်ထွက်ထွက်သွားမှန်းကို မသိ။

သို့သော် လင်းထိုက်အတွက် ကိစ္စမရှိပါ။ လက်ရှိအနေအထားမှာတော့ ဘယ်သူမှ မရှိလေကောင်းလေ မဟုတ်ပါလား။

သူမလာနေကျ လမ်းလေးမှာ နေရောင်နှင့်သစ်ရွက်တို့ လိုက်တမ်းပြေးတမ်း ကစားနေကြသည်။ လင်းထိုက် သူမအလာကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေမိ၏။

နေ့လည်တုန်းက သူမြို့ထဲသွား၍ ကြည်ဖြူအားပေးရန် ရည်စူးကာ ဝယ်လာခဲ့သော ချစ်စရာဖန်စီပိုက်ဆံအိတ်လေးကို ထုတ်ကြည့်ရင်း၊ ဘယ်လိုပြောပြီး ပေးရမလဲဆိုတာ အကြံထုတ်နေရသည်။ သူချေးထားသော ပိုက်ဆံနှစ်ထောင်ကိုလည်း အိတ်လေးထဲမှာထည့်ထား၏။ ကြည်ဖြူ့ဆီက ပိုက်ဆံတစ်ထောင်တန်နှစ်ရွက်ကိုတော့ သုံးမပစ်ဘဲ သူသိမ်းထားပါသည်။ နွေညတစ်ခုလိုပင် လင်းထိုက်စိတ်ကူးတွေ နွေးပူနေဆဲ။

သိပ်မကြာခင် လေညင်းနှင့်အတူ ထိုသူမရောက်လာလေသည်။ ဒီတစ်ခါတော့ သူမက ဆံပင်တွေကို အပြောင်သိမ်းပြီး ပိုနီတေးလ်ပုံစံ စုစည်းပြီးထားသောကြောင့် ရိုးရှင်းစွာ လှနေပြန်သည်။

သူ့အကြံနှင့်သူမို့ လင်းထိုက်မှာ ထိုင်ရမလို၊ ထရမလို ဖြစ်နေသည်။ ကြည်ဖြူကတော့ ဘာမှသတိမပြုမိသလို အေးအေးဆေးဆေးပင်



www.burmeseclassic.com

www.burmeseclassic.com


စာအုပ်တွေ ရွေးနေ၏။

"ဒါယူမယ် ကိုလင်းထိုက်၊ မှတ်ပေးဦး"

"ဩော် . . အင်း အင်း"

အယောင်ယောင် အမှားမှားဖြင့် လင်းထိုက်လှမ်းယူလိုက်သည်။

"ကြည်ဖြူ"

သူမက စာရင်းမှတ်ပြီးသွားသည့် စာအုပ်ကို ကောက်ယူပြီး ပြန်တော့မည်အလုပ် လင်းထိုက်ခေါ်သံကြောင့် ပြန်လှည့်ကြည့်သည်။ သူမမျက်နှာက သိမ်မွေ့အေးချမ်းလွန်းနေသည်။

"ရှင် ကိုလင်းထိုက်၊ ဘာများပါလိမ့်"

"ဟိုတစ်ခါလေ ကျွန်တော် ကြည်ဖြူဆီက ချေးထားတဲ့ ပိုက်ဆံပြန်ပေးမလို့ပါ၊ မေ့နေတာ ကြည်ဖြူရဲ့၊ ခဏနော်"

လင်းထိုက်အံဆွဲကိုဖွင့်ရင်း အသံမတုန်အောင် ထိန်းပြောသည်။ ဩော် . . သူမနှင့်ကျမှ ငါ့မှာ တုန်တုန်ရီရီ ခြောက်ခြောက်ခြားခြား . . . ။ လင်းထိုက်အဖို့ အချစ်ဆိုတာ တုန်လှုပ်မှုတွေ ပါဝင်နေလေသည်။

"ဘာများလဲလို့ ကိုလင်းထိုက်ရယ်၊ ရပါတယ်၊ ဟင် . . . အဲဒါက ဘာလဲ"

လင်းထိုက်လက်ထဲမှ အိတ်လေးကိုကြည့်ပြီး သူမက နားမလည်စွာမေးသည်။

"ဩော် . . အဲဒါက သင်္ဘောသားသူငယ်ချင်းတစ်ယောက် လက်ဆောင်ပေးတာလေ ကြည်ဖြူရဲ့၊ မိန်းမကိုင်အိတ်လေးဆိုတော့ ကျွန်တော်လည်း ထပ်လက်ဆောင်ပေးဖို့ စဉ်းစားတာ၊ အခု ကြည်ဖြူ


www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံပြန်ပေးဖို့ လုပ်ရင်းနဲ့မှ ကြည်ဖြူကိုပေးချင်လို့ အဲဒါ ကြည်ဖြူ ယူလိုက်နော်၊ ဟိုကောင်က ကျွန်တော့်မှာ ညီမတွေ၊ အစ်မတွေ ဘာတွေရှိရင် ပေးလို့ရအောင်ဆိုပြီး ပေးတာလေ၊ ရှိမှမရှိတာ၊ ကြည်ဖြူ ကိုပဲ ညီမလေးလို သဘောထားပြီး ပေးလိုက်တာပါ၊ ဘာရယ် မဟုတ်ဘူး သိလား"

သူ့မုသားကို သူမက လက်ခံနိုင်ဖွယ်ရာ ရှိပုံပေါ်သဖြင့် လင်းထိုက် စိတ်သက်သာရာရသွား၏။ ကြည်ဖြူက ပထမတော့ ငြင်းဖို့ဟန်ပြင်နေသေးသည်။ နောက်မှ ဘာစိတ်ကူးပြောင်းသွားသည် မသိ။ ပြုံးရွှင်စွာပင် လင်းထိုက်ကို ကျေးဇူးတင်စကားဆိုသည်။

"အဲဒါဆို Thank you နော် ကိုလင်းထိုက်၊ အိတ်လေးက ချစ်စရာလေး၊ ကြည်ဖြူသဘောကျပါတယ်၊ သွားမယ်နော်၊ အိမ်က မျှော်နေမှာစိုးလို့"

အိတ်လေးကိုကိုင်လျှက် ပြန်ထွက်သွားသည်။ သူမကိုငေးရင်း လင်းထိုက်ပီတိတွေ ဖြစ်နေသည်။ လေထဲကို လက်သီးနှင့်ထိုးခွင်း၍ ကြုံးဝါးလိုက်သေး၏။ ဆိုင်ထဲဝင်လာသော သူရက သူ့ကိုကြည့်ပြီး အူတိအူကြောင် ဖြစ်နေသည်။ ကြည်ဖြူကို မမြင်လိုက်သဖြင့် သူရ စိတ်မှာ လင်းထိုက်တစ်ယောက်ထဲ ဘာတွေလုပ်နေပါလိမ့်ဟု အဖြေ ရှာနေပုံရသည်။ လင်းထိုက်ကတော့ ဘာမှသတိမထားမိတော့သည့် ပုံ။ မြိန့်မြိန့်ကြီးပြုံးကာ ကုလားထိုင်ပေါ်မှာ ဖရိုဖရဲ ထိုင်နေလေသည်။ ငါ့ညနေများကို သူမကိုယ်ထင်ပြခဲ့ပုံဟာ ဝန်းပွင့်ဆန်လွန်းရဲ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၇)

ကမ္ဘာကြီးသည် ကြော်ငြာများ၊ ရောဂါဗိုင်းရပ်စ်များ၊ လက်နက်ကုန်သည်များ၊ အပေါစားအချစ်ဝတ္ထုများ၊ ကွန်ဒုံးများ၊ သံအမတ်များကို ထမ်းပိုးလျှက် စောင်းရွဲ့စွာ လည်ပတ်နေဆဲ . . ။ နွေနံနက်ခင်း များသည်လည်း သီချင်းဆိုသော ငှက်ကလေးများနှင့် ချစ်စဖွယ်ကောင်းနေဆဲ . . . ။ လင်းထိုက်သည်လည်း ဆန်းပြားစရာတွေကုန်သွားသည့် ကမ္ဘာကြီးပေါ်တွင် မထူးခြားသော နေထိုင်မှုဖြင့် သူမကို ငေးမောနေဆဲ ဖြစ်ပါသည်။ သို့ရာတွင် . . .

အတော်လေးကို ထူးဆန်းသည့်ကိစ္စများ ဤနေ့ရက်တော အတောအတွင်း ဆက်တိုက်ဖြစ်ပွားခဲ့လေသည်။

နံပါတ် (၁) စကားနည်းသည်ဟုထင်ရသော သူ၏ သူမလေးကြည်ဖြူနှင့် ရင်းနှီးကျွမ်းဝင်စွာ စကားလုံးပေါင်းများစွာ ပြောဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြခြင်း။

နံပါတ် (၂) သတိထားမိသလောက် သူမ၏အစ်မဖြစ်သူ ရွှေစင်မိုးတစ်ယောက် လုံးဝနီးပါး သူတို့ဆိုင်ကို ရောက်မလာတော့ခြင်းနှင့်

နံပါတ် (၃) မှာ အန်ကယ်ထွေးတစ်ယောက် ညနေပေါင်းများစွာ ပျောက်ဆုံးခဲ့ခြင်း တို့ဖြစ်ပါသည်။

အချက်နံပါတ် (၁) အရ လင်းထိုက်အတွက် အလွန်ပြည့်စုံနေခဲ့၏။ ညနေတိုင်းသည် သူ့အတွက် ပိုမိုတောက်စားလင်းလက်ပေးနေသလိုပင်။

ကြည်ဖြူနှင့်သူ စကားစမြည်ပြောကြသည်။ ရယ်ကြမောကြသည်။ အခုဆို ကြည်ဖြူလည်း သူ့ကို သိပ်မစိမ်းတော့ပေ။ ရွှေစင်မိုးလို နောက်ပြောင်ရယ်မောကာ သူ့ကိုခင်ခင်မင်မင် ဆက်ဆံလာသည်။

"ကိုလင်းထိုက်ကို ကြည်ဖြူမေးစရာရှိလို့သိလား၊ စိတ်မဆိုးရဘူးနော်"

လင်းထိုက်က ကြည်ဖြူဟုခေါ်သဖြင့် သူမလည်း ကိုယ့်ကိုယ်ကို ကြည်ဖြူဟူသော နာမ်စားကိုသာ သုံးစွဲလိုက်၏။ လင်းထိုက်မှာ ခေါင်းညိတ်ပြရင်း သူမဘာမေးမလဲဆိုတာကို စိတ်ဝင်တစား နားစွင့်နေမိလေသည်။

"မေးလေ ကြည်ဖြူရဲ့၊ ထူးထူးဆန်းဆန်း ဘာတွေများသိချင်လို့လဲ"

ဖြောင့်စင်းသည့် ဆံနွယ်တို့ကို သပ်တင်ရင်း သူမအားရပါးရ ပြုံးလိုက်ပုံက လင်းထိုက်အတွက် နှစ်ချို့ဝိုင်တစ်ခွက်မှာ မက်မောစရာကောင်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ဖြူခင်လို့မေးတာနော်၊ ဘယ်လိုမှ သဘောမထားနဲ့"

မျက်ဆန်နက်လေး ထောင့်ကပ်ပြီး ပြောလာသော ကြည်ဖြူကို လင်းထိုက်စိတ်ထဲမှ ငါ့ကိုသတ်သွားတောင် ရယ်နေမှာပါ ချာတိတ်မလေးရယ်ဟု ပြန်ပြောနေမိ၏။

"ပထမဦးဆုံး သေနတ်သံကို ကြားကတည်းက

လက်နက်ချဖို့ ဆုံးဖြတ်ခဲ့တဲ့ကောင်ပါ" ဆိုတဲ့ ပိုင်စိုးဝေရဲ့ ကဗျာတစ်ပုဒ်ထဲကလိုပေါ့။

"ကဲပါ ကြည်ဖြူရယ် မေးပါ၊ မေးမှာသာ မေးစမ်းပါ၊ ဖြေမယ့်သူက ဖြေချင်လွန်းလို့ စောင့်နေရတာ စိတ်မရှည်တော့ဘူး"

လင်းထိုက်အပြောကြောင့် ကြည်ဖြူကတော့ သဘောကျစွာ မျက်လုံးလေးတွေ ပိတ်မတတ်ရယ်သည်။ ရယ်လို့အားရသွားတော့မှ-

"အဲဒါဆိုမေးမယ်၊ ကိုလင်းထိုက်က အရင်တုန်းက ရည်းစားတွေ အများကြီးပဲဆို"

"ဟုတ်တယ်လေ"

ခပ်ပေါ့ပေါ့ အမူအယာဖြင့် ချက်ချင်းဖြေလိုက်သော လင်းထိုက်ကို ကြည်ဖြူ အနည်းငယ် အံ့အားသင့်သွားပုံပေါ်သည်။ လင်းထိုက်က တစ်ချက်ရယ်လိုက်ပြီး အမှတ်မထင်ပုံစံမျိုးနှင့် သူမကို မေးခွန်းပြန်ထုတ်၏။

"နေပါဦး ကြည်ဖြူက အဲဒါကို ဘာဖြစ်လို့ သိချင်ရတာလဲ"

တိတ်ဆိတ်သွားသော်လည်း လင်းထိုက်ရင်ထဲမှာ မိုးတွေရွာသွန်းထစ်ချုန်းလာသည်။ အခန်းအပူရှိန် ၃၅° C။ မျက်စောင်းချိုချို မြင်းပြင်းတစ်ချက်က လင်းထိုက်ကို ခြောက်ခြားစေသည်။ အတန်ကြာသည်အထိ နှစ်ယောက်သား စကားကင်းမဲ့ဖို့မှာ ရောက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက်လည်း အခုမှ သူ့မေးခွန်း၏ အဖြေရခက်ပုံကို သဘောပေါက်မိသည်။ ကြည်ဖြူ့မျက်နှာလေးက စတော်ဘယ်ရီသီးလေးနှင့် တူနေလေသည်။ နီရဲဝင်းပနေသည့် ရှက်ရွံ့မှုပန်းပုရုပ်လေး။

"ကြည်ဖြူထိုင်ဦးလေ၊ မတ်တပ်ကြီးရပ်နေရတာ မညောင်းဘူးလား"

စကားမရှိစကားရှာသည့် သဘောဖြင့် လင်းထိုက်အခြေအနေကို ပြန်ထိန်းရ၏။ သူရက စတိုးဆိုင်ကောင်တာမှာ ဝယ်သူတစ်ယောက်ကို ရောင်းချပြောဆိုနေသည့်ကြားက သူတို့နှစ်ယောက်ကို အကဲခပ်သလို လှမ်းကြည့်နေသည်။ ရုပ်က မချိုမချဉ်။

"ထိုင်ချင်ပါဘူး"

ကြည်ဖြူအသံက ရှက်နေသလိုလိုပဲဟု လင်းထိုက်တွေးမိကာ . . .

"ထိုင်ပါ၊ တခြားသူတွေမှ မဟုတ်တာ၊ သူစိမ်းတွေပဲ ဥစ္စာ . . .၊ ဟဲဟဲ"

သူမမျက်ဝန်းလေးမှာ ဘယ်နှစ်ကြိမ်မြောက်မှန်း မသိရသည့် ရှုတတမျက်စောင်းတစ်ကြိမ် ဖြစ်ထွန်းပြန်၏။ အကြိမ် ၁၅၀၀ မြောက်မျက်စောင်းဖြစ်ပါစေဘုရား။ လင်းထိုက်က သူ့အတွေးနှင့်သူ မြောက်ကြွမြောက်ကြွ ဖြစ်နေသည်။ မထိုင်ဘူးဆိုသော်လည်း လင်းထိုက်နှင့် မလှမ်းမကမ်းမှ ကုလားထိုင်ပေါ် သူမက ဝင်ထိုင်ပါသည်။

"ဘာမှန်းလည်း မသိဘူး၊ သူများမေးတာနဲ့ပဲ သူကပဲ ကလဲ့စားပြန်ချေသလို ချက်ချင်းပြန်မေးတာပဲ၊ ကိုလင်းထိုက်ဘာလေ ယောက်ျားကြီးတန်မဲ့ သိပ်စပ်စုတာပဲ"

"အမ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ခံရပြီဟာဟု သူတွေးမိသည်။ ထိန်းမရတော့သဖြင့် ရယ်လည်းရယ်မိသည်။ ခက်,ခက်ရချည်သေးရဲ့။ ငါကျမှ စပ်စုတယ်တဲ့။ သူအရင်စမေးပြီးတော့များ ဟုတွေးကာ လင်းထိုက် ကြည်ဖြူကို သဘောကျသလို ကြည့်နေ၏။ ကြည်ဖြူရုပ်က မထေမဲ့မြင်မှုန်တေတေ။ လင်းထိုက်ဆီမှ ရယ်သံကြားလိုက်ရသည်။

"ဘာရယ်တာလဲ၊ ကိုလင်းထိုက်နော်၊ ဟုတ်တယ် ဘာဖြစ်လို့သိချင်ရတာလဲလို့ပဲ၊ ဘာဖြစ်လို့မှ မဟုတ်ပေါင်၊ ကြည်ဖြူက ကြုံလို့မေးကြည့်တာကိုများ"

"ဟောဗျာ၊ ကြည်ဖြူကိုရော ဘာပြောနေလို့လဲ . . ကဲ"

နှစ်ယောက်စလုံး အရယ်ယိမ်းကသလို တစ်ညီတစ်ညွတ်တည်း ရယ်ပွဲဖွဲ့ကြပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းမဆုံအောင် သတိထားနေတာကိုလည်း သူတို့နှစ်ယောက်စလုံးက သိနေကြလေသည်။

"ကဲပါ၊ ကြည်ဖြူသိချင်တာ ဟုတ်မဟုတ်တော့ မသိဘူး၊ ကျွန်တော်လည်း စိတ်ထဲရှိသလို ပြောပြမယ်၊ ကြည်ဖြူမေးချင်တာရှိလည်း ထပ်မေးပေါ့၊ အေးဆေးပဲ မဟုတ်လား၊ မပြန်နဲ့ဦးလေ၊ စကားလေးဘာလေး ပြောရအောင်"

နာရီကိုငုံ့ကြည့်ပြီး ခေါင်းလေးညိတ်ကာ ပြောလာမည့်စကားကို စောင့်နေသော ကြည်ဖြူမျက်နှာလေးမှာ ပကတိသန့်စင်လွန်းနေပြန်သည်။ ရွှေအိုရောင်သည် လမ်းသွယ်လေးပေါ်တွင် အဝါရောင်ကကြိုးနှင့် လှပလျက်ရှိ၏။

"ဟုတ်ပါတယ်၊ ရည်းစားတွေ များခဲ့တယ်ပဲ ပြောပါတော့ ဒါပေမယ့် ကြည်ဖြူရာ ဘာဖြစ်လို့လဲတော့ မသိဘူး နောက်ဆုံးတော့

www.burmeseclassic.com



ကျွန်တော်အမြဲတမ်း ကျန်ရစ်မင်းကြီးဖြစ်ကျန်ရစ်တာပါပဲ"

သူမက . . .

"ကိုလင်းထိုက်က သူတို့ကို တကယ်မချစ်မှန်း သိသွားလို့နေမှာပေါ့"

လင်းထိုက်ခေါင်းကုတ်၏။ ကြည်ဖြူက နှုတ်ခမ်းလေးတွန့်သည်ဆိုရုံ ပြုံးသည်။

"ကျွန်တော် ဘာမှမပြောလိုပါဘူး၊ ကြည်ဖြူစဉ်းစားကြည့်လို့ရအောင် အဖြစ်အပျက်တစ်ခု ပြောပြမယ်၊ ကျွန်တော်လွန်သလားသူတို့ကပဲလွန်သလား မပြောတတ်ဘူးဗျာ"

"ကိုလင်းထိုက် ကောင်းကြောင်းတွေချည်းဆိုရင်တော့ နားမထောင်ချင်ဘူး"

"ကောင်းတယ် ညံ့တယ်ဆိုတာ ကြည်ဖြူဖာသာဆုံးဖြတ်လေ၊ ဒီလိုကြည်ဖြူရဲ့ ကောင်းမလေးတစ်ယောက် ဆိုပါစို့လေ၊ အဲ . . သူနဲ့ ကျွန်တော်နဲ့ တစ်နေ့ရုပ်ရှင်သွားကြည့်ကြရော၊ ရုပ်ရှင်ကလည်း ကြည့်လို့ကောင်းတယ်ဗျ၊ အဲဒါနဲ့ စိတ်ဝင်တစားကြည့်နေတုန်းသူက ကျွန်တော့်ကို လက်ကုတ်ပြီးပြောတယ်၊ ရုပ်ရှင်နဲ့ သူနဲ့ ဘယ်ဟာက ပိုအရေးကြီးလဲတဲ့၊ ကျွန်တော်လည်း ပြန်ဖြေရတာပေါ့ဗျာ၊ မင်းက အရေးကြီးပါတယ်ပေါ့ သိတယ်မဟုတ်လား ဟဲဟဲ"

လင်းထိုက်ရယ်တော့ ကြည်ဖြူကလည်း ဘာမှန်းမသိ လိုက်ရယ်သည်။ စာအုပ်အပ်သူတစ်ယောက်ရောက်လာတော့ စာရင်းရေးပေး၊ ဖျက်ပေး လုပ်နေရသဖြင့် စကားဝိုင်းက ခဏရပ်သွားသည်။ ထိုသူပြန်ထွက်သွားမှ လင်းထိုက်က စကားပြန်ဆက်ရသည်။

"အဲ . . ဘယ်ရောက်သွားပါလိမ့်၊ ဪ မှတ်မိပြီ၊ အဲဒါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာပြောပဲဆိုတော့ ဒါဆိုရင် ရုပ်ရှင်ကိုချည်း ဘာဖြစ်လို့ မဲကြည့်နေရတာလဲတဲ့၊ သူ့ကိုလှည့်မကြည့်ဘူး၊ ဂရုမစိုက်ဘူး ဘာညာနဲ့ ကွိုင်ထရှာရော၊ ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ ဘယ်ကိုပြန်ပြောရမှန်းမသိ၊ ဘာလုပ်ရမှန်းမသိ ညစ်နေတာပေါ့ဗျာ။ နောက်မှ သူကျေနပ်အောင် ပြန်ဖြေလိုက်တယ်လေ။

"OK သွားတယ်ပေါ့"

ကြည်ဖြူ ခပ်တိုးတိုးမေးသည်။

"ဟင့်အင်း၊ တစ်ခါတည်း ပြတ်သွားရော"

လင်းထိုက်အဖြေကြောင့် ကြည်ဖြူ သွားဖြူဖြူလေးတွေပေါ်အောင် တခစ်ခစ်ရယ်သည်။

"ဘယ်လိုဖြစ်တာလဲ၊ ကိုလင်းထိုက်က ဘာပြန်ပြောလိုက်တာလဲ"

"ကျွန်တော်က ရိုးရိုးလေးပဲ ပြန်ဖြေတာပါဗျာ၊ ဒါနဲ့များ ဘာဖြစ်လို့ ရုပ်ရှင်ကြည့်ချင်တယ် ပြောရတာလဲလို့၊ ကိုယ်က မင်းကို ဂရုစိုက်လို့ မင်းကြည့်ချင်တဲ့ ရုပ်ရှင်လိုက်ပြပြီး ကိုယ်ပါမင်းနဲ့အတူ စိတ်တူကိုယ်တူဖြစ်အောင် အားပေးနေရတာပေါ့လို့ ဖြေလိုက်တာ၊ ဘာဖြစ်လို့မှန်းမသိဘူး၊ စိတ်ကောက်ပြီး ဆောင့်ဆောင့်နဲ့ ထွက်သွားပါလေရော၊ ကျွန်တော်လည်း ကပြာကရာ နောက်ကနေလိုက်ပြီး ချော့ပါသေးတယ်၊ အဲဒီတော့မှ ပိုဆိုးသွားတာ၊ ဟာ ဘာဖြစ်လို့လဲ၊ ကိုယ်ဘာမှားလို့လဲပေါ့နော်၊ အဲလိုကြီးတော့ မကောက်ပါနဲ့လို့ပြောတော့ ကျွန်တော့်ကို ဘာပြောတယ်မှတ်လဲ၊ နင် အဲဒီလောက်ပိန်းနေရင် ရည်းစားထားမနေနဲ့တဲ့၊ ကျွန်တော်နည်းနည်းတော့ တင်းသွားတယ်၊ သူ့ကို စကားတစ်ခွန်းတော့ ပြန်ပြောပစ်ခဲ့တယ်၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝကို ဇာတ်လမ်းက The End ဖြစ်သွားတာပဲ"

ကြည်ဖြူ မျက်ခုံးလေးပင့်ကာ စိတ်ဝင်တစားမေး၏။

"ကိုလင်းထိုက် ဘာပြောလိုက်လဲ ဟင်"

"ဩော် . . ဘာရယ်မဟုတ်ပါဘူး၊ သူ့ကိုမေးခွန်းလေးတစ်ခု မေးလိုက်တာပါ၊ မင်းက ကျားနဲ့သိုး ဘယ်သူ့ကို တံခါးဖွင့်ပေးချင်တာလဲလို့လေ"

ကြည်ဖြူမျက်နှာ တစ်ချက်တည်သွားသည်။ လင်းထိုက်ကို စူးစမ်းသလို တစ်ချက်ကြည့်၏။ ပြီးတော့ နာရီကိုကြည့်ပြန်သည်။

"ကဲ ဟုတ်ပါပြီ၊ နားထောင်လို့လည်း ကောင်းတယ်၊ နည်းနည်းလည်း ကြာသွားပြီ၊ ပြန်ဦးမယ်၊ အိမ်မှာ မမတောင် ပြန်ရောက်နေပြီလား မသိဘူး၊ တော်ကြာ ကြည်ဖြူတစ်ယောက်တည်း နောက်ကျနေလို့ အဆူခံထိနေဦးမယ်"

ပြောပြောဆိုဆို ပြန်ဖို့ထရပ်သည့် ကြည်ဖြူကို လင်းထိုက်က စပ်ဖြဖြရုပ်ဖြင့် လှမ်းမေးလိုက်သေးသည်။

"အခုဆို ကြည်ဖြူကဲ ကျွန်တော့်အပေါ် အမြင်ကြည်လင်သွားလောက်ပြီပေါ့နော်"

"အံမယ် ဘာကိုလဲ၊ ကြည်ဖြူက အမြင်မကြည်ဘူး ကြည်တယ်တွေ ဘယ်တုန်းက ပြောမိလို့လဲ၊ နောက်ပြီး ကိုလင်းထိုက်ကို ကြည်ဖြူက ဘာဖြစ်လို့ အမြင်မကြည်ဖြစ်ရမှာလဲ၊ ကိုလင်းထိုက်က လည်း . . ."

"မသိဘူးလေ၊ ကျွန်တော့်သတင်းကိုကြားပြီး ကြည်ဖြူ ကျွန်တော့်ကို စိတ်ဆိုးနေလားလို့ . . ဟဲဟဲ"

"အယ် . . ကြည့်စမ်း၊ ဘာဖြစ်လို့ ကြည်ဖြူက စိတ်ဆိုးနေရ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ၊ အဲဒီကိုလင်းထိုက်နော်၊ တော်ပြီ သွားတော့မယ်၊ အခုမှ တကယ်စိတ်ဆိုးတာ၊ နောက်နေ့ မလာတော့ဘူး၊ လူကိုများ ဟွန်း"

နှုတ်ခမ်းစူပြီး လှည့်ထွက်သွားသော ကြည်ဖြူနောက်ကို လင်းထိုက်သုတ်သီးသုတ်ပျာ ထလိုက်ရသည်။ ဆိုင်ခန်းပေါက်ဝတွင် ကြည်ဖြူကို ရှေ့ကနေ ပိတ်ရပ်လိုက်ရင်း . . .

"ကြည်ဖြူ . . ကျွန်တော်က စတာပါ၊ မလာပဲတော့ မနေပါနဲ့၊ ကြည်ဖြူမကြိုက်ရင် နောက်မစတော့ဘူးနော်"

"မကြိုက်ဘူး မစနဲ့၊ တဲ . . ဖယ်ပါ ပြန်မလို့ပါဆိုမှ"

"ကျွန်တော် လိုက်ပို့မယ်လေ"

ကြည်ဖြူဘာမှပြန်မပြော။ မျက်နှာကိုတည်ထားပြီး ဘောက်ဆတ်ဘောက်ဆတ်ဖြင့် အပြင်ကို ဆက်လျှောက်သွား၏။ လင်းထိုက်လည်း ယောင်လည်လည်ဖြင့် ကြည်ဖြူဘေးမှ ကပ်လိုက်ပါလာမိသည်။

"ကြည်ဖြူက စတာမကြိုက်တော့ ကျွန်တော် လုံးဝမစတော့ဘူးသိလား၊ အတည်ပဲ ပြောတော့မယ်"

လင်းထိုက်၏ ခပ်တည်တည်မျက်နှာပေးကို ကြည်ဖြူက မျက်လွှာတစ်ချက်ဝင့်ကြည့်သည်။ နှုတ်မှ စကားတော့ ပြန်မပြောပေ။ သူက ခေါ်လိုက်၏။

"ကြည်ဖြူ"

လင်းထိုက်အသံက နှစ်ကိုယ်စာကြားရရုံ။

"ဘာလဲ"

ကြည်ဖြူက စိတ်မပြေသေးသလို ခပ်မာမာလေး ပြန်ထူး၏။

"သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com


အမိန့်ချမှတ်လိုက်တယ် သိလား၊ ကျွန်တော် ကြည်ဖြူကို ချစ်နေတဲ့ အကြောင်းကို အခုချက်ချင်း ဖွင့်ပြောရမယ်တဲ့"

ကြည်ဖြူမျက်လုံးလေး ဝိုင်းလာသည်။ လင်းထိုက်ကို အလန့်တကြား လှည့်ကြည့်၏။

"ဘာတွေပြောနေတာလဲ ကိုလင်းထိုက်၊ ဟယ် . . အဲဒါ . . အဲဒါ ကြည်ဖြူကို ရည်းစား . . ရည်းစားစကား ပြောနေတာလား"

လင်းထိုက်က ခေါင်းရမ်းလိုက်ပါသည်။

"ဟင့်အင်း၊ ရည်းစားစကား မဟုတ်ဘူး ကြည်ဖြူ အမှန်တရားတစ်ခုကို ဖော်ထုတ်နေတာပါ၊ ကြည်ဖြူကို ကျွန်တော်ချစ်တယ်"

ခေါင်းငုံ့ထားသော ကြည်ဖြူဆီမှ ဘာသံမှ မကြားရတော့ . . .။

"ကြည်ဖြူ စိတ်ဆိုးပါ၊ ဒေါသထွက်ပါ၊ တုံ့ပြန်ချင်သလို တုံ့ပြန်ပါ၊ မယုံကြည်ပါနဲ့၊ ကျွန်တော့်ကို မယုံပါနဲ့ ရပါတယ်၊ ဒါပေမယ့် ကျွန်တော် အလေးအနက်ထားပြီး ထပ်ပြောဦးမှာပဲ၊ ကြည်ဖြူကို . . ."

"ဟယ် . . တော်ပါတော့၊ ဘာမှန်းလည်း မှသိဘူး၊ ပြန်တော့၊ အိမ်ရောက်ခါနီးနေပြီ"

ကြည်ဖြူက အခုမှ ခေါင်းပြန်မော့လာကာ အရှက်သည်းနေသော လေသံဖြင့် ပြောပါသည်။ လင်းထိုက်ဘက်ကိုတော့ လှည့်မကြည့်ပေ။

လူသူကင်းမဲ့သည့် လမ်းကျဉ်းလေးပေါ်မှာ လင်းထိုက်တစ်ယောက် သစ်တစ်ပင်လို ရပ်ကျန်ရစ်ခဲ့သည်။ သူက ကြည်ဖြူခေါင်းငုံ့ပြီး ဆက်လျှောက်သွားပုံကို ရပ်ငေးနေမိ၏။ သူမက သူ့ကိုပြန်ခိုင်းပေမယ့် လင်းထိုက်မပြန်ချင်သေး . . .။ ကြည်ဖြူဆံပင်တွေက


www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးရှင်တစ်ပါး၏ လက်ရာမွန်တစ်ခုလို ဆန်းကြယ်လှပစွာ နွဲ့ယိမ်းဝေ့ဝဲနေတာ မြင်ရလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# (၈)

လင်းထိုက် ထမင်းစားခန်းထဲဝင်လာတော့ အန်ကယ်ထွေး က ကော်ဖီသောက်နေဆဲ ဖြစ်၏။ သူ့ကိုခေါင်းညိတ်ပြီး လှမ်းခေါ် သည်။ ဒေါ်ကြီးမြက မုန့်ဟင်းခါးပွဲတစ်ပွဲ လာချပေးရင်း သူ့ခေါင်း ကိုပွတ်ကာ မေးပါသည်။

"လူလေး၊ ဒီနေ့ ဘာဟင်းစားချင်လဲ၊ ဒေါ်ကြီးမြကို ပြောပါဦး"

လင်းထိုက် နှာခေါင်းကို တစ်ချက်ရှုံ့၏။

"ဒေါ်ကြီးမြကလည်းဗျာ၊ သားစားချင်တာကျ တကယ်ချက် မကျွေးဘဲနဲ့"

ဒေါ်ကြီးမြခမျာ မျက်ခုံးပင့်၍ သူဘာစားချင်သည်ကို အလောတကြီး မေးလေသည်။ လင်းထိုက်ကိုဆိုလျှင် သားအရင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို သံယောဇဉ်တွယ်ပြီး ဂရုစိုက်တတ်လွန်းသူ ဒေါ်ကြီးမြသည် သူငယ်ငယ်လေးကတည်းက မျက်နှာတစ်ချက် အညှိုးမခံပေ။ သူ့ဆိုးသမျှ အရယ်မပျက် သည်းခံတတ်သူ ဒေါ်ကြီးမြကို လင်းထိုက်ကလည်း ဆွေမျိုးရင်းချာသဖွယ် ခင်မင်တွယ်တာသည်။ သူက ဒေါ်ကြီးမြကို နောက်လိုက်ပြောင်လိုက်ဖြင့် အရောတဝင် ရယ်ရယ်မောမော နေတတ်သည်။

"မင်္ဂလာထမင်းလေ၊ မင်္ဂလာထမင်း ဟဲဟဲ"

ဒီတော့မှ ဒေါ်ကြီးမြလည်း သက်ပြင်းချပြီး သူတို့တူအရီးနှစ်ယောက်ကို တစ်လှည့်စီကြည့်လျှက် ပြုံးသည်။ လင်းထိုက်ပခုံးကို တစ်ချက်ဖွဖွရိုက်၍ . . .

"ဘာများလဲလို့ သားရယ်၊ အဲဒါဆိုလည်း မင်းပဲဖြစ်ဖြစ်၊ မင်းဦးလေးပဲဖြစ်ဖြစ် ကြံကြစည်ကြတော့ပေါ့၊ ဒို့ကတော့ ချက်ဖို့အသင့်ပဲ"

လင်းထိုက်စကားကို အန်ကယ်ထွေးက သဘောပေါက်သည်။ အရင်လည်း ဒီလိုပဲ။ လင်းထိုက်က စနေကြကိုး။ သတိရတိုင်း လင်းထိုက်က သူ့ကို မိန်းမယူဖို့အကြောင်း ပြောဆိုတိုက်တွန်းကာ နောက်ပြောင်ရယ်မောတတ်၏။ သူကလည်း ခါးခါးသီးသီး ငြင်းဆန်၍ လင်းထိုက်ကို ဆဲဆိုကြိမ်းမောင်းနေကျ ဖြစ်သည်။

အခုအကြိမ်မှာတော့ အန်ကယ်ထွေးမျက်နှာက စပ်ဖြဲဖြဲဖြစ်နေသလိုပဲဟု လင်းထိုက်ထင်နေမိ၏။ ကုန်သွားသည့် မုန့်ဟင်းခါးပန်းကန်ကို တစ်ဖက်သို့ရွှေ့ပြီး၊ ခွက်ထဲကို ကော်ဖီမှုန့်တွေထည့်သည်။ ကော်ဖီဖျော်ရင်း အန်ကယ်ထွေးမျက်နှာကို လင်းထိုက် မသိမသာအကဲခတ်နေမိသည်။ ဒီနေ့ ရာသီဥတုအခြေအနေ ကောင်းနေတာမို့

www.burmeseclassic.com



သူက မုန့်ဖိုးတောင်းဖို့ စဉ်းစားထား၏။

"အန်ကယ်ထွေး၊ ဘယ်လိုလဲ ဟဲဟဲ၊ ကျွန်တော့်အန်ကယ် ထွေးက ခန့်ချောကြီးဗျ၊ မေမေနဲ့တောင် ညကဖုန်းပြောရင်း အဲဒီ ကိစ္စ ပြောလိုက်သေးတယ်၊ မေမေကလည်း ကျွန်တော့်လိုပဲ သိလား၊ ဟုတ်တယ်တဲ့၊ မင်းအန်ကယ်ထွေးအနေနဲ့ နောက်အိမ်ထောင်ပြုမယ် ဆိုရင် အခုအချိန်မှာ ဆုံးဖြတ်သင့်ပြီတဲ့၊ ဒီထက်ပိုနောက်ကျသွားရင် သိပ်မကောင်းဘူးလို့ ပြောတယ်ဗျ"

အန်ကယ်ထွေးကြည့်ရတာ အတော်ထူးဆန်းနေသဖြင့် လင်းထိုက်မှာ စဉ်းစားရကျပ်နေလေသည်။ ခါတိုင်းဆို သူဒီလိုစကား တွေပြောလိုက်လျှင် တော်စမ်းကွာ အရေမရ အဖတ်မရတွေ၊ ဘာညာ ပြောကာ သူ့ကိုမောင်းထုတ်လေ့ရှိသော်လည်း ယခုအန်ကယ်ထွေး မျက်နှာက တစ်မျိုး။ ရှက်သလိုလို၊ သဘောကျသလိုလို ပြုံးဖြီးဖြီးကြီး ဖြစ်နေ၏။ လင်းထိုက်ကိုလည်း တစ်ချက်တစ်ချက် မလုံမလဲ လှည့် လှည့်ကြည့်သည်။

"အန်ကယ်ထွေး၊ ဘယ်လိုလဲဗျ၊ ကြည့်ရတာ တွေ့နေပြီ ထင်တယ် ဟဲဟဲ"

ရာသီဥတု အခြေအနေ ကောင်းပုံပေါ်သည်ဟုတွေးကာ လင်းထိုက်က သူ့အန်ကယ်ထွေးကို ဆက်နောက်ပြောင်နေ၏။ ရယ်ရင်းမောရင်းကနေ မသိမသာ ကိုယ်လိုရာဆွဲပြောပြီး အခွင့်အရေး ယူဖို့ ချောင်းနေစဉ် အန်ကယ်ထွေးအဖြေကြောင့် လင်းထိုက်ချင်ချင်း အရယ်ရပ်သွား၏။

"ဟဲဟဲ အေးကွ၊ အမှန်ပြောရရင် တွေ့နေပြီ ဟဲဟဲ"

ပန်းဆီရောင်သန်းနေသော မျက်နှာကြီးကို လက်ဖြင့်ပွတ်



www.burmeseclassic.com

www.burmeseclassic.com



သပ်၍ ရှက်ရယ်ရယ်နေသည့် ဦးလေးဖြစ်သူအား လင်းထိုက်တစ်ခါမှ မမြင်ဖူးသလို ကြည့်နေမိ၏။

"အန် . . အန်ကယ်ထွေး တ . . တကယ်လားဟင်"

လင်းထိုက်က မျက်တောင်မခတ်ပဲ ပြူး၍ကြည့်နေရာမှ အထိတ်တလန့် ထမေးသည်။ အန်ကယ်ထွေးပါးစပ်မှာ အခုထိပိတ်ရသေးပုံမပေါ် ချေ။ စားပွဲခုံကို လက်ဖြင့် တဒေါက်ဒေါက်ခေါက်နေရာမှ လင်းထိုက်ကိုလှမ်းပြီး ရှက်ပြုံးကြီး ပြုံးပြလိုက်သေးသည်။

"ဟော့ကောင်၊ မင်းပုံစံကလည်းကွာ၊ ဖြစ်နေလိုက်တာ ဟဲဟဲ လူကြီးရှက်အောင် မလုပ်ကောင်းဘူးကွ၊ ငါမင်းကိုပြောမလို့ စဉ်းစားနေတာကြာပြီ၊ ဘယ်ကနေ ဘယ်လိုစပြောရမှန်း မသိလို့ ဟဲဟဲဟဲ၊ ဒီလိုပဲပေါ့ ငါ့တူရာ၊ လူဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန် . . အဲ . . ငါလည်း ထပ်ပွင့် . . အဲလေ . . ဟိုကွာ . . အချစ်အတွက် တစ်ဖန်မွေးဖွားခြင်းပေါ့ကွာ၊ စကားမစပ် ငါတို့ခေတ်ကဆို အဲဒီသီချင်းကို သိပ်ကြိုက်ခဲ့ရတာပေါ့ ငါ့တူရာ၊ စိုင်းခမ်းလိတ်ကြီးလက်ရာပေါ့၊ အဲ . . အဲ . . ဟော့ကောင် . . မင်းအဲလို မျက်လုံးပြူးကြီးနဲ့ ငါ့ကိုစိုက်ကြည့်မနေစမ်းနဲ့ လင်းထိုက်ရာ၊ မင်းလုပ်ပုံက ငါ့မှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောတာကြားလိုက်ရတဲ့အတိုင်းပဲ၊ ကဲ ကဲ . . မင်းသုံးစရာပိုက်ဆံရှိသေးလား၊ ဟော့ကောင် . . ဩော် . . ငါ့နှယ်"

အန်ကယ်ထွေးကလည်း ရှက်စိတ်တွေမွှန်ပြီး ဘာတွေလျှောက်ပြောကုန်သည် မသိ။ လင်းထိုက်လည်း အန်ကယ်ထွေးစကားတွေကို မကြားတစ်ချက်၊ ကြားတစ်ချက် . . . ။ အံ့အားတကြီးဖြင့်သာ သူ့ဦးလေးကို စိုက်ကြည့်နေဆဲ ဖြစ်လေသည်။ သူက စိုက်ကြည့်လေ၊ အန်ကယ်ထွေးမှာ အနေရခက်လေ ဖြစ်လာ၏။ "ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ဒီကောင်ကလည်း . . . " ဟူ၍သာပြောပြီး ထိုင်ရာမှ သုတ်တနဲ ထပြေးတော့သည်။ ဒီတော့မှ လင်းထိုက်တစ်ယောက် ဘာအတွေး ပေါက်သွားသည်မသိ လှိုက်လှိုက်လှဲလှဲ သည်းတုန်အူတုန် အော်ဟစ် ရယ်လေတော့၏။

"ဟား . . ဟား . . အန်ကယ်ထွေးကြီး ဟီး . . ဟီး . . ဟီး . . မိန်း . . မိန်းမ ယူ . . တော့ . . မလို့ . . တဲ့ . . ဟူး . . ဟူး . . ဟူး . . ဟီး . . ဟီး . . ဟီး . . အောင်မလေး၊ ဗိုက်တွေ နာ လိုက်တာ အမေရ . . ဟား . . ဟား . . ဟား . . . "

လင်းထိုက်ရယ်သံကြောင့် အန်ကယ်ထွေး ထမင်းစားခန်း ထဲကို အူယားဖားယားနှင့် အမြန်ပြေးဝင်လာပြန်သည်။ လင်းထိုက် ပါးစပ်ကို အတင်းလိုက်ပိတ်ဖို့ကြိုးစားရင်း အသံခပ်အုပ်အုပ်ဖြင့်-

"ဟာ . . ဟေ့ကောင်၊ တိုးတိုးပြောပါဟ၊ တော်က် . . ဒီ ကောင်ကွာ . . . "

"မဟုတ်ပါဘူး အန်ကယ်ထွေးရာ၊ ကျွန်တော် တကယ် သဘောကျလို့ပါ"

"တော်ကွာ၊ ငါမင်းကို အဲဒါကြောင့် ဖွင့်မပြောချင်တာ သိလား၊ ဟွန်း . . မင်းက ငါ့များ လာလှောင်နေသေးတယ်၊ မိန်းမ ယူမယ်ပြောတာ ရယ်စရာလားကွ၊ အရင်ကဆို မင်းပဲ ငါ့ကိုအတင်း လိုက်ပြီး ပြောနေတာ မဟုတ်ဘူးလား၊ အန်ကယ်ထွေး မိန်းမယူပါ လား၊ မိန်းမယူပါလား၊ အန်ကယ်ထွေးက အလတ်ကြီးရှိသေးတယ်၊ ခန့်ချောကြီး ဘာညာနဲ့ မုန့်ဖိုးတွေ ညာညာတောင်းနေတာ၊ အခုကျ တော့ ငါ့ကိုလှောင်တယ်၊ ခွေးကောင် မင်းကို ငါမုန့်ဖိုးပေးဖို့ မသေခ္ဓါ တော့ဘူး၊ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com


မုန့်ဖိုးမပေးဘူးဆိုသည့် အသံကြားတော့ လင်းထိုက်ရုပ်က ပြောင်းပြန်လှန်လိုက်သည့်အတိုင်း ချက်ချင်းပြောင်းလဲသွားသည်။ မျက်လုံးထဲမှာတော့ ရယ်ချင်နေသည့် အရိပ်အငွေ့တွေ မပျောက်သေးပေ။ အန်ကယ်ထွေးက နှုတ်ခမ်းကြီးစူပုပ်ပုပ်ဖြင့် သူ့တူကို ဘုကြည့်ကြည့်နေဆဲ . . .။

"ဩော် . . အန်ကယ်ထွေးကလည်း စိတ်ဆိုးစရာလားလို့ ကျွန်တော်က အန်ကယ်ထွေးကို ရယ်တယ်ဆိုတာ ဟို : . ဘယ်လို ခေါ်မလဲ၊ လှောင်တာ မဟုတ်ဘူး၊ အားပေးတာ သိလား၊ အားပေး တာ၊ ဟား . . ငါ့ဦးလေးတစ်ယောက် တယ်စွံပါလားဆိုပြီး ပီတိတွေ လျှံကျလာတာ အန်ကယ်ထွေးရဲ့ ဟဲဟဲ"

အန်ကယ်ထွေးပုံစံက သူ့အပေါ် သိပ်မကြည်သေးသော် လည်း စောစောကလောက်တော့ မတင်းမာတော့ပေ။ မတ်တပ်ရပ် နေရာမှ နီးရာထိုင်ခုံတွင် ဝင်ထိုင်ရင်း . . .

"လျှောက်ပြောမနေစမ်းနဲ့ မုန့်ဖိုးမရမှာစိုးလို့ မဟုတ်လား၊ ငါသိပြီးသား၊ မင်းစားပွဲပေါ်မှာ အခုပဲ ငါတင်ထားပြီးပြီ၊ သွားတော့၊ တူလေးတစ်ယောက်ရှိပါတယ် ဘာမှသုံးစားမရဘူး၊ အလကားပဲ၊ မုန့်ဖိုးကုန်တာပဲ အဖတ်တင်တယ်၊ စီးပွားရေးကိစ္စမှာ ကူဖော်လောင် ဖက်မရပေမယ့် ဒီလိုကိစ္စမျိုးကျရင် တိုင်ပင်လို့ရမယ် ထင်မိပါတယ်၊ အလကားပဲ ဖွီး . . . "

အန်ကယ်ထွေးတစ်ယောက် မကျေမနပ်ဖြင့် ကြိတ်မနိုင် ခဲမရ ပွစိပွစိလုပ်နေသည်ကို လင်းထိုက်သဘောကျစွာ ကြည့်နေ၏။ ပြီးမှ . . .

"အန်ကယ်ထွေးရယ်၊ ကျွန်တော့်ကို အဲဒောက်ကြီးလည်း


www.burmeseclassic.com

www.burmeseclassic.com


လျှော့မတွက်စမ်းပါနဲ့ဗျာ၊ တိုင်ပင်လို့ ရပါတယ်ဗျ၊ ကျွန်တော်ကလည်း အန်ကယ်ထွေး အထီးကျန်ဖြစ်နေတာကို မကြည့်ရက်နိုင်တာ ကြာလှပြီ၊ အန်ကယ်ထွေး သိပါတယ်"

"တော်စမ်းပါကွာ၊ သွား . . သွား . .၊ မင်းကို ငါဘာမှ မပြောတော့ဘူး၊ သူရတို့ ဒေါ်ကြီးမြတို့နဲ့ တိုင်ပင်တာကမှ ဟုတ်ဦးမယ်၊ တူအရင်းက အားမကိုးရတဲ့အတူတူ သူ့စိမ်းတွေနဲ့ပဲ တိုင်ပင်တော့မယ်"

အန်ကယ်ထွေးလုပ်နေပုံမှာ ကလေးတစ်ယောက် စိတ်ကောက်နေတာနှင့် တူနေသည်။ သို့သော် လင်းထိုက်က မျက်နှာပိုးသတ်ကာ သူ့ထိုင်ခုံကို အန်ကယ်ထွေးနား ရွှေ့ထိုင်လိုက်၏။

"အန်ကယ်ထွေးကလည်း ကျွန်တော်တောင်းပန်ပါတယ်ဗျာ၊ အဲလိုကြီး စိတ်မဆိုးရဘူး၊ ပြောပြ ပြောပြ၊ ဘယ်က ကောင်မလေးလဲဟင်"

"မပြောဘူး"

အပြတ်ငြင်းလိုက်ပြီး ထမလို ဟန်ပြင်နေသည်။ အန်ကယ်ထွေး၏ အကျီစကို လင်းထိုက် အတင်းဆွဲထားရ၏။

"အန်ကယ်ထွေး ပြောစမ်းပါဆိုနေ၊ စိတ်မကောက်ကြေးဗျာ၊ ကိုယ့်တူလေးကို စိတ်ဆိုးစရာလား၊ ပြောပြနော်၊ ပြောပြမယ်မှတ်လား၊ အဲ ကြည့် . . ကြည့် ပြောတော့မယ်၊ အဲလို ဒေါသမကြီးရဘူးဗျ၊ မွေးလာတဲ့ကလေး မျက်လုံးပြူးတတ်တယ်၊ အောင်မယ်လေးဗျ . . အောင်မယ်လေးဗျ . . ဟား ဟား ဟား"

လင်းထိုက်အပြောတွေကို အန်ကယ်ထွေး တောင့်မခံနိုင်တော့ဘဲ စပ်ဖြဲဖြဲရုပ်ကြီး ဖြစ်လာသည်။ သူ့တူကို အငင်းခေါင်း



www.burmeseclassic.com

www.burmeseclassic.com


လိုက်ခေါက်ရင်း ပါးစပ်ကလည်း အငြိမ်မနေဘဲ ဆဲဆိုနေတော့သည်။ တကယ်လည်း အန်ကယ်ထွေးတစ်ယောက် လင်းထိုက်ကိုတော့ စိတ်မဆိုးနိုင်။ ဒေါသထွက်လျှင် ခဏသာ ဖြစ်လေသည်။

"တော်ကွာ၊ ခွီးမှုပဲ၊ ငါမောလာပြီ"

ထမင်းစားခန်းထဲတွင် တူအရီးနှစ်ယောက် ထွေးလားလုံးလား ဖြစ်နေရာမှ အန်ကယ်ထွေးမှာ ဆက်မလိုက်တော့ဘဲ ထိုင်ခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

လင်းထိုက်လည်း အန်ကယ်ထွေးအနီးရှိ ထိုင်ခုံပေါ်တွင် ဝင်ထိုင်လိုက်ပါသည်။

"အန်ကယ်ထွေး ပြောစမ်းပါဗျ၊ ကျွန်တော်မနောက်တော့ဘူး၊ အတည်"

အန်ကယ်ထွေး အမောဖြေနေရင်း လေပူတစ်ချက်ကို မှုတ်ထုတ်၏။ လင်းထိုက်မျက်နှာကို မယုံကြည်သလို သေသေချာချာ အကဲခတ်လိုက်သေးသည်။ မျက်နှာကို ခပ်တည်တည်လုပ်ထားရင်း လင်းထိုက်ကိုပြောဖို့ စကားလုံး ရွေးနေဟန်တူသည်။ စကားသံတော်တော်နှင့် ထွက်မလာ။ လင်းထိုက်မှာ စိတ်ရှည်ရှည်ဖြင့် စောင့်နေရသည်။ စဖို့နောက်ဖို့ စိတ်မကူးရဲတော့။ သူ အမှန်တကယ်လည်း စိတ်ဝင်စားနေမိသည်ပဲ။

"ဒီလိုကွ၊ တိုတိုပဲ ပြောမယ်၊ ငါအိမ်ထောင်ဖက်တစ်ယောက် ရှာတွေ့ထားပြီ၊ သူဘက်ကလည်း ငါ့ကိုမီးစိမ်းပြလိုက်ပြီ လင်းထိုက်ရာ၊ ဒါပါပဲ"

လင်းထိုက်က ခေါင်းကိုညိတ်ပြသည်။ စိတ်ထဲမှာတော့ အခုထိ မယုံနိုင်သလို ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် အန်ကယ်ထွေး


www.burmeseclassic.com

www.burmeseclassic.com



အတွက် သူဝမ်းသာပါသည်။ အရင်ကတည်းက စသလိုနောက်သလို ဖြင့် တစ်မျိုး၊ အတည်ပေါက်ဖြင့် တစ်နည်း၊ အန်ကယ်ထွေးကို သူ မကြာခဏ တိုက်တွန်းခဲ့ဖူးသည်။ အန်ကယ်ထွေးလို လူတစ်ယောက် အနေဖြင့် သာယာပြည့်စုံသော အိမ်ထောင်ရေးတစ်ခုကို ထပ်မံထူ ထောင်နိုင်စွမ်းရှိလိမ့်မည်ဟု လင်းထိုက်ယုံကြည်လိုက်မိသည်။

အိမ်ထောင်ကျခဲ့ဖူးသည်ဆိုသော်လည်း အမှန်တော့ အန် ကယ်ထွေးနှင့် အန်တီသူဇာတို့ ပေါင်းသင်းလိုက်ရသည်မှာ ငါးနှစ်မျှ သာ ကြာမြင့်ခဲ့ပါသည်။ အန်ကယ်ထွေးက တကယ်လည်း အရွယ် တင်သည်မို့ အသက် ၄၀ ဆိုသော်လည်း နုပျိုလန်းဆန်းနေဆဲ မဟုတ် ပါလား၊ သိချင်စိတ်က ထိန်းမရတော့သဖြင့် အန်ကယ်ထွေးကို သူ အလျင်အမြန်မေးရ၏။

"ဟုတ်ပါပြီ အန်ကယ်ထွေးရာ၊ လုံးဝကွန်ဂရက်ကျူလေးရှင်း၊ ပြောပါတော့ဗျာ အန်ကယ်ထွေးရဲ့ သတို့သမီးကို သိချင်လှပြီ"

"ဟဲ့ ဟဲ အေးပါကွ၊ မင်းကလည်း ပြောရမှာ ငါရှက်နေလို့ ပါ"

အရေးထဲ အန်ကယ်ထွေးက လာ'နု'နေသေး၏။ လင်းထိုက် စိတ်မရှည်သလို ဖြစ်လာသည်။

"ဟာဗျာ၊ အန်ကယ်ထွေး အထာကိုင်နေပြီ၊ ပြောပါ ဆိုနေမှ"

"တိုတိုးပြောပါဟ၊ မင်းကလည်း . . ."

အန်ကယ်ထွေးမှာ ဘေးဘီကို မျက်စေ့ကစားလိုက်သေး သည်။ သုံးယောက်တည်းနေတဲ့အိမ်မှာ ဘယ်သူလာနားထောင်ဦး မို့လဲဟုတွေးကာ လင်းထိုက်ဒေါပွလာမိ၏။ ဒေါ်ကြီးမြကလည်း ခပ် စောစောကပင် ဈေးသွားပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကွာ . . မင်းသိပါတယ်၊ တို့လမ်းထဲကပဲ၊ ရွှေစင်မိုးလေ"

"ဗျာ . . . . . ."

* * * *

www.burmeseclassic.com

www.burmeseclassic.com

(၉)

လင်းထိုက်ကြုံနေရသည့် ပြဿနာသည် အထူးအဆန်း မဟုတ်သော်လည်း သိပ်တော့မလွယ်ကူလှဟု မြင့်ဇော်နှင့် တင်အောင် ထွေးတို့ သဘောပေါက်ကြပါသည်။

ကြည်ဖြူနှင့်သူ မဆုံတွေ့ရတာ တစ်ပါတ်ခန့်ရှိသွားပြီ။ ဟိုတစ်နေ့က ကြည်ဖြူမိုးအပြန်မှာ လင်းထိုက်လိုက်၍ စကားပြောခဲ့သည့် နေ့မှစပြီး သူမတစ်ယောက် လုံးဝပေါ်မလာတော့ပေ။ သူမကျောင်းသွားချိန်ဆိုလျှင်တော့ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာထိုင်ကာ သူ လိုက်လံငေးမောနေတတ်သည်။ ကြည်ဖြူအနားသို့ ချဉ်းကပ်လိုက်သွားဖို့ရန် လင်းထိုက်စိတ်တွေ မဝံ့မရဲနှင့် အရည်ပျော်ကျနေခဲ့သည်။

အန်ကယ်ထွေးနှင့် ရွှေစင်မိုးအကြောင်းကို သူပြောပြလိုက်သည့်အခါ မြင့်ဇော်တို့နှစ်ယောက်လည်း အံ့အားသင့်ခဲ့ကြသေးသည်။

www.burmeseclassic.com



မြင့်ဇော်က "အဲဒါဆို မင်းဘယ်လိုလုပ်မလဲ" ဟု လင်းထိုက်ကိုမေးတော့ သူပြန်မဖြေမီ တင်အောင်ထွေးက "ဘာဆိုင်လို့လဲ" ဆိုပြီး အစချီကာ နှစ်ယောက်သား ထငြင်းခုံကြပြန်သည်။

လင်းထိုက်က ဘာတစ်ခွန်းမှ ဝင်မပြော။ အေးတိအေးစက် ငြိမ်သက်နေသည်။ မြင့်ဇော်သည် ဆေးလိပ်ကို ဒေါသတကြီးရှိုက်ဖွာနေသည်။ အနီးအနားကို တစ်ချက်ဝေ့ကြည့်ပြီးမှ မြင့်ဇော်က အသံကို နှိမ့်လျှက် . . .

"သူ့ဦးလေးနဲ့ ကောင်မလေးအစ်မက အခုယူကြတော့မယ်၊ မိန်းကလေးမိဘတွေ သဘောထားက သိပ်ကောင်းမယ့်ပုံမရှိဘူးလို့ သူ့ဦးလေးကိုယ်တိုင် ဝန်ခံထားတယ်လေကွာ ခွီးမှပဲ၊ အဲဒီအချိန်ကြီးမှာမှ ဒီကောင်ကလည်း ဟိုချာတိတ်မကို ဖွင့်ပြောပြီးနေပြီ၊ မင်း မစဉ်းစားတတ်ဘူးလား ပေမှေးကောင်ရဲ့"

အံကြိတ်ထားသည့် မြင့်ဇော်၏ ဘီလူးဒိုင်ရုပ်ကိုမြင်တော့ လင်းထိုက်ပင် ပြုံးမိတော့မလို ဖြစ်သွားသည်။ တင်အောင်ထွေးကတော့ နဂိုမှေးနေသော သူ့ပွေးမျက်လုံးကို ဂိုက်မကျဆိုက်မကျ ထပ်မှေးလျက် ပြောလိုက်၏။

"ဘာစဉ်းစားစရာလိုလို့လဲ ငပေါရဲ့၊ ကိုယ့်ကိစ္စနဲ့ကိုယ် ဆက်လုပ်ရမှာပေါ့၊ နော့လေ . . လင်းထိုက်"

သူ့ကိုအဖော်ညှိလာသည့် တင်အောင်ထွေးကို လင်းထိုက် ဘာမှပြန်မဖြေဖြစ်။ လင်းထိုက်၏ မျက်လုံးအစုံက သူမလာမည့်လမ်းဆီမှာသာ ကျောက်ချရပ်နားထားလေသည်။

တင်အောင်ထွေးတို့လည်း သတိပြုမိဟန်ဖြင့် လင်းထိုက်ကို မနှောင့်ယှက်တော့ပေ။ သူတို့အသံကြိတ်ပြီး ဆက်လက်ငြင်းခုံ



www.burmeseclassic.com

www.burmeseclassic.com



ဆဲဆိုနေကြတော့သည်။

* * * *

သူ့အာရုံတွေ ပြန့်ကားပြိုကွဲနေသော်လည်း ထိုအလင်းပြန်မှုကိုတော့ အလွန်ကြည်လင်ပြတ်သားစွာ ဖမ်းမိခဲ့ပါသည်။

လာနေပြီ။ ခေါ်သံတစ်ခု လာနေပြီ။ စောင်းကြိုးသံတွေကဲ ဆွေးဆွေးမြည့်မြည့်။ ထိုလမ်းမထက်မှာ ငါ့ဂီတရှိ၏။

ကြည်ဖြူ . . ။ သူ့အသံတွေ လမ်းခုလတ်မှာ တုံ့ရပ်သွားသည်။ ဘတ်စ်ကားမှတ်တိုင်မှာ သူ့ဝိညာဉ်ကို ချည်နှောင်ထားလိုပါ၏။

တစ်လှမ်းချင်း . . တစ်လှမ်းချင်း သူမက မှတ်တိုင်ဆီကို လျှောက်သွားသည်။ လင်းထိုက်ရင်ထဲမှာ အဆွေးများနှင့် ပြည့်နှက်နေလေသည်။

BURMESE CLASSIC

ဘယ်လို ငါရှေ့ဆက်ရမှာလဲ။ ဒါပြဿနာတဲ့လား။ မဟုတ်သေးဘူး။ အော်ဟစ်ရယ်ပစ်လိုက်ချင်သော်လည်း လင်းထိုက်သည် မိုးပေါ် ပျံမတက်နိုင်သော မီးအိမ်ပျံတစ်လုံးသာ ဖြစ်နေသည်။ မြောက်ရမလို ကြွရမလို ဆက်ရက်ခုန်ခုန်နေရသည့် ထိုအခြေအနေမျိုးကို သူအလွန်မုန်းတီးလှသည်။ ကြည်ဖြူမိုးက ဘတ်စ်ကားတစ်စီးပေါ် တက်သွား၏။ သူမ မရှိတော့သော နံနက်ခင်းသည် ဘာမှမကျန်ရစ်တော့သည့် မီးလောင်ပြင် ဖြစ်လေသည်။

"ဟေ့ကောင် . . လင်းထိုက်၊ အဲလောက်ကြီးလည်း ညစ်နေစရာ မလိုပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မြင့်ဇော် . . အဲဒါ မင်းကြောင့်ပိုဆိုးသွားတာ ခွေးမသားရဲ့ အဓိပ္ပာယ်မရှိ မဟုတ်ကဟုတ်က၊ သောက်ကျက်သရေတုံးတဲ့ စကားတွေပဲ ပြောတတ်တဲ့ မင်းအပေါက်ကြီးကိုလေ × × × × × × သိလား"

တင်အောင်ထွေးက ပျစ်ပျစ်နှစ်နှစ် ဆဲနေသော်လည်း မြင့်ဇော် လုံးဝဂရုမစိုက်ပါ။ မြင့်ဇော်မှာ လင်းထိုက်မျက်နှာကိုသာ အကဲခတ်ကြည့်နေသည်။ တကယ်တော့ သူတို့ထဲက တစ်ယောက်ယောက် ပြဿနာပေါ်လာလျှင် ကျန်နှစ်ယောက်က အမြဲတမ်းလိုက်ခံစားပေးနေကျဖြစ်သည်။ ငယ်ပေါင်းကြီးဖော် အစစ်တွေမို့ သံယောဇဉ်ကြီးမားကြ၏။

"ဟေ့ကောင် . . အန်ကယ်ထွေးနဲ့ ရွှေစင်မိုးတို့ကိစ္စကို မင်းကောင်မလေး သိတယ်တဲ့လား"

မြင့်ဇော်အမေးကို လင်းထိုက်က ခေါင်းရမ်းပြသည်။ သူ့လက်ဖက်ရည်ခွက်ထဲမှာ ယင်ကောင်နှစ်ကောင် ပေါလောမျောနေ၏။

"ဟာ . . အဲဒါဆို မဆိုးဘူး၊ ကိုယ်လည်း ဘာမှမသိသလိုနဲ့ အဖြေရတဲ့အထိ ဆက်လိုက်ပါလားနော် မြင့်ဇော်၊ အဲဒါဆိုလည်း ဖြစ်တာပဲ"

တင်အောင်ထွေးကတော့ အတင်းကို အားပေးတိုက်တွန်းနေတော့သည်။ မြင့်ဇော်က မျက်စောင်းတစ်ချက်လှမ်းထိုးပြီး သောက်လက်စ ရေနွေးခွက်ကို ဆောင့်ချသည်။

"မင်းအသာနေစမ်း တင်အောင်ထွေးရာ၊ မင်းဦးနှောက်လေးနဲ့ ဝင်မပြောနဲ့"

တင်အောင်ထွေးက ချက်ချင်းတုံ့ပြန်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော ဘယ်လောက်တော်နေ၊ တတ်နေလို့လဲ ခွေးဝဲစားရဲ့၊ ငါနော် တောက်"

"ဟာ တော်ကြစမ်းပါကွာ၊ မင်းတို့ကလည်း တစ်မျိုး"

လင်းထိုက်ထအော်တော့မှ နှစ်ယောက်စလုံး ငြိမ်ကျသွားသည်။ အပူရှိန်က နံနက်ခင်းကို ကိုက်ဖဲ့မျိုချပစ်လိုက်သည်။ ခါတ်ကြိုးတန်းပေါ်မှာ စက္ကူစွန်တစ်ခု သေဆုံးပျက်ယွင်းနေ၏။ ဒေါသတကြီး မောင်းနှင်နေကြသည့် ကားများ၏လမ်းဘေးမှာ အိပ်မက်တစ်ခုက ထော့ကျိုးလှမ်းနေရလေသည်။

"လင်းထိုက်၊ ငါတို့က စေတနာနဲ့ပါကွာ၊ မင်းကို အနှောင့်အယှက်ဖြစ်ဖို့ မရည်ရွယ်တာအမှန်ပါ၊ အခုဟာက အရင်လို မင်းကို စနောက်နေတာလည်း မဟုတ်ပါဘူး၊ ငါတို့ . . . "

"အေးပါကွာ၊ ငါသိပါတယ်၊ ငါလည်း ဘာရယ်မဟုတ်ဘူး ဟော့ကောင်ရေ၊ စိတ်လေနေတာဆိုတော့ သိတဲ့အတိုင်းပဲ"

မျက်နှာငယ်လေးဖြင့် ရှင်းပြနေသော တင်အောင်ထွေးစကားကို လင်းထိုက်ဖြတ်ပြောလိုက်သည်။ ယင်ကောင်နှစ်ကောင်ခုန်ဆင်းထားသော အေးစက်နေသည့် လက်ဖက်ရည်ခွက်ကို သူသွန်ပစ်လိုက်သည်။ လင်းထိုက်က . . . .

"ဒီလိုကွာ၊ ခုနက မြင့်ဇော်မေးတုန်းက ကြည်ဖြူ အန်ကယ်ထွေးတို့ကိစ္စကို သိမသိဆိုတာ အမှန်ပြောရရင် ငါလည်းမသိဘူး မေးလည်း မေးမကြည့်မိဘူးလေကွာ၊ ငါနဲ့ကြည်ဖြူနဲ့က တကယ်တမ်းကျ ဘာမှမှမဖြစ်သေးတာ၊ နောက်ပြီး အန်ကယ်ထွေးကိုလည်း ငါ ကြည်ဖြူ့ကိုလိုက်နေတာကို ဒီအချိန်မှာ ပေးမသိချင်သေးဘူး ခများ သူ့ကွိုင်နဲ့သူရှုပ်နေတာ၊ အခြေအနေက ဘာမှန်းမသိရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အန်ကယ်တွေးပြောပုံအရဆို သိပ်တော့မမိုက်ဘူး၊ အန်ကယ်တွေး သနားပါတယ်ကွာ၊ ငါက အန်ကယ်တွေးအပေါ် ဆိုးခဲ့တာတွေ ရှိပေမယ့် ငါ့ဦးလေးကိုတော့ ငါချစ်တယ်ကွ၊ အိမ်ထောင်ကျဖူးတဲ့ မုဆိုးဖိုဖြစ်ပြီး အသက် ၂၀ ကျော်ကွာတာကလွဲရင် အန်ကယ်တွေးမှာ ဘာမှပြောစရာမရှိဘူးလို့ ထင်တာပဲ၊ ရွှေစင်မိုးကတော့ ရှင်းတယ်၊ သူ့သဘောထားကို ငါသဘောကျတယ်၊ အိမ်က သဘောမတူလည်း မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်မယ်လို့ ပြောတယ်တဲ့၊ ငါ့ဦးလေးဘက်ပါလို့ ပြောတာမဟုတ်ဘူးနော်၊ ကိုယ့်ဆုံးဖြတ်ချက်အပေါ် အပြည့်အဝ ယုံကြည်မှုရှိတဲ့ သူ့စိတ်ဓါတ်ကို ငါသဘောကျတာ"

လင်းထိုက်စကားအဆုံးမှာ ဘယ်သူမှ ရှေ့ဆက်မပြောမိကြတော့ပေ။ သူတို့အားလုံး အတွေးကိုယ်စီနှင့် မီးခိုးတွေ အူနေကြ၏။

"လင်းထိုက်၊ ငါတစ်ခုပြောချင်တယ်၊ မြင့်ဇော် မင်းလည်း သေချာနားထောင်ကွာ၊ ဖြတ်မပြောကြေး၊ ငါပြောပြီးမှ မင်းတို့ပြောချင်ရာပြောကြ"

ခဏကြာတော့မှ တင်အောင်ထွေး ဣန္ဒြေရရပြောလာသည်။ မြင့်ဇော်ကလည်း အလိုက်တသိ ခေါင်းညိတ်လျက် သဘောတူကြောင်း အချက်ပြလိုက်၏။ ကာယကံရှင် လင်းထိုက်ကတော့ ဘာမှမပြောဘဲ လုံးဝငြိမ်သက်နေလေသည်။

အခုငါပြောမှာက မျက်ကန်းတစ္ဆေမကြောက် ပုံစံမျိုး ပြောတာ ဘူးနော်၊ မင်းတို့ကိစ္စမှာ အန်ကယ်တွေးတို့ပြဿနာ ကြားဝင်လာ တာမှန်တယ်၊ မကြာခင်မှာ တစ်နည်းမဟုတ်တစ်နည်းနဲ့ ဇာတ်တွေ ရှုပ်ကုန်မှာကိုလည်း ငါတွေးမိပါတယ်၊ ဒါပေမယ့်ကွာ၊ ဒီကောင်က

www.burmeseclassic.com



ဖွင့်ပြောပြီးသွားပြီ၊ ကောင်မလေးဘက်က အဖြေသိရဖို့ပဲ ကျန်တော့တယ်၊ ကဲကွာ အခြေအနေတွေ ရှုပ်ထွေးကုန်မှာစိုးလို့ ခဏာပဲဖြစ်ဖြစ် မင်းဘက်က နောက်ဆုတ်နေတယ် ထားပါတော့၊ ဟိုမိန်းကလေးဘက်ကိုရော မကြည့်ကြတော့ဘူးလား၊ သူဘယ်လိုထင်မလဲ၊ သူ့မှာလည်း Yes or No ဖြေစရာစကားတစ်ခွန်းတော့ရှိမှာပဲ၊ ပြောချင်တာတွေရှိမှာပဲ၊ သူ့စိတ်ထဲမှာ မင်းအပေါ် ဘယ်လိုထင်သွားမလဲ၊ မင်းကိုဒီလူက ဘယ်လိုလဲ၊ စကားတစ်ခွန်းကို အခွင့်အရေးရတုန်း ကြုံလို့ဝင်ပြောတဲ့ပုံစံနဲ့ ဝင်ပြောပြီးကာမှ အလေးမထားတဲ့သဘောနဲ့ ဘာသိဘာသာ နောက်ပြန်ဆုတ်သွားတာလို့ ထင်သွားရင် မကောင်းဘူးလေ သိလား . . .။ ငါပြောချင်တာ အဲဒါပဲ”

ဒီတစ်ခါ တင်အောင်ထွေးစကားမှာ တွေးစရာတွေ ပါနေတာကို လင်းထိုက်ရော၊ မြင့်ဇော်ပါ အလေးအနက် သတိပြုမိကြသည်။

မြင့်ဇော်က လေပူတစ်ချက်မှုတ်ထုတ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိ၏။ တင်အောင်ထွေးမှာ စကားတွေပြောလိုက်ရသဖြင့် အာခြောက်သွားပုံရသည်။ ရေနွေးပူပူကို တဖြည်းဖြည်းချင်း မှုတ်သောက်နေသည်။ အပွဲပွဲနွှဲလာခဲ့သော ဇာတ်လိုက်ကျော်ကြီးလင်းထိုက်ကတော့ ငြိမ်သက်စွာ တုံဏှိဘာဝေလုပ်နေလေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ကျောင်းရှေ့မှာ လင်းထိုက်ဆောက်တည်ရာမရသလို တုန်လှုပ်နေသည်။ ရည်းစားတွေလည်း ထားခဲ့တာများပါပြီ။ ဒီချာတိတ်မလေးနဲ့မှ ငါဘာတွေစိုးရွံ့နေပါလိမ့်။ သူက စောင့်နေရသောကြောင့် နာရီတွေကို စိတ်မရှည်စွာ ဆဲရေးလိုက်မိ၏။

တစ်နေ့က တင်အောင်ထွေးစကားအပေါ် သူတို့အသေအချာ ဆွေးနွေးဖြစ်ခဲ့သည်။ အရေးအကြောင်းရှိလျှင် အမှန်တကယ်အားကိုးရသည့် သူငယ်ချင်းတွေကို လင်းထိုက် တကယ်ကျေးဇူးတင်ပါသည်။ ဆွေးနွေးမှုများအဆုံးတွင် သဘောတူညီမှု ရလိုက်သည်မှာ ကြည်ဖြူဆီမှ အဖြူအမည်းကွဲပြားအောင် အဖြေရသည်အထိ လင်းထိုက်က ဆက်လှုပ်ရှားရန်ဖြစ်သည်။ ထိုကိစ္စပြီးမှ နောက်တစ်ဆင့်ကို လိုအပ်သလို ဆက်စဉ်းစားကြမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဆက်စဉ်းစားစရာမလိုအောင် တစ်ခါတည်းပြီးပြတ်ခဲ့ရင် ရော . . .!! သူ့ဝိညာဉ်တွေက ဒေါသတကြီး ငြင်းဆန်နေကြသည်။ တင့်အင်း . . အဲဒီလို မဖြစ်ရဘူး။ တကယ်တမ်းမှာ ဘယ်သူက သေချာသိနိုင်ပါ့မလဲ။ လင်းထိုက်စိုးရွံ့နေသည့် အနာဂတ်ပြဿနာ အခြေအနေကို မရောက်လိုက်ပဲ ကြည်ဖြူဘက်ကတော့ No ပဲဆိုရင် တော့ သွားပြီ ။

လင်းထိုက်က တစ်ယောက်တည်း ခေါင်းတွေခါယမ်းနေမိ သည်။ ရှေ့ကဖြတ်သွားသော လူတစ်ယောက်က နားမလည်နိုင်သည့် အမူအရာဖြင့် ကြည့်သွားတော့မှ သူ့ကိုယ်သူ သတိထားမိကာ လင်းထိုက် ရှက်သွားရ၏။

နေ့လည်ခင်းပေမယ့် တိမ်ထူထပ်နေသောကြောင့် အပူရှိန် အနည်းငယ်သက်သာလျက်ရှိသည်။ ပျားပန်းခတ်နေသည့် လူတွေ ကြားမှာ သူကစောင့်ကြည့်ရှာဖွေနေမိဆဲ။ ငါ့ရဲ့သွေးခုန်နှုန်းလေး ကြည်ဖြူ . . . ။

တုန်လှုပ်မှုအပြည့်နဲ့ တွေ့ရှိခဲ့တဲ့ ဒီမျှော်လင့်ခြင်းဟာ အချစ် ဆိုတာများလား။ ဘာပဲဖြစ်ဖြစ် သူက တုန်ယင်မက်မောစွာ စောင့် မျှော်နေပါသည်။

* * * *

ရုတ်တရက် လင်းထိုက်မျက်လုံးတွေ အရောင်လက်သွား ၏။ သူမသူငယ်ချင်းတစ်ယောက်နှင့်အတူ လမ်းလျှောက်လာသော ကြည်ဖြူ့ကို သူလှမ်းမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်စောင့်နေရမှာလား။ ကိုယ်ကအရင်သွားပြီး နှုတ်ဆက်ရမှာလား ဆုံးဖြတ်လို့မရသေးခင် ကြည်ဖြူကလည်း သူ့ကိုလှမ်းမြင်သွားခဲ့ပါသည်။ သူမက ခေါင်းလေးငုံ့လျက် ဆက်လျှောက်လာသည်။ သူမဘာပြောလိုက်သလဲတော့ မသိ။ ဘေးမှ သူငယ်ချင်းကောင်မလေးပါ လင်းထိုက်ကို တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ကြည်ဖြူ့ကို တစ်စုံတစ်ခုပြောကာ နှစ်ယောက်သား ရယ်မောနေပြန်သည်။

အနားရောက်လာတော့ လင်းထိုက်က သူမဆီတိုးကပ်သွားပြီး နှုတ်ဆက်လိုက်သည်။ အသံက သိပ်မထွက်ချင်။

"ကြည်ဖြူ . . အခုမှ ကလပ်စ်ပြီးတာလား"

"ဩော် . . ကိုလင်းထိုက်၊ ဟုတ်တယ် အခုမှပြီးတာလေ၊ နောက်ကလပ်စ်တစ်ခုက နည်းနည်းလိုသေးတယ်ဆိုတော့ အဲဒါ မုန့်သွားစားမလို့"

ကြည်ဖြူက သူမသူငယ်ချင်းကို ညွှန်ပြသဖြင့် လင်းထိုက်လည်း လှည့်ပြီးပြုံးပြလိုက်ရသည်။ ကြည်ဖြူသူငယ်ချင်းမလေးကလည်း ခင်တတ်ပုံရပါသည်။ သူ့ကိုဖော်ရွေစွာပင် ပြန်လည်ပြုံးပြနှုတ်ဆက်သည်။

"ဟဲ့ . . မိုးသူ ဒါ ငါတို့ရပ်ကွက်ထဲကပဲလေ၊ ကိုလင်းထိုက်တဲ့၊ သူက မမနဲ့အသက်အတူတူပဲ၊ မနှစ်ကမှ ကျောင်းပြီးတာ၊ ကိုလင်းထိုက် ဒါကြည်ဖြူသူငယ်ချင်း မိုးသူတဲ့"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်လည်း မုန့်လိုက်စားမယ်နော်"

လင်းထိုက်အရွှန်းဖောက်လိုက်သဖြင့် မိုးသူနှင့်ကြည်ဖြူတို့မှာ တိုင်ပင်ထားသလို ရယ်မိသွားကြ၏။ မိုးသူကလည်း လင်းထိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်နောက်သည်။

"ရပါတယ် ကိုလင်းထိုက်ရဲ့၊ လိုက်ခဲ့ပါ။ မိုးသူတို့ကလည်း ညထဲက အိပ်မက်အရသိပြီးသား၊ ဒီနေ့ အထိမ်းအမှတ်ပွဲတစ်ခုခုမှာတော့ စားရကိန်းရှိနေတယ်ဆိုတာ နိမိတ်ကောက်ပြီးသား"

မိုးသူက ကြည်ဖြူ့ဘက်ကို မျက်လုံးဝေ့ကြည့်၍ ပြောခြင်းဖြစ်သောကြောင့်၊ ကြည်ဖြူ့မျက်နှာမှာ ချက်ချင်းရဲတက်လာပြီး မိုးသူလက်မောင်းကို ဆွဲဆိတ်တော့၏။

"အား . . နာတယ် မိကြည်ဖြူရဲ့၊ ငါဘာပြောလို့လဲ"

"မိမိုးနော် . . နင့်ပါးစပ် သိပ်သရမ်းတာပဲ"

မိုးသူ တခိခိရယ်သည်။ လင်းထိုက်ကို လှည့်ကြည့်ပြီး ဆက်ပြောပြန်သည်။

"ဟဲ့ . . ငါက ကိုလင်းထိုက်နဲ့ ငါနဲ့ ခင်တဲ့အထိမ်းအမှတ်အဖြစ် မုန့်စားရမှာ ပြောတာလေ၊ နင်က ကိုယ်လိုရာဆွဲတွေးမနေနဲ့ပေါ့"

ပွင့်လင်းစွာ ပြောဆိုနောက်ပြောင်တတ်သည့် ကျောင်းတော်ကြီးမှ အစဉ်အလာကို ရင်းနှီးသိရှိပါသော်လည်း၊ ဒီတစ်ခါတော့ လင်းထိုက်ကိုယ်တိုင် မျက်နှာတွေပူလာသည်။ ထို့ကြောင့် စကားကို ကပျာကယာလွှဲဖို့ ကြိုးစားရတော့၏။

"ဟုတ်ပါတယ်ဗျာ၊ ခင်မင်မှုအထိမ်းအမှတ်အဖြစ် ကျွန်တော်တစ်ခုခုလိုက်ကျွေးပါရစေ၊ မိုးသူတို့ ဘယ်သွားကြမလဲ"

ကြည်ဖြူမျက်နှာပေါ်မှာ အနီရောင်မိုးတိမ်လေးတွေ အုံ့မှိုင်းလက်ဖြာလျက် ရှိပါသည်။ လင်းထိုက်ကပဲ ဆိုင်ကိုရွေးချယ်ပေးပြီးသည့်နောက် သုံးယောက်သားအတူ စကားတပြောပြောနှင့် လျှောက်



www.burmeseclassic.com

www.burmeseclassic.com


လာခဲ့ကြ၏။ လင်းထိုက်ရွေးသည့်ဆိုင်က ကျောင်းနှင့်သိပ်မဝေးလှသောကြောင့် သွားရလာရတာ အဆင်ပြေသည်။

ကြည်ဖြူနှင့်မိုးသူတို့က ကြက်ဆီထမင်းတစ်ပွဲစီ မှာကြသည်။ သူကတော့ သင်္ဘောသီးဖျော်ရည်တစ်ခွက်သာ မှာဖြစ်သည်။ ဗိုက်မဆာလို့ပါဟုလည်း ကြိုတင်ပြောထားရသေးသည်။ မိုးသူက သိပ်လွယ်တာမဟုတ်။ သွက်လက်ချက်ချာပြီး အစအနောက်သန်လေသည်။

လက်ရှိအခြေအနေက သူကြိုတွေးထားသည်ထက်ပင် အဆင်ပြေနေပါသည်။ သူ့အပေါ် ကြည်ဖြူ တင်းတင်းမာမာဆက်ဆံခဲ့လျှင် ခက်ပြီဟုတွေးကာ စိုးရွံ့ခဲ့သမျှ အခုတော့ သက်သာရာရသွား၏။ ဒီနေ့အဖို့ မိုးသူစနောက်သမျှကို သူနှစ်ခြိုက်စွာ ရယ်ပြုံးနေရုံသာ ရှိတော့သည်။ ကြည်ဖြူရှက်နေတာကိုလည်း ခိုးကြည့်ရင်း လင်းထိုက်ရင်ခုန်သံတွေ ဖရိုဖရဲဖြစ်နေ၏။ ဣန္ဒြေမပျက်အောင် မိုးသူစကားကို နားထောင်ရင်း စိတ်ကိုအတင်းနှစ်ထားရလေသည်။ လာလည်တာက ကြည်ဖြူဆီ။ တကယ်တမ်း စကားပြောနေရတာက မိုးသူနှင့် . . .။ ဘာပဲဖြစ်ဖြစ် သူမကို မြင်တွေ့ရုံသက်သက်ဖြင့်ပင် သူပျော်ပါသည်။

"ဟဲ့ . . ကြည်ဖြူ ဒါ နင့်ညှော်သည်နော်၊ ငါလည်း အာခေါင်တွေခြောက်နေပြီ"

မိုးသူက ကြည်ဖြူဘက်လှည့်သွားပြန်သည်။ သူကတော့ ပြုံးရုံပြုံးနေရ၏။

"အံမာ . . နင်ရေပက်မဝင်အောင် ပြောနေတာပဲဟာ၊ ငါက ဘာဝင်ပြောရမှာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဟယ် sorry သူငယ်ချင်းရယ်၊ ဟုတ်တယ်၊ ငါအလိုက်သိသလို ဖြစ်သွားတယ်၊ ခွင့်လွှတ်ပါနော်၊ ဒီအကြွေးတွေ နောက်ဘဝကျမှ ဆပ်ပါ့မယ်"

မျက်နှာသေလေးဖြင့် ပြောလိုက်သည့် မိုးသူကိုကြည့်ပြီး သူရော ကြည်ဖြူပါ မရယ်ဘဲ မနေနိုင်တော့ . . .။

နောက်တော့လည်း ကြည်ဖြူနှင့်သူ စကားတွေပြောဖြစ်ကြပါသည်။ မိုးသူကလည်း သိပ်မနောက်တော့ပဲ အတည်ဝင်ပြောသည်။ စကားတွေပြောကြရင်း သူ့စိတ်က ကျောင်းသားဘဝနေ့ရက်တွေဆီ ပြန်ရောက်သွားသလို ခံစားလာရသည်။

စာအုပ်တွေအကြောင်း၊ ကျောင်းတော်ကြီး၏ အမှတ်တရများ၊ ဘဝအတွေ့အကြုံတချို့ စသည်ဖြင့် . . . ကြုံရာဆုံရာကိစ္စများကို ပြောဖြစ်ကြ၏။ သူလည်း သူမတို့ကို ဟာသတွေ၊ နာကျင်မှုတွေ၊ သူငယ်ချင်းတွေ ရေပွန်းထားသည့် ကျောင်းသားတစ်ယောက်မှတ်ဉာဏ်ထဲမှ နေ့စွဲအဟောင်းများအကြောင်း တခုတ်တရ ပြောပြဖြစ်ခဲ့သည်။

နာရီဝက်ခန့်ကြာတော့ မိုးသူက နာရီကိုကြည့်၍ အလန့်တကြား ထအော်လေသည်။

"ဟယ် . . သေပြီဆရာ၊ ကြည်ဖြူရေ၊ ငါ ကိုရဲနဲ့ချိန်းထားတာ၊ ဒီမှာ စကားကောင်းနေတာနဲ့ လွဲပြီတော့၊ ဒုက္ခပါပဲဟယ် ပြေးမှပဲ၊ ကိုလင်းထိုက်ရယ် အားတော့နာတယ်၊ သူပြောပြလိမ့်မယ်၊ သူသိတယ် ကျွန်မကိစ္စကို၊ အခုတော့ ခွင့်ပြုဦးနော်"

"ရပါတယ်ဗျာ၊ အေးဆေးပါ၊ သွားစရာရှိတာသွားပါ၊ အားမနာပါနဲ့၊ နောက်တော့မှ တစ်ခါထပ်ဆုံကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ကိုလင်းထိုက်သွားပြီ၊ ကြည်ဖြူ နင်နဲ့ငါ အတန်းထဲမှာ ပြန်ဆုံမယ် လစ်ပြီ"

စကားတွေပြောဆိုနှုတ်ဆက်ရင်း မိုးသူက အပြေးတစ်ပိုင်းနှင့် ထွက်သွားသည်။ ဆိုင်အပြင်ရောက်မှ တစ်ခါပြန်ဝင်လာသဖြင့် မိုးသူဘာမေ့ကျန်ခဲ့ပါလိမ့်ဟု သူတွေးနေမိဆဲ . . ၊ မိုးသူက ကြည်ဖြူကို စကားတစ်ခွန်း လှမ်းပြောလိုက်ပါတော့သည်။

"ဟဲ့ . . ကြည်ဖြူ ငါတော်တော်နောက်ကျနေလို့ သိလား၊ ချိန်းထားတာက ညနေ ၄ နာရီခွဲလေ၊ နင်တို့ကို တမင်ရှောင်ပေးတာ မဟုတ်ဘူးနော်၊ သွားပြီ တာ့ တာ"

ကြည်ဖြူတော့ မည်သို့နေမည်မသိ။ အစအနောက်သန်သည့် လင်းထိုက်လိုကောင်မျိုးပင် အီစိမ့်သွားလေသည်။ မိုးသူက တကယ်မလွယ်ပါလား။ ၄ နာရီခွဲချိန်းတာတဲ့။ အခုမှ နေ့လည် ၂ နာရီ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

မိုးသူဒုတိယအကြိမ် ပြန်ထွက်သွားကတည်းက ကြည်ဖြူ တစ်ယောက် ခေါင်းကိုမဖော်တော့ပေ။ သူလည်း ဘာပြောရမှန်း မသိ ဖြစ်နေသဖြင့် ဆွံ့အစွာ ဆက်ဆိုင်နေရလေသည်။

ခဏကြာတော့ ကြည်ဖြူမရဲတရဲ ခေါင်းကိုမော့ကာ သူ့ကို လှမ်းကြည့်သည်။ လင်းထိုက်ကလည်း သူမကို ငေးကြည့်နေခိုက်နှင့် သွားကြုံသဖြင့် ကြည်ဖြူက ဆတ်ကနဲ အကြည့်ကို ချက်ချင်းလွှဲပစ် လိုက်၏။

လင်းထိုက်က သက်ပြင်းငွေ့ငွေ့ရှိုက်ရင်း မသိမသာ ပြုံးမိ လေသည်။

"ကြည်ဖြူ"

လင်းထိုက်ခေါ်သံက ခပ်တိုးတိုး . . .။ ကြည်ဖြူက ပြန်



www.burmeseclassic.com

www.burmeseclassic.com



မထူးပေ။ လှည့်တော့ ကြည့်သည်။ ထိုမျက်ဝန်းလေးတွေထဲမှာ သူ့အတွက် လေညင်းတဖျပ်ဖျပ် လင်းနေသယောင် ခံစားမိသည်။

"ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကို ဘာဖြစ်လို့ စကားမပြောတာလဲဟင်၊ ကြည်ဖြူဆီကို လာတဲ့ညှော်သည့်ပါ၊ လာလည်တာ မကြိုက်လို့လား၊ ဟုတ်လားဟင်"

မျက်စောင်းလေးတစ်ချက်ဖြင့် လင်းထိုက်ရင်တစ်ခုလုံးကို သူမ စတင်ထွန်းညှိလိုက်လေသည်။ ထိုမျက်စောင်းလေးတစ်ချက်ထဲမှာ အင်းလျားကန်ပါသည်။ မိုးစွေ့ငှက်ပါသည်။ ကျိန်စာ၊ ဆည်းလည်းသံ၊ အိပ်မက်လမ်းမနှင့် ဂျပ်စ်ဂီတလည်းပါသည်။

ကောင်းကင်၏ရယ်မောသံ၊ မမြင်ရသည့် ချောက်ကမ်းပါး၊ ပဲ့လက်ဆရာ၏ နံနက်ခင်းနှင့် တောင်ပံခတ်လာသော အနမ်းတွေပါသည်။

လင်းထိုက်အကြည့်ကို သူမက စူးစူးရဲရဲ ပြန်ကြည့်သည်။ ဒီလိုဆိုတော့လည်း ငှါနတ်သမီးလေးက သတ္တုဆန်ဆန် တောက်ပမာကျောလှပေရဲ့။

သူက သတ္တုနတ်သမီးလေးကို ကျေနပ်စွာ ငေးမောနေခဲ့မိသည်။

"စကားလေးဘာလေး ပြန်ပြောပါ ကြည်ဖြူရယ်နော်၊ လိမ္မာပါတယ်ကွာ"

"ဘာလိမ္မာပါတယ်လဲ၊ လူကိုများ ကလေးကျနေတာပဲ၊ ငေါ်တွေကိုမုန်းတာ သိလား"

နှစ်ယောက်တည်းရှိချိန်တွင် ပထမဦးဆုံးအကြိမ် ကြားရသည့် ချစ်သူ၏ စကားသံသည် ချိုပေစွ။



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက်မှာ သိမ်သိမ်မွေ့မွေ့ပင် မူးယစ်ပြီုလဲစပြုလာသည်။

"ကလေးမဟုတ်ရင် လူကြီးပေါ့၊ အဲဒါဆို ဟိုနေ့က ကျွန်တော်ပြောထားတဲ့ကိစ္စ ဘယ်လိုလဲ"

"ဘာကို ဘယ်လိုလဲရမှာလဲ၊ ဘယ်လိုမှ မလဲဘူး ဒါပဲ"

စကားအဆုံး၌ သူမနှုတ်ခမ်းလေးကို မဲ့လိုက်ပုံမှာ အရုပ်ဆိုးမသွားသည့်အပြင် ပိုမိုချစ်စဖွယ်ကောင်းနေလေ၏။ လင်းထိုက်အံ့သြနေသည်။ ကြည်ဖြူ သူ့ကို ဒီလို ရဲရဲဝံ့ဝံ့ပြန်ပြောသည်ကို တစ်ခါမှ မကြုံဖူးခဲ့သဖြင့် စဉ်းစားရကျပ်နေသည်။

"ငါ့ကို ခေါင်းထဲ လုံးဝထည့်မထားလို့ ခပ်တင်းတင်း ပြန်ပြောရဲတာပဲဖြစ်မယ်" ဆိုသည့်အတွေးက သူ့ကို မဖွယ်မရာ ကြီးစိုးလာသည်။

"ကြည်ဖြူ အဲလိုတော့ အစိမ်းလိုက်ကြီး မရက်စက်နဲ့ကွာ နော်၊ ဘာလဲ ကျွန်တော့်ကို မယုံလို့လား၊ မဟုတ်ဘူး ကြည်ဖြူ ဒီတစ်ခါ ကျွန်တော် လုံးဝကိုယ့်ကိုကိုယ် ယုံထားတယ်၊ အေးလေ ကြည်ဖြူကတော့ ဘယ်ယုံမှာလဲ၊ ကျွန်တော်ကလည်း . . ."

"ဟိတ်"

သွေးရူးသွေးတမ်းဖြစ်နေသူ တစ်ယောက်ပမာ ခေါင်းကြီးအောက်စိုက်၍ ပြောနေသည့် လင်းထိုက်မှာ သူမအသံကြောင့် လန့်သွား၏။

သူ့ကိုပြုံးကြည့်နေသော ကြည်ဖြူမျက်နှာပေါ်မှာ ထူးခြားလှပသည့် အရိပ်သင်္ကေတနတွေ တလက်လက် တောက်ပနေသည်။

"နားညည်းတယ်၊ ဘာတွေလာပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကြည်ဖြူအမူအရာနှင့် အသံက ပြောင်းလဲသွားပြန်သည်။ လင်းထိုက်ရှူးချင်သလို ဖြစ်လာသည်။

ကြည်ဖြူက သူ့မလွယ်အိတ်ထဲမှ တစ်ခုခုနှိုက်ယူလိုက်တာကို မြင်သော်လည်း ဘာမှန်းသေချာမသိ၊ စိတ်လည်း မဝင်စားမိသေးပေ။

သူ့ကို မခိုးမခန့်ပြုံးပြရင်း ကြည်ဖြူက ထိုအရာကို စားပွဲပေါ် အသာတင်လိုက်သည်။ လင်းထိုက်သူမကို အလန့်တကြား မော့ကြည့်မိပြန်သည်။

သူပေးထားသော ဖန်စီအိတ်ကလေး။ ဒါဆို ကြည်ဖြူက သူ့လက်ဆောင်ကို မှတ်မှတ်ရရ အသုံးပြုတယ်ပေါ့။ ဒါဖြင့် . . . ဒါဖြင့် . . . ။

သူမကို ထပ်ကြည့်လိုက်တော့ ကြည်ဖြူက မတ်တပ်ထရပ်လျှက် ပြန်ဖို့အသင့်ဖြစ်နေတာ တွေ့ရသည်။ လင်းထိုက်ရင်ထဲမှာ မျှော်လင့်ချက်တွေ ဝေဝေဝါးဝါးနှင့် ရှုန်းရင်းဆန်ခတ် ဖြစ်နေကြသည်။ ဘာမှမမေးတော့ဘဲ မှိန်ဖျော့စွာပင် သူဆက်ထိုင်နေလိုက်တော့၏။

"ဒီမှာ ဟိုလူကြီး"

ကြည်ဖြူ့အသံကြောင့် လင်းထိုက်မော့ကြည့်ရပြန်သည်။

"ကြည်ဖြူ ကျောင်းပြန်တက်ရဦးမယ်၊ ရှင်လည်း ပြန်တော့လေ၊ ဘာလုပ်နေတာလဲ"

သူ ပြုံးတော့ ပြုံးလိုက်မိသေးသည်။ ဘာလုပ်နေတာလဲတဲ့လား ကလေးရယ်။ ကြည်ဖြူက စားပွဲကိုပတ်ပြီး လမ်းလျှောက်လာကာ သူ့အနီးတွင် ခဏလာရပ်သည်။ လင်းထိုက်မော့မကြည့်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို တစ်ခါတည်း အပြတ်ပြောခဲ့မယ်၊ ကြည်ဖြူက ကလေးမဟုတ်ဘူး၊ အမှားအမှန်ခွဲနိုင်တဲ့ အရွယ်ရောက်နေပြီ၊ အဲဒီတော့ ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲရင့်ရင့်ချနိုင်တယ်၊ ရှင်သိထားဖို့က ကြည်ဖြူကလေ သိုးတွေကိုပဲ တံခါးဖွင့်ပေးလိုက်တယ်၊ ဒါပဲ"

လင်းထိုက်ဆတ်ကနဲ ခေါင်းထောင်လာသည်။ ကြည်ဖြူ့ အပြေးလေး လှမ်းထွက်သွားတာကို လိုက်ငေးရင်း သူတဖြည်းဖြည်းချင်း ပြုံးလာလေတော့သည်။

ထိုနေ့လည်ခင်းတစ်ခုလုံး လက်ကိုင်အိတ်လေးနှင့်သူ စကားတွေထိုင်ပြောကာ၊ သူတို့နှစ်ဦးစလုံး၏ ပိုင်ရှင်မလေးကြည်ဖြူ ပြန်လာသည်အထိ မပျင်းမရိ ထိုင်စောင့်မျှော်ခဲ့ကြသည်။

သိုးတွေကိုပဲ တံခါးဖွင့်ပေးလိုက်တယ်တဲ့လား။ တစ်ခါက လင်းထိုက်ပြောပြခဲ့ဖူးသော အဖြစ်အပျက်တစ်ခုထဲမှ စကားလုံးနှင့်ပင် သူမက သူ့ကို အဖြေပြန်ပေးခဲ့ပါသည်။ ကြည်ဖြူက ဒီလိုနေရာတွင်တော့ မယုံကြည်နိုင်လောက်အောင် ရဲရင့်ပွင့်လင်းနေပြန်သည်။

လက်ကိုင်အိတ်လေး၏ အဖြူရောင်ကာလာပေါ်တွင် ခပ်သော့သော့ရေးထားသော လက်ရေးတစ်ခုက လင်းထိုက်ကို ပြုံးပြနေသည်။

"အဖြူရောင်ကိုပဲချစ်တာ" . . . တဲ့။

ကြည်ဖြူသည် သူတွေးထင်ထားသလို အမြဲတမ်း ရှက်ရွံ့နေတတ်သည့် မိန်းကလေးတစ်ဦးမဟုတ်မှန်း သိရသဖြင့်လည်း ဝမ်းသာကျေနပ်နေမိပါသည်။ ငါတကယ် ညံ့သေးတာပဲ။ လင်းထိုက်က သူ့ကိုယ်သူ အားမလိုအားမရ အပြစ်တင်နေမိ၏။

အချစ်စိတ်ဝင်လာတဲ့အခါ ဘယ်သူမဆို ပြောင်းလဲသွားတာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သတ္တိတွေ ရှိလာတတ်တာပဲ။ သူကိုယ်တိုင်လည်း ဒီလိုပဲလေ။ ကြည်ဖြူနှင့်တွေ့မှပင် သူကိုယ်တိုင် သတိမထားမိသည့် သူ၏ပြောင်းလဲမှုတွေ အမြောက်အမြားရှိခဲ့ပြီ မဟုတ်လား။

လေညင်းသည် ညနေခင်းကို သယ်ဆောင်လာကာစ။ ချစ်သူ၏ ခြေလှမ်းမှာ စည်းနှင့်ဝါးကို သင်ယူတတ်မြောက်ခါစ။

သူမက သူ့ကို "လင်း" ဟု ခေါ်ဝေါ်သုံးစွဲမည်ဖြစ်ကြောင်း အမိန့်ချသည့် ထိုညနေခင်းတွင် ကြည်ဖြူသည် အရဲရင့်ဆုံးတေး တစ်ပုဒ် ဖြစ်သည်။ နေဝင်ချိန်လမ်းမတစ်လျှောက် သူတို့နှစ်ယောက် အရာရာကို ကျေနပ်ပျော်ရွှင်နိုင်ခဲ့ကြသည်။

လင်းထိုက်အဖို့ သိရှိထိတွေ့ရသမျှသည် အိပ်မက်နှင့်တူလွန်းနေသည်။

"ကြည်ဖြူ ကျွန်တော့်ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်"

သူ့အမေးကြောင့် ကြည်ဖြူက ပါးစပ်ကို လက်ဝါးဖြင့်အုပ်ပြီး အားရပါးရ ရယ်တော့သည်။

"ကြည်ဖြူ လင်းကိုပြောမယ် နားထောင်၊ လင်းက ကြည်ဖြူထက် ၂ နှစ်ကျော်လောက်ကြီးတာ မှန်တယ်၊ အဲဒီတော့ ကျွန်တော်တွေ ဘာတွေ ပြောမနေနဲ့တော့၊ ကြည်ဖြူကလည်း အဲလိုပဲ အပိုတွေ လောကဝတ်တွေ ဖယ်လိုက်ပြီလေနော်၊ လင်းနဲ့ ကြည်ဖြူနဲ့ ရွယ်တူတွေလိုပဲပြောမယ်၊ သဘောတူလား"

သူက နှုတ်မှပြန်မဖြေဘဲ ခေါင်းညိတ်ပြလိုက်မိ၏။ ကြည်ဖြူ အိုင်ဒီယာနှင့် အခေါ်အပြောတွေက လင်းထိုက်ကို ဈေးခံရစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကြည်ဖြူအားရပါးရပြုံးလျက် သူ့ကိုကြည့်နေရာမှ နှာခေါင်းရှုံ့၍ ပြောင်ပြလိုက်၏။ လင်းထိုက်က တည်တည်ငြိမ်ငြိမ်လေး သူမကို မြတ်နိုးနေမိသည်။

သစ္စာတရားဆိပ်ကမ်းတွင် လှေငယ်တို့သည် တူညီမျှတသော အရွယ်နှင့်ပုံသဏ္ဌာန်များသာ ရှိပါသည်။ မည်သည့်အရပ်သို့ ရွက်လွှင့်ရသည်ဖြစ်စေ အတူတူ အားစိုက်ဖြတ်သန်းပါမည်ဟု သူတို့ ကျိန်ဆိုခဲ့ကြ၏။

လင်းထိုက် သူမကို တိုးတိုးလေး မေးကြည့်ခဲ့ပါသေးသည်။ မင်း ငါ့ကို လှည့်ဖျားနေတာလား စုန်းမလေးဆိုတော့ သူမကလည်း ခပ်တိုးတိုးလေး ပြန်ဖြေခဲ့သည်။

"ဟုတ်တယ်လေ လင်းရဲ့၊ မင်းကိုချစ်လွန်းလို့ ငါ့အနားရောက်လာအောင် လှည့်စားပြီး ခေါ်ခဲ့ရတာပေါ့" . . . တဲ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

လင်းထိုက်နှင့် သူရတို့သည် ဆိုင်ထဲမှာ စိတ်ပျက်လက်ပျက် ထိုင်နေကြသည်။ သူတို့ဆိုင်ဘက်သို့ ကွက်ကြည့်ကွက်ကြည့်လုပ်ကာ၊ အချင်းချင်း တီးတိုးပြောသွားကြသော ရပ်ကွက်ထဲက အချို့လူတွေကိုလည်း လင်းထိုက်အပြစ်မတင်ချင်တော့ပါ။ အခုအချိန်ထိ ဘယ်ရောက်နေမှန်း မသိရသေးသည့် အန်ကယ်ထွေးကိုသာ သူ့မှာ တွေးမိလေ ဒေါသထွက်ရလေ ဖြစ်နေသည်။

ညက အဖြစ်အပျက်ကို ပြန်သတိရမိတော့ လင်းထိုက် စိတ်တွေရှုပ်ထွေးကျပ်ခဲလာ၏။ သူရက မျက်နှာငယ်လေးဖြင့် သူ့ကို မရဲတရဲလှမ်းကြည့်ပြီး ခပ်တိုးတိုးမေးသည်။

"ကိုလင်းထိုက်၊ အန်ကယ်ထွေးဆီက ဘာမှမသိရသေးဘူး ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ ဘာမှလည်း မသိရသေးဘူး၊ အခုထိ ဘယ်ရောက်နေမှန်းလည်း မသိရသေးဘူး၊ အဲဒါကြောင့်ကို ငါစိတ်ညစ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတာ၊ မေမေတို့ဆီ ဖုန်းလှမ်းဆက်ရင် ကောင်းမလားလို့ ဆက်တော့ ဆက်ရမှာပဲ၊ နေပါစေကွာ၊ နောက်မှဆက်မယ်၊ လောလောဆယ် အန်ကယ်ထွေး ငါ့ဆီစဆက်သွယ်မှာကို စောင့်လိုက်ဦးမယ်၊ ညက ကိစ္စတွေ သူ့ကိုအရင်ပြောပြမှ ဖြစ်မှာကွ . . ."

သူရက နားလည်သဘောပေါက်စွာ ခေါင်းညိတ်ပြ၏။ ညက အဖြစ်အပျက်တွေကို သူရလည်း သိရှိထားသည်။ အမှန်တကယ်တော့ သူရတင်မဟုတ်၊ တစ်ရပ်ကွက်လုံး သိသွားကြပါသည်။ မနေ့ညက ကိစ္စတွေအားလုံး တစ်ရပ်ကွက်လုံး ပျံ့နှံ့နေလေပြီ။

မနေ့ကညဦးပိုင်းမှာ ကြည်ဖြူကိုမျှော်နေသော လင်းထိုက်ဆီ မမျှော်လင့်ထားသည့် ဧည့်သည်တွေ ရောက်လာခဲ့သည်။ ရပ်ကွက်လူကြီးတွေနှင့်အတူ ဒေါသတကြီးဖြစ်နေသော ကြည်ဖြူတို့ဖေဖေဦးအောင်ထွန်းက အန်ကယ်ထွေးကိုသာ တွင်တွင်မေးနေသည်။ လင်းထိုက်လည်း ဘာမသိဘမသိဖြင့် အန်ကယ်ထွေးပြန်မလာသေးကြောင်း ဖြေရ၏။

ဦးအောင်ထွန်းအမူအရာတွေက သမီးဇောနှင့် လူပင်သတ်တော့မလို ဖြစ်နေလေသည်။ လင်းထိုက်ကိုလည်း အော်ကြီးဟစ်ကျယ်စိတ်ဆိုးမာန်ဆိုးဖြင့် ရစရာမရှိအောင် ဖိဟောက်၏။ အန်ကယ်ထွေးဘယ်သွားမှန်းမသိပါဟူသော သူ့အဖြေကို လက်မခံဘဲ သိကိုသိရမည်ဟု အတင်းမေးမြန်းနေသဖြင့် လင်းထိုက်အတော်စိတ်ညစ်ရ၏။ ဦးအောင်ထွန်းနှင့်ပါလာသော ရပ်ကွက်ထဲမှ လူကြီးအချို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက်ကို အားတုံ့အားနာ ဖြစ်နေကြပုံရသည်။ နောက်ဆုံးတော့ အရမ်းစိတ်ဆိုးနေသည့် ဦးအောင်ထွန်းကို ထိုလူကြီးတွေကပင် ဖျောင်းဖျပြောဆိုကာ မနည်းဆွဲခေါ်သွားခဲ့ရ၏။ အန်ကယ်ထွေး ကတော့ ထိုညက ပြန်ရောက်မလာခဲ့ချေ။

အခုမနက် သူရဆိုင်ကိုရောက်လာတော့ ညက အန်ကယ် ထွေး မိန်းမခိုးပြေးသည်ဆိုသော သတင်းက တစ်ရပ်ကွက်လုံး ပျံ့နှံ့ နေပြီဖြစ်ကြောင်း လင်းထိုက်ကို ပြောပြ၏။

သူရ အိမ်ထဲခဏဝင်သွားသဖြင့် လင်းထိုက်တစ်ယောက် တည်း ဆိုင်မှာကျန်ရစ်သည်။ ကြည်ဖြူလည်း အနေရအထိုင်ရကျပ် ကာ စိတ်ညစ်နေမှာပဲဟု သူတွေးမိနေသည်။

ဘာပဲဖြစ်ဖြစ် ကြည်ဖြူနှင့် စကားပြောကြည့်ဖို့လိုသည်ဆို ပြီး သူ့က အရဲစွန့်၍ ဖုန်းထဆက်ကြည့်လိုက်၏။ ကံအားလျော်စွာ ကြည်ဖြူနှင့် တည့်တည့်တိုးသဖြင့် လင်းထိုက်ဝမ်းသာသွားသည်။

"ကြည်ဖြူ ရှုပ်ကုန်ပြီ သိလား၊ ညတုန်းကဖြစ်တာတွေ သိတယ်မဟုတ်လား"

"မသိဘဲနေပါ့မလား၊ အစ်မတစ်ယောက်လုံး ပါသွားတဲ့ ကိစ္စကို လင်းကလည်း၊ ဒီမှာလည်း စိတ်ညစ်လို့ သေတော့မယ်၊ ဖေဖေရယ် ဒေါသတွေ တအားထွက်ပြီး တစ်အိမ်လုံးကို ဆူပွက်နေ တာ သိလား"

ကြည်ဖြူအသံက ဖျော့ဖျော့မှိန်မှိန်သာ ကျန်တော့သည်။

"ညက ငါတို့အိမ်မှာ ကြည်ဖြူတို့ဖေဖေ လာကောသွား တယ် သိလား"

"သိတာပေါ့၊ ကြည်ဖြူနဲ့မေမေက ရှက်လို့ ဖေဖေ့ကို တား



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ ဘယ်လိုမှမရတာ၊ လင်းကို အားနာတယ်ကွာ၊ ဖေဖေ့ကို နားလည်ပေးလိုက်ပါ လင်းရယ်၊ သူတအားစိတ်ဆိုးနေတာ၊ အခုလည်း မမကို သမီးအဖြစ်က စွန့်လွှတ်ခြင်း ကြော်ငြာသွားထည့်မလို့တဲ့၊ ထွက်သွားလေရဲ့"

ထို့နောက် ဘာမှသိပ်ထူးထူးထွေထွေ မပြောဖြစ်တော့ပဲ ဖုန်းချလိုက်ရသည်။ သူမတို့အိမ်မှာ ရာသီဥတုက သိပ်မကောင်းဘူးမဟုတ်လား။ ကြည်ဖြူနှင့် ဖုန်းပြောပြီး ထိုင်မည်မှ မကြံသေး၊ ဖုန်းက ထမြည်ပြန်သည်။ လင်းထိုက်က ဖုန်းကို စိတ်မပါလက်မပါ ကောက်ကိုင်လိုက်၏။

"ဟဲလို"

"လင်းထိုက်လား၊ ငါပါကွ"

လင်းထိုက်မျက်လုံးတွေ ပြူးကျယ်သွားသည်။ လက်စသတ်တော့ အန်ကယ်ထွေးကိုး။

"ဟာ . . အန်ကယ်ထွေး၊ အမလေးဗျာ၊ အန်ကယ်ထွေး ဘာတွေလျှောက်လုပ်သွားတာလဲ၊ ဒီမှာ ကျွိုင်တွေတက်နေပြီ အန်ကယ်ထွေးရဲ့၊ ရွှေစင်မိုးအဖေ ညကအိမ်မှာလာပြီး ပွဲကြမ်းသွားတယ်၊ ကျွန်တော်တစ်ယောက်တည်း ရှာလည်နေပြီ"

"ငါသိတယ်၊ ကိုလင်း၊ အေးအေးဆေးဆေးရှင်းပြမှ မင်းသဘောပေါက်လိမ့်မယ်၊ လောလောဆယ် ငါဘာမှ ပြောမပြတော့ဘူး၊ မင်းနဲ့ငါ လူချင်းတွေ့ဖို့လိုတယ်၊ အဲဒါကြောင့် ဖုန်းဆက်လိုက်တာ၊ နောက် . . ငါ့ဗီရိုထဲက ပိုက်ဆံသုံးသိန်းကိုယူပြီး တိုက်ခွန်ရဲ့ဘေးနားက Morning star ဆိုင်ကိုလာခဲ့၊ ငါစောင့်နေမယ်၊ မြန်မြန်လာခဲ့ကွာ၊ ဆိုင်ကိုပိတ်ချင်ပိတ်ထားခဲ့၊ ဒါမှမဟုတ်လည်း သူရနဲ့လွှဲ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့လိုက် ပြဿနာမရှိဘူး၊ မင်းသာ အခုချက်ချင်းထွက်လာခဲ့၊ ဒါပဲကွာ ကိုလင်း၊ ငါစိတ်ချမယ်နော်"

သူဘာမှ မပြောလိုက်နိုင်ခင် အန်ကယ်ထွေးက ဖုန်းချသွားလေသည်။ သူရကို အကျိုးအကြောင်းရှင်းပြကာ ပိုက်ဆံတွေယူပြီး လင်းထိုက် အပြင်ထွက်ဖို့ပြင်လိုက်၏။

လမ်းထိပ်ကိုထွက်လာတော့ သူ့ကိုအချို့က စပ်စုချင်သည့်ပုံဖြင့် လိုက်ကြည့်ကြသည်။ အန်ကယ်ထွေးနှင့် ရွှေစင်မိုးတို့အကြောင်းကို မေးချင်မြန်းချင်နေကြဟန်တူပါသည်။

လူတွေကတော့ ဒီလိုပါပဲ။ အန်ကယ်ထွေးတို့အကြောင်းကို တွေးမိတော့ သူစိတ်မောသွားရသည်။

ဒီကိစ္စသည် ကြည်ဖြူနှင့် သူတို့ကိစ္စအထိ ရိုက်ခတ်တော့မည်ဆိုတာ လင်းထိုက်တွေးမိပါသည်။ ကြည်ဖြူလည်း စိတ်ညစ်နေရှာသည်။

အန်ကယ်ထွေးကို တွေ့မှပြောရဦးတော့မည်။ ဘယ်လိုလုပ်လိုက်တာလဲ အန်ကယ်ထွေးရယ်။ သူ့မှာ ရည်းစားအသစ်လေး ရရုံရှိသေးတာ။ ပေးဖို့အကြောင်းက ဖန်လာလေပြီ။

သူတို့နှစ်ယောက်၏ ချစ်သူဘဝကို ထပ်မံသိလိုက်ရပါက ရပ်ကွက်ထဲရှိလူတွေ ဝမ်းသာအားရ အတင်းပြောကြဦးမှာကို မြင်ယောင်မိသည်။ ရွှေစင်တို့အဖေ ဦးအောင်ထွန်းကြီးဆိုလျှင် တစ်ခါတည်း လဲသေသွားလောက်အောင် ဒေါသအမျက်တွေ တောက်လောင်နေပေလိမ့်မည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

"ကဲ ပြောစမ်းပါဦး အန်ကယ်ထွေးရာ၊ ဘယ်လိုဖြစ်ရတာလဲ"

လင်းထိုက်က စားပွဲပေါ် ပိုက်ဆံထုပ်ကိုတင်လိုက်ပြီး ဦးလေးဖြစ်သူအား စိတ်ပျက်လက်ပျက်ကြည့်ကာ မေးလိုက်ပြီး၊ အန်ကယ်ထွေးကတော့ အရယ်အပြုံးမပျက်။

"ပြောပါ့မယ်ကွာ၊ မင်းကလည်း ခရီးရောက်မဆိုက် တန်းမေးတာပဲ၊ မင်းကိုပြောပြချင်လို့ ခေါ်လိုက်တာပါဆိုနေမှ၊ နေပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက်စိတ်ပျက်လက်ပျက် ဖြစ်နေရတာတုန်း၊ အရင်က ငါမိန်းမယူရင် မင်းထောက်ခံမယ်ဆိုကွ၊ ကဲပါ မုန့်လေး ဘာလေးစားဦး"

အန်ကယ်ထွေးက လေပြေထိုး၍ မုန့်ကျွေးသည်ကို လင်းထိုက် ခေါင်းခါလိုက်ပါသည်။ တကယ်ပဲ ဘာမုန့်မှ စားချင်စိတ်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ကြည်ဖြူတို့ ကိစ္စကိုလည်း အခုမှ မထူးတော့ပြီမို့ အန်ကယ်ထွေးကို အတိုချုပ်၍ ရင်ဖွင့်ပြောပြရလေတော့သည်။

"အဲဒီလိုဗျ အန်ကယ်ထွေးရဲ၊ အခု အန်ကယ်ထွေးတို့က ရှေ့မှာပိတ်ပြီး အခုလိုကြီးဖြစ်သွားတော့ ကျွန်တော်လည်း ညစ်တာပေါ့ဗျာ၊ ကဲပါလေ . . ထားလိုက်ပါတော့၊ အန်ကယ်ထွေးကရော ဘယ်လိုဖြစ်ပြီး ဖြုန်းစားကြီး ခိုးပြေးကြတာလဲ"

"ဟာ . . ဒီလိုမလုပ်လို့ ဖြစ်ကိုမဖြစ်တော့လို့ပေါ့ ကိုလင်းရဲ၊ ငါလည်း လူကြီးပဲကွာ၊ စဉ်းစားတတ် ရှက်တတ်ပါတယ်၊ မနေ့က ငါနဲ့ရွှေစင်နဲ့ မြို့ထဲမှာ ဈေးဝယ်နေတုန်း သူ့အဖေကိုအောင်ထွန်းနဲ့ တည့်တည့်ကြီးသွားတိုးလို့ဟေ့၊ ပြေးလိုက်ရတာကွာ၊ နောက်ဆုံး တိုတိုပြောရရင် ရွှေစင်က အိမ်မပြန်ရဲတော့ဘူးဆိုတော့ . . ."

အန်ကယ်ထွေးက ပခုံးကို ဟန်ပါပါတွန့်လျက် လက်နှစ်ဖက်ကိုလည်းမြှောက်ပြီး ခါလိုက်သေးသည်။ လင်းထိုက်က စိတ်ဓါတ်ကျနေသည့်ပုံဖြင့် ခေါင်းကိုရမ်းလိုက်၏။ ရုတ်တရက် သူက တစ်စုံတစ်ခုကို သတိရသွားကာ မေးလိုက်ပါသည်။

"နေပါဦး၊ အခု ရွှေစင်ကရော! ဘယ်မှာလဲ"

"ဟဲဟဲ . . ရွှေစင်က ငါတို့အခုတည်းလက်စအိမ်မှာ ကျန်ခဲ့တယ်ကွ၊ မင်းနဲ့တွေ့ရမှာ သူလည်း မျက်နှာပူနေတုန်းပဲ ထင်ပါတယ် ကိုလင်းရာ၊ နေဦး . . ငါ မင်းတို့နှစ်ယောက်ကိစ္စကို အိမ်ရောက်မှ ပြောပြလိုက်ဦးမယ်၊ သူလည်း အံ့သြမှာပဲ"

အန်ကယ်ထွေးက စကားဖြတ်ပြီး လက်ဖက်ရည်ကိုဟာစင့်ယူသောက်သည်။ လင်းထိုက်ကတော့ ဆိုင်အပြင်ဘက်သို့ငေးရင်း သူတို့အနာဂတ်ကို တွေးတောရင်ပူနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က အချစ်ဆိုသောအရာတွေဖြင့် ပေါ့ပါးပျော်ရွှင်ခဲ့ဖူးသည့် လင်းထိုက်တစ်ယောက် ယခုကျတော့ အချစ်ဆိုသောကိစ္စကြီးတစ်ခုဖြင့်ပင် လေးလံစပြုလာလေသည်။ အလွန်တစ်ရာရှုပ်ထွေးပွေလီသော တကယ့်ဘဝကို လင်းထိုက်နဖူးတွေ့ဒူးတွေ့ရင်ဆိုင်လာရပြီ မဟုတ်လား။ အန်ကယ်ထွေးက သူ့ကို ဆက်လုပ်ရမည့်ကိစ္စတွေ ညွှန်ကြားနေပြန်သည်။

"နောက်တစ်ခု ငါပြောဦးမယ် ကိုလင်း၊ သေချာနားထောင်၊ မင်းအိမ်ပြန်ရောက်ရင် ရပ်ကွက်ထဲက ရပ်မိရပ်ဖ လူကြီးနှစ်ယောက်သုံးယောက်ဆီသွားပြီး အကူအညီတောင်းပါ၊ ရွှေစင်ကို သူ့အိမ်ပြန်အပ်ပေးဖို့ ကိစ္စရှိသေးတယ် မဟုတ်လား၊ သူတို့အိမ်ကိုသွားပြီး လက်ခံပေးဖို့ ပြောရဆိုရဦးမှာ၊ အဲဒါ မင်းပါ ရပ်ကွက်လူကြီးတွေနဲ့လိုက်သွားပြီး အခြေအနေကို ကြည့်လုပ်ရှားပေါ့ကွာ၊ ပြောတာကတော့ လူကြီးတွေ ဦးဆောင်ပြောလိမ့်မယ်၊ မင်းက လိုက်သွားပြီး မတ်တပ်ရပ်ပေးရုံပါ၊ မင်းက ငါ့အုပ်ထိန်းသူပေါ့ကွာ၊ ဟဲ ဟဲ"

လင်းထိုက်ကတော့ အန်ကယ်ထွေးနှင့် အတူလိုက်မရယ်နိုင်ပါ။ အန်ကယ်ထွေးပြောသမျှကို နားထောင်နေရင်းမှ . . .

"နေပါဦး အန်ကယ်ထွေးရဲ့၊ ဦးအောင်ထွန်းကြီးက နည်းနည်းတော့ လွန်တယ်ဗျ၊ သူ့သမီး လင်နောက်လိုက်လို့ စိတ်ဆိုးတာတော့ မှန်ပါတယ်၊ ဒါပေမယ့် သူ့ပုံစံက လုံးဝလွန်လွန်းတယ်၊ ဦးလေးကိုလည်း အရင်ကတည်းက မုန်းနေသလိုပဲ၊ အန်ကယ်ထွေးမှာ ခွင့်မလွှတ်နိုင်စရာ အပြစ်မှမရှိတာပဲဟာကို၊ သူဒီလောက်ထိ ခါးခါးသီးသီးဖြစ်စရာမရှိဘူးလို့ ထင်တာပဲ"

အန်ကယ်ထွေးမျက်နှာ အနည်းငယ် ပျက်သွားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပြန်ထိန်းသည်။ နောက် . . လင်းထိုက်ကို လေသံအေးအေး ဖြင့် ရှင်းပြ၏။

"အေး . . ဒီကောင် ခါးခါးသီးသီးဖြစ်မှာပေါ့၊ အတိတ်တုန်းက ကိုအောင်ထွန်းရယ်၊ ငါရယ်၊ မင်းအန်တီသူဇာရယ်မှာ သုံးပွင့်ဆိုင်ဇာတ်လမ်းတွေ ရှိဖူးတယ်လေကွာ၊ ငါနဲ့ သူဇာနဲ့ရသွားတော့ ဒီကောင် စွေ့စွေ့ခုန်ကျန်ရစ်တာပေါ့၊ အခုလည်း သူ့သမီးနဲ့ ငါနဲ့ အခုလိုဖြစ်ပြန်ပြီဆိုတော့ ဒီကောင်ဘယ်ခံနိုင်မလဲ၊ ငါ သူ့ကို အနိုင်ယူသလိုဖြစ်တာ နှစ်ခါရှိပြီလေ"

အန်ကယ်ထွေးရှင်းပြလိုက်မှ လင်းထိုက်ဘဝင်ကျသွားတော့သည်။ ဦးအောင်ထွန်းကြီးကိုလည်း သနားသွားမိ၏။ အင်း . . ငါနဲ့ ကြည်ဖြူနဲ့ အကြောင်းကိုသာသိရင် သုံးကြိမ်မြောက်ရှုံးရပြန်ပြီဆိုပြီး သူ့ကိုယ်သူ သတ်သေရင် ဒုက္ခပဲ။

"ဩော် . . ဒီလိုလား၊ ဒါကြောင့် ဒီအဖိုးကြီး ဒီလောက် စိတ်ဆိုးနေရတာကိုး . . ဟဲ ဟဲ ဟဲ"

"အဲဒါအရေးမကြီးဘူး လင်းထိုက်၊ ငါပြောတာကို မင်းသေသေချာချာလေး အာရုံစိုက်ပြီး လုပ်လိုက်ဦးကြားလား၊ အခု မင်းအိမ်ပြန်ရောက်ရောက်ချင်းကို လုပ်ကွာ"

"လက်မခံရင် ဘယ်လိုလုပ်မလဲ အန်ကယ်ထွေးရဲ့ လက်ကိုခံမှာ မဟုတ်ပါဘူးဗျာ၊ တော်ကြာ စိတ်ဆိုးပြီး မခြေမင်တွေ လျှောက်ပြောနေရင် ကျွန်တော်က အကြောင်းမဟုတ်ဘူး၊ လူကြီးတွေကို အနာစရာကြီး . . ."

အန်ကယ်ထွေးမှာ မသက်မသာပြုံးပြီး ခေါင်းခါတ်သည်။

"ငါသိပြီးသားပါကွာ၊ မတတ်နိုင်ဘူးလေ၊ လူကြီးတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကိစ္စမျိုးတွေမှာ နားလည်ပါတယ်၊ မင်းကလည်း နည်းနည်းပါးပါး ပြောပြတောင်းပန်လိုက်ပါကွာ၊ အမှန်တော့ ဒါက ရွှေစင်ရဲ့သိက္ခာ ပိုင်းအရရော၊ ကိုယ့်ဝတ္တရားအရပါ လုပ်ရတာလေ၊ ငါတို့နှစ်ယောက် က အသက်ပြည့်ပြီးသားတွေပဲ ဥစ္စာ၊ သူတို့ သဘောတူ၊ မတူ ဆိုတာက အမှန်ပြောရရင် အခုအချိန်မှာ အရေးမပါတော့ဘူး၊ ငါတို့နှစ်ယောက် က ဒီနေ့မနက်ပဲ တရားရုံးမှာ လက်မှတ်ထိုးထားပြီးပြီ"

လင်းထိုက်က သက်ပြင်းချရင်း ပြန်တော့မည်ဟန်ပြင်သည်။ ပြန်ခါနီး နှုတ်ဆက်တော့ လင်းထိုက်ပခုံးကိုဖက်ရင်း အန်ကယ်ထွေး က သူ့ကိစ္စကို စိတ်မချသလို တဖွဖွမှာသည်။ လင်းထိုက်ကတော့ ဦးအောင်ထွန်း၏ မျက်နှာကြီးကို မြင်ယောင်ကာ ပြန်ရမှာ တွန့်ဆုတ် နေမိလေသည်။

* * * *

ပထမဆုံးအကြိမ်အဖြစ် လင်းထိုက် အန်ကယ်ထွေးကို မုန်း သွားမိသည်။ ရပ်ကွက်လူကြီးဦးဘအောင်နှင့် အခြားလူကြီးသုံးလေး ဦးကလည်း ထိုင်ရမလို ထရမလို ဖြစ်နေသည်။ ကြည်ဖြူကိုတော့ မမြင်ရပေ။ ရှက်၍ပဲလား၊ အိမ်ရှေ့ခန်းကို မထွက်ခိုင်းလို့ပဲလား မသိ။ လောလောဆယ်တော့ ဦးအောင်ထွန်း၏ မျက်လုံးပြူးကြီးအောက်မှာ လင်းထိုက်ဝပ်ဆင်းနေရသည်။

ဦးအောင်ထွန်းက ဒေါ်သသိပ်မကြီးဖို့ ဖျောင်းဖျနေသော သူ့မိန်းမလက်ကိုဖုတ်ချပြီး ဆက်ပြောသည်။

"ဒီက ဦးဘအောင်နဲ့ အခြားရပ်ကွက်လူကြီးတွေကိုတော့



www.burmeseclassic.com

www.burmeseclassic.com



အားနာပါတယ်ဗျာ၊ ဒါပေမယ့် ပြောလက်စနဲ့ ဆက်ပြောလိုက်ပါရစေတော့၊ ဒီကောင်မနဲ့ ဒီကောင့်အကြောင်းကို ပြောဖို့ဆိုရင်တော့ ကျုပ်အိမ်ကနေ အခုထွက်သွားကြပါ၊ အခိကပြောချင်တာတော့ ဒါပါပဲ"

ပြောပြီး လှည့်ထွက်သွားသည့် ဦးအောင်ထွန်းကိုတစ်လှည့်၊ ဘာလုပ်ရမှန်းမသိဖြစ်နေသည့် လူကြီးများနှင့် လင်းထိုက်ကိုတစ်လှည့် ကြည့်ရင်း၊ ဒေါ်ဖြူမွန်ခမျာ မျက်စေ့မျက်နှာ ပျက်ယွင်းလျက် တောင်းပန်စကားဆို၏။

"ဟို ဘာယ်လိုမှ သဘောမထားကြပါနဲ့ရှင်၊ သူ့သမီးအတွက် အရမ်းစိတ်ထိခိုက်နေလို့ပါ၊ သူ့စိတ်ပြေတဲ့ အချိန်ကျမှ ကျွန်မတို့ ခေါက်မေးမြန်းကြည့်ပါဦးမယ်၊ အခုလောလောဆယ်ကတော့ . . ."

ဒေါ်ဖြူမွန်၏ အားတုံ့အားနာအကြည့်ကို လူကြီးများက သဘောပေါက်စွာ လက်ခံပါသည်။ လူကြီးတွေက ဒေါ်ဖြူမွန်ကို နှုတ်ဆက်ပြီးပြန်ဖို့လုပ်တော့မှ လင်းထိုက်လည်း ယောင်နနဖြင့် ထရပ်ကာ ရယ်ရမလို၊ ငိုရမလိုရုပ်ဖြင့် ပြန်ဖို့ဟန်ပြင်ရတော့သည်။

ကြည်ဖြူကို အရိပ်ပင် မမြင်လိုက်ရသည့်အတွက် လင်းထိုက်က အန်ကယ်ထွေးကို ပိုစိတ်ဆိုးသွားမိပါသည်။

* * * *

လင်းထိုက်တို့ပြန်သွားပြီးနောက် ကြည်ဖြူတို့အိမ် ဧည့်ခန်းထဲတွင် ဒေါ်ဖြူမွန်တစ်ယောက် ခြေပစ်လက်ပစ် ထိုင်နေလေသည်။ ကြည်ဖြူလည်း သူမအခန်းထဲကနေ ထွက်လာပြီး ဧည့်ခန်းဝ ကန့်လန့်ကာကို အသာမကာ ချောင်းကြည့်သည်။ သူမတို့အဖေ မရှိတာ



www.burmeseclassic.com

www.burmeseclassic.com



သေချာမှ ဒေါ်ဖြူမွန်အနား အမြန်သွားထိုင်ပြီး၊ သီချင်တာတွေကို ခပ်တိုးတိုးမေးရ၏။

"မေမေ . . ၊ မမက ဘယ်မှာတဲ့လဲ ဟင်"

ဒေါ်ဖြူမွန်က ခေါင်းယမ်းပြီး သူမသမီးငယ်ကို မပွင့်တပွင့် ပြန်ဖြေသည်။ ဦးအောင်ထွန်းကြားသွားမှာလည်း ကြောက်ရသေးသည်။ အိမ်မှာ ရွှေစင်မိုးနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ မပြောရဟု အမိန့်ထုတ်ထားသော သူမယောကျ်ား၏ ဒေါသက ပြင်းထန်လွန်းလှ၏။

"ဘယ်မှာလဲဆိုတာ မေးဖို့နေနေသာသာ၊ ညည်းအဖေနှင်ထုတ်လိုက်လို့ ရပ်ကွက်လူကြီးတွေပါ မျက်နှာပျက်ပြီး ပြန်သွားကြရတယ်၊ အားနာဖို့ ကောင်းလိုက်တာကွယ်"

ဒေါ်ဖြူမွန်စကားပင် မဆုံးသေး . .။ ဦးအောင်ထွန်းက ဧည့်ခန်းထဲ ရုတ်တရက်ဝင်လာပြီး ကြည်ဖြူကို ရှုတည်တည်နှင့်လှမ်းကြည့်၏။

"အငယ်မ၊ နင်လည်း ကျပ်ကျပ်သတိထားနေ၊ နင့်အစ်မ အမိုက်တုံးမလို အချိုးမျိုးတော့ ချိုးမယ်မကြံနဲ့နော်၊ သွား . . .၊ ကိုယ့်အခန်းထဲ ကိုယ်နေ၊ လူကြီးတွေကိစ္စ ဝင်မစပ်စုနဲ့"

ဦးအောင်ထွန်း၏ ဆူပူသံကြောင့် ကြည်ဖြူက နှုတ်ခမ်းကို ထော်လန်နေအောင် စုစည်းပြီး မသိမသာခြေဆောင့်လျက် ဧည့်ခန်းထဲမှ ထွက်သွား၏။ ဦးအောင်ထွန်းက သူ့မိန်းမကို မျက်စောင်းတစ်ချက်ထိုးပြန်သည်။ ဒေါ်ဖြူမွန်ကတော့ မမြင်ချင်ယောင်ဆောင်ကာ ငြိမ်နေလိုက်သည်။ ရှေ့က ကုလားထိုင်မှာ ဝင်ထိုင်သော ဦးအောင်ထွန်းကို လှည့်မကြည့်ဘဲ၊ ဟိုငေးသလို ဒီငေးသလိုသာ လုပ်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ဦးအောင်ထွန်းသည် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို စားပွဲပေါ်သို့ ဘုန်းကနဲပစ်တင်၍ သူ့မိန်းမကို ခပ်မာမာခေါ်လိုက်သည်။

"မဖြူ . . ဒါဘာလဲ"

"ရှင် . . ."

ဒေါ်ဖြူမွန်က ဦးအောင်ထွန်းကို နားမလည်သလိုကြည့်ပြီး ပြန်ထူးလိုက်ပါသည်။

"မင်းကိုမေးနေတာ ဒါဘာလဲလို့"

ဦးအောင်ထွန်းက မဂ္ဂဇင်းစာအုပ်ကို လက်ညှိုးထိုးပြီး စိတ်မရှည်သလို ခပ်ကျယ်ကျယ်မေးပြန်သည်။

"စာအုပ်လေ၊ အဲ . . ဟိုမဂ္ဂဇင်းစာအုပ်လေ ကိုအောင်ထွန်းရဲ့ ဒီလထုတ် ရှပ်ရှင် . . . ."

"ဟာ . . မင်းကတစ်မျိုးကွာ"

ဦးအောင်ထွန်း၏ အသံနှင့်အမူအရာကြောင့် ဒေါ်ဖြူမွန်စကားက တစ်ဝက်တစ်ပျက်မှာ ရပ်သွားသည်။

"အဲဒီမဂ္ဂဇင်းပေါ်မှာ ဖတ်ကြည့်ဦး၊ စာအုပ်အငှားဆိုင်နာမည်ကို ကြည့်စမ်း . . ၊ *အဲဒါ အငယ်မ ငှားလာတာ မဟုတ်လား*"

ဒေါ်ဖြူမွန်က အူတိအူကြောင်ဖြင့် စာအုပ်ကို ကောက်ကိုင်ပြီး ယူကြည့်သည်။ စာအုပ်ဆိုင်နာမည်ကိုလည်း အသံထွက်ဖတ်ကြည့်သည်။

"အလင်းဖြူစာပေ . . . တဲ့"

"အေး . . အဲဒါ ဟိုကောင်တွေဖွင့်တဲ့ ဆိုင်ကွ၊ မင်းမသိဘူးလား၊ မင်းသမီးအငယ်မကို မင်းသေချာကြည့်ထိန်းပါ၊ ငါပါပြောမယ်နော် မဖြူ၊ အဲဒီစာအုပ်ကိုလည်း တစ်ယောက်ယောက်နဲ့ သွား



www.burmeseclassic.com

www.burmeseclassic.com



အပ်ခိုင်းလိုက်၊ အငယ်မကိုလည်း ပြောထား၊ အဲဒီဆိုင်ကို လုံးဝသွားစရာမလိုဘူး၊ ငါတော့ မင်းသမီးအငယ်မကိုတောင် မသက်သာချင်တော့ဘူးနော်၊ ငါတစ်ရက်ကနေ နှစ်ရက်အဖြစ်မခံနိုင်ဘူး၊ ခုနက ငါ ဟိုကောင့်တူကို သတိထားမိတယ်၊ သူ့ဦးလေးလိုပဲ မျက်နှာရှုံ့ရှုပ်နဲ့၊ လူကြီးတွေ စကားပြောနေတုန်း သူ့မျက်လုံးက တစ်အိမ်လုံးနှံ့နေတာပဲ၊ သူခိုးမျက်လုံးနဲ့ ဣန္ဒြေကိုမရဘူး၊ ရှေ့မှာအကြီးမက ဦးဆောင်လမ်းပြလုပ်ပြသွားပြီ၊ အတုယူမှားမှာ စိုးရိမ်ရတယ်ကွ၊ တောက် . . မင်းကလည်း အေးတိအေးစက်နဲ့ကွာ၊ ကြည့်ရတာ အားကိုမရဘူး”

ဒေါ်ဖြူမွန်က သူ့ယောကျ်ားကို မျက်လုံးလေးပေကလပ်ပေကလပ်ဖြင့် မော့ကြည့်ပြီး . . .

“ကျွန်မလည်း ဂရုစိုက်တာပါပဲ ကိုအောင်ထွန်းရယ်၊ ကျွန်မလည်း အမေပါရှင့်”

“ဟ အမေမို့လို့ ပြောနေတာပေါ့ကွ၊ သမီးတွေကိစ္စမှာ ငါက အကုန်ဝင်ပါလို့ရမလား၊ အကြီးမကိစ္စမှာ မင်းအပြစ်လည်း မကင်းဘူး နားလည်လား၊ အေး . . အခု အငယ်မကိုတော့ မင်းအထူးဂရုစိုက်ပြီး ကြပ်မတ်ပါ၊ ဘယ်သူနဲ့တွဲနေသလဲ၊ ဘယ်သူငယ်ချင်းနဲ့ ဘာတွေတိုင်ပင်လဲ၊ ဘယ်သွားလဲဆိုတာ သိအောင်လုပ်၊ မင်းကွာ . . ငါချည်း နေရာတကာ လိုက်ပြောနေရတာပါလား”

ပြောဆိုကြိမ်းမောင်းလို့ဝသွားတော့ ဦးအောင်ထွန်း ထိုင်ရာမှထသည်။ ဒေါ်ဖြူမွန်က ဘာတစ်ခွန်းမှ ပြန်မပြောဘဲ၊ သူမယောကျ်ားကိုသာ မျက်လုံးအဝိုင်းသားဖြင့် လိုက်ကြည့်နေသည်။ ဘာပြန်ပြောရမှန်းလည်း မသိပေ။ သူမသိသည်မှာ ယောကျ်ားဖြစ်သူပြောသည့်စကားကို နားထောင်၍ တတ်နိုင်သမျှ လိုက်နာဆောင်ရွက်ရန်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

ကြည်ဖြူကတော့ ဘာမှမသိသေး။ ခုတင်ပေါ်မှာ လင်းထိုက်အကြောင်းကိုတွေးပြီး စိတ်ကူးတွေ ရှက်လှှင့်နေမိသည်။ မမရွှေစင်ကိုလည်း တွေ့ချင်နေမိသည်။ တော်တော်သတ္တိကောင်းတဲ့ မမ။ ဖေဖေ့ကို ဆန့်ကျင်ပြီး သူထင်ရာသူလုပ်သွားဝံ့သည့် မမသတ္တိကို ကြည်ဖြူသဘောကျနေမိလေသည်။

* * * *

မိုးသူက ဖုန်းကိုပြန်ချပြီး လင်းထိုက်ကို အားနာသလိုပြုံးပြသည်။

"မရဘူး ကိုလင်းထိုက်၊ သူ့အမေနဲ့ပဲတွေ့တယ်၊ ကြည်ဖြူနေမကောင်းလို့ အိပ်နေတယ်တဲ့၊ မှာစရာရှိတာမှာခဲ့ပါလို့ပဲ ပြောတယ်"

အလွန်သွက်လက်နေတတ်သည့် မိုးသူမျက်နှာသည်ပင် မှုန်မှိုင်းနေသည်။ လင်းထိုက်က ခေါင်းညိတ်ပြကာ . . .

"ရပါတယ် မိုးသူရာ၊ ဘာတတ်နိုင်မှာလဲ၊ အဲဒါဆို ငါ့နောက်တစ်မျိုးထပ်ကြံရမယ်၊ အခု နင့်ကိုလိုက်ပို့ရဦးမလား"

"ရပါတယ် ကိုလင်းထိုက်၊ နေပါစေ၊ မိုးသူဘာသာပဲ ပြန်လိုက်တော့မယ်"

ပြောပြောဆိုဆို လင်းထိုက်ကို နှုတ်ဆက်၍ မိုးသူပြန်သွားသည်။

လင်းထိုက်အကြံအိုက်နေသည်။ ကြည်ဖြူကျောင်းမတက်တာလည်း တစ်ပတ်ကျော်သွားပြီ။ မျက်နှာလေးပင် မမြင်ခွင့်မရပေ။



www.burmeseclassic.com

www.burmeseclassic.com



မိုးသူအပြောအရဆိုလျှင်တော့ ကြည်ဖြူရည်းစားခိုးထားတာ မိသွားသောပြဿနာမျိုး ဖြစ်နေနိုင်သည်။ သူမကျောင်းတက်မည့်နေ့ကိုပဲ စောင့်ကာသွားတွေ့ဖို့ တွေးထားရတော့သည်။

ညနေပိုင်းတွင် တင်အောင်ထွေးက သူ့အိမ်သို့ရောက်လာသဖြင့် စိတ်ပြေလက်ပျောက် အပြင်ထွက်လာခဲ့၏။ မြင့်ဇော်ကို ဝင်ခေါ်ပြီး ထိုင်နေကျ ကဖေးဆိုင်လေးမှာ ထိုင်ဖြစ်ကြသည်။

လင်းထိုက်က သူသိသမျှနှင့် မိုးသူပြောသမျှ အဖြစ်အပျက်ကို ပြောပြသည်။ သိရသလောက် ကြည်ဖြူတို့အိမ်က ကြည်ဖြူကို လုံးဝမျက်ခြေပြတ်မခံဘဲ မျက်လုံးဒေါက်ထောက်စောင့်ကြည့်နေ၏။ ဖုန်းပြောလျှင်လည်း လွတ်လွတ်လပ်လပ် ပြောခွင့်မရှိ။ အပြင်ကိုလည်း သူမ အမေမပါဘဲ မထွက်ရချေ။

"လာမယ့်တနင်္လာနေ့ကျ ကျောင်းကနေ သွားစောင့်မယ်ကွာ၊ မင်းတို့ပါလိုက်ခဲ့၊ တကယ်လို့ ကြည်ဖြူလာခဲ့ရင် မင်းတို့နဲ့လည်း တွေ့ရတာပေါ့"

တင်အောင်ထွေးနှင့် မြင့်ဇော်တို့က ခေါင်းညိတ်ကြ၏။ သူတို့လည်း လင်းထိုက်ကိုကြည့်ကာ စိတ်မသက်မသာ ဖြစ်နေကြရလေသည်။ တင်အောင်ထွေးက အန်ကယ်ထွေးတို့ကိစ္စကို သတိရသွားပြီး မေး၏။

"အန်ကယ်ထွေးတို့ ကိစ္စကလည်း အခုထိ ဒီတိုင်းပဲပေါ့ ဟုတ်လား"

"အေးပေါ့ကွ၊ သူတို့ဘက်ကမှ လက်မခံတာ ဒီအတိုင်းပေါ့၊ ရုံးမှာတော့ လက်မှတ်ထိုးပြီး လက်ထပ်ထားပြီးသားပေါ့တာပဲ ဖြစ်ဖြစ် နှစ်ဦးနှစ်ဖက်ပြေလည်ရင် ပိုကောင်းတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက်စကားကို မြင့်ဇော်က ထောက်ခံသည်။

"အေး . . သူတို့အဆင်ပြေမှ မင်းတို့လည်း နည်းနည်းအသက် ရှူချောင်မှာကွ၊ သိလား"

သုံးယောက်သား စကားဆက်မပြောဖြစ်ကြဘဲ သက်ပြင်း ကိုယ်စီဖြင့် ငြိမ်သက်သွားကြသည်။ လင်းထိုက်ရင်ထဲမှာ သံတုံးတွေ မျိုထားရသလို လေးလံတင်းကျပ်နေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၄)

နေ့လည်တစ်နာရီ၏ အပူရှိန်က သစ်ရိပ်စိမ်းစိမ်းကြောင့် အနည်းငယ် လျော့ကျသွားသလိုရှိသည်။ လင်းထိုက်နှင့် ကြည်ဖြူ တို့ကတော့ မတွေ့ရတာကြာပြီမို့ စကားတွေ ပြောမကုန်နိုင်ဖြစ်နေ သည်။ တင်အောင်ထွေး၊ မြင့်ဇော်နှင့် မိုးသူတို့ကလည်း ခင်မင်တတ် သူတွေချည်းဖြစ်သဖြင့် ခဏလေးနှင့် အဖွဲ့ကျသွားကြ၏။

"လင်းရယ်၊ ဒီနေ့လေ . . ကျောင်းမှာ Practical ရှိလို့ ဒီနေ့တော့ ကျောင်းသွားပါရစေ၊ ရည်းစားနဲ့ခိုးပြီး ချိန်းမတွေ့ပါဘူး၊ မေမေတို့ မကြိုက်တာတွေ တစ်ခုမှမလုပ်ပါဘူးဆိုပြီး မေမေ့ကို ကတိ တွေ အများကြီးပေးပြီးမှ ထွက်လာခဲ့ရတာ သိလား၊ လင်းနဲ့ကြည်ဖြူ တို့ကိစ္စကို မေမေရော ဖေဖေပါ သိသွားတာ၊ လင်းကို မိုးသူပြောပြ တယ် မဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက်က ကြည်ဖြူမျက်နှာကို မျက်တောင်မခတ်ငေး ကြည့်ရင်း ခေါင်းညိတ်ပြသည်။ မိုးသူနှင့်ကြည်ဖြူ ဖုန်းပြောနေစဉ် သူမ အမေဒေါ်ဖြူမွန်က အပေါ်ထပ်ဖုန်းဖြင့် ခိုးနားထောင်ရာမှ လင်းထိုက်တို့ကိစ္စကို သိသွားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ကြည်ဖြူခမျာ ကျောင်းပင်ဆက်မတက်ရတော့မလို ဖြစ်သွား၏။ အခု တော့ တော်ပါသေးသည်။ ကြည်ဖြူမျက်နှာကို ခဏပဲဖြစ်ဖြစ် မြင်ခွင့် ရလိုက်သဖြင့် လင်းထိုက်အားပြန်တက်လာသည်။

"ဟော့ကောင် လင်းထိုက်၊ မင်း အဲလိုပဲ ထိုင်ကြည့်နေတော့ မှာလား၊ ဘာမှပြောဆိုတိုင်ပင်တာတွေ မလုပ်တော့ဘူးလား၊ ဘေးက ငါတို့လည်း အားနာဦးဟ"

"အေးလေ၊ မိုးသူလည်း သူတို့ကိုကြည့်ပြီး နည်းနည်းတောင် ရှက်သလိုဖြစ်လာလို့ ထပြန်ရင်ကောင်းမလား စဉ်းစားသေးတယ်၊ မင်းသားနဲ့ မင်းသမီးကြည့်ရတာ သနားစရာလေးတွေဖြစ်နေလို့ ဆက်အားပေးနေတာ ဟဲဟဲ"

တင်အောင်ထွေးနှင့် မိုးသူတို့က ဝိုင်းနောက်ပြောင်သဖြင့် လင်းထိုက်မှာ စပ်ဖြဲဖြဲလုပ်နေရသည်။ ကြည်ဖြူကလည်း သူမသူငယ် ချင်းမိုးသူကို ဆိတ်ဆွဲပြီး ရှက်ရယ်ရယ်၏။ တင်အောင်ထွေးနှင့်မြင့်ဇော် ကိုတော့ သူမ အနည်းငယ်စိမ်းနေပုံရသည်။ အတန်ကြာတော့မှ ပြောကြ၊ ဆိုကြ၊ နောက်ပြောင်ကြနှင့်မို့ သူမလည်း တင်အောင်ထွေး တို့နှစ်ယောက်ကို ခင်မင်ရင်းနှီးသွား၏။

မြင့်ဇော်က ချောင်းတစ်ချက်ဟန့်ပြီး လင်းထိုက်ကို ဦးဆောင်၍ ပြောလိုက်သည်။

"နေပါဦး၊ ကြည်ဖြူတို့အဖေကို အပြစ်ပြောတာတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ ဒါပေမယ့် အန်ကယ်ထွေးတို့ကိစ္စမှာ သူ့တုံ့ပြန်မှုက အရမ်းများ ပြင်းထန်နေလားလို့၊ ဘာပဲပြောပြောကွာ ဖြစ်ပြီးသွားမှတော့ အဆင်ပြေအောင် ညှိနိုင်းသင့်တယ်လို့ ငါထင်တယ်၊ ရွှေစင်မိုးလည်း သူငယ်နှပ်စားမဟုတ်ဘူး၊ နောက်ပြီး အန်ကယ်ထွေးကလည်း လူကောင်းတစ်ယောက်ပဲ ဥစ္စာ၊ သူက ဘာဖြစ်လို့ ဒီလောက်တင်းမာနေရတာလဲ မသိဘူး၊ လင်းထိုက် မင်းဘယ်လိုထင်လဲ"

လင်းထိုက်က ချက်ချင်းတန်းမဖြေသေးဘဲ ကြည်ဖြူမျက်နှာလေးကို လှမ်းကြည့်ပြန်သည်။ သူမအဖေအကြောင်းကို တွေးမိ၍လားမသိ။ ကြည်ဖြူ့မျက်နှာ သိပ်မကောင်းပေ။

"အေး . . အဲဒီကိစ္စ ဘာကြောင့်လဲဆိုတာ ငါပြောပြမယ်၊ အဲဒါကို ကြည်ဖြူတောင်မသိဘူး၊ ဘယ်သူမှလည်း မသိပါဘူး၊ ငါလည်း အန်ကယ်ထွေးပြောပြလို့ သိတာ"

ဟုအစချီကာ လူကြီးသုံးဦး၏ ပြီးခဲ့သော အတိတ်ဇာတ်လမ်းကို လင်းထိုက်က ပြောပြလိုက်တော့ အားလုံးအံ့အားသင့်နေကြသည်။ ကြည်ဖြူလည်း မျက်လုံးလေးပြူးလျှက် လင်းထိုက်ကို ကြည့်နေလေသည်။

* * * *

စာအုပ်နှင့် DVD အငှားဆိုင်ထဲမှာ လင်းထိုက်တစ်ယောက်ထဲ ထိုင်နေသည်။ သို့သော် ဆိုင်အတွင်းသို့ဝင်လာသည့် သူရကိုတော့ သူမမြင်ချေ။ လင်းထိုက်မှာ ရှေ့တူရူကိုသာငေးလျက် မျက်လုံးနှစ်လုံးက သေနေ၏။ နှစ်ခါသုံးခါခေါ်မှ သူရကို သူလှည့်ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုလင်း . . ထမင်းသွားစားလေ၊ ကျွန်တော် စားလာခဲ့ပြီ၊ ဒေါ်ကြီးမြလည်း လှမ်းခေါ်နေတာ ကြာလှပြီ"

လင်းထိုက်မှာ တုတ်တုတ်မျှ မလှုပ် . . ။ အသံလည်း မထွက်ဘဲ အကြာကြီး ငြိမ်သက်စွာ ထိုင်နေ၏။ သူရလည်း အလိုက်သိစွာဖြင့် ဘာမှဆက်မပြောတော့ပေ။

လင်းထိုက်တို့အတွက် ပြဿနာတွေက အချိုးအကွေ့ပေါင်းများစွာမှ စောင့်စားနေကြလေသည်။ ပြီးခဲ့သည့်အပါတ်က ကျောင်းမှာ ကြည်ဖြူနှင့်သူတို့ တွေ့ဆုံသည့်ကိစ္စကို သူမတို့အိမ်မှ မည်သို့သိသွားသည်မသိ။ ကြည်ဖြူတစ်ယောက် အိမ်ထဲကအိမ်ပြင်ထွက်ခွင့် ထပ်မံအပိတ်ပင်ခံလိုက်ရပြန်သည်။

သက်ပြင်းချရင်း လင်းထိုက်တစ်ခုခုကို ယတိပြတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် ထိုင်ရာမှထသည်။

"သူရ၊ ငါအပြင်သွားလိုက်ဦးမယ်၊ မင်းဆိုင်မှာ ခဏနေလိုက်ဦးကွာ နော်"

သူရပြန်အဖြေကိုပင် မစောင့်တော့ဘဲ သူထွက်လာခဲ့သည်။ အန်ကယ်ထွေးပေးထားသော လိပ်စာကိုပြန်စဉ်းစားရင်း တက္ကစီတစ်စီးပေါ် တက်လိုက်လေသည်။

* * * *

အန်ကယ်ထွေးနှင့် ရွှေစင်မိုးတို့လင်မယားက လင်းထိုက်ကို မြင်တော့ အရမ်းဝမ်းသာသွားပုံရ၏။ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွှေစင်မိုးက သူစားဖို့တစ်ခုခုစီစဉ်ရန် အထဲကိုဝင်သွားစဉ် လင်းထိုက် သူ့ဦးလေးကို စူပုပ်ပုပ်ညစ်ကျယ်ကျယ်ရုပ်ဖြင့် ကြည့်၍ ပြောလိုက်၏။

"အန်ကယ်ထွေးကြောင့် သိလား၊ အဲဒါ အန်ကယ်ထွေးတို့ လင်မယားကြောင့်"

အန်ကယ်ထွေး လင်းထိုက်ကို မျက်ခုံးပင့်ပြီး ကြည့်၏။

"ဘာလဲကွ၊ မင်းဟာက အဆုံးမရှိ အစမရှိ၊ အသားလွတ် ကြီးပါလား"

အအေးနှင့်မုန့်ကို လင်းထိုက်ရှေ့သို့ လာချပေးသည့် ရွှေစင်မိုး က တူအရီးနှစ်ယောက်ကို အကဲခတ်ရင်းဝင်ထိုင်ကာ သူမသိချင်တာ ကို မေး၏။

"ကိုလင်း၊ အိမ်က သတင်းတွေ ဘာကြားသေးလဲ ဟင်၊ ဖေဖေတို့ မေမေတို့ နေကောင်းကြရဲ့လား၊ ညီမလေးရော ကိုလင်းထိုက် နဲ့တွေ့သေးလား"

"အင်း . . ကောင်းပါတယ်၊ အဲ . . ကောင်းမှာပါ၊ ကြည်ဖြူ ကိစ္စတော့ မမေးနဲ့တော့၊ အခု အန်ကယ်ထွေးနဲ့ ရွှေစင်ဆီလာတာ အဲဒီကိစ္စကို လာပြောတာပဲ"

သိပ်မကြည်ဖြစ်နေသည့် လင်းထိုက်မျက်နှာကိုကြည့်လျှက် ရွှေစင်မိုး ဘုမသိဘမသိ ပြုံးပြနေပြန်၏။ လင်းထိုက်ကတော့ သူ့ အန်ကယ်ထွေးကိုသာ ဆက်လက်အပြစ်တင်ဖို့ အားယူရင်း . . .

"အန်ကယ်ထွေးတို့က ဝုန်းဆိုခိုးပြေးလိုက်တော့ အခု ကျွန်တော်တို့နှစ်ယောက် ရေရေလည်လည်ကို အကျပ်ခံနေရတာ၊ ကြည်ဖြူဆို ကျောင်းတောင်မတက်ရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက်စကားကြောင့် ရွှေစင်မိုးမျက်နှာပျက်ပြီး ခေါင်းငုံ့သွား၏။ ဒီတော့မှ လင်းထိုက်လည်း ရွှေစင်မိုးကို အားတုံ့အားနာဖြစ်မိကာ ဆက်မပြောတော့ . . .။ အန်ကယ်ထွေးက လင်းထိုက်ကို ဘာမှမတုံ့ပြန်ပဲ တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေသလို မျက်မှောင်ကြီးကုတ်လျက် ငြိမ်နေသည်။

လင်းထိုက်က အအေးခွက်ကိုယူပြီး တစ်ငုံယူသောက်သည်။ အန်ကယ်ထွေးက ထိုင်ရာမှထကာ အတွင်းခန်းထဲ ဝင်သွားသဖြင့် လင်းထိုက်နှင့် ရွှေစင်နှစ်ယောက်တည်း ဧည့်ခန်းမှာ ကျန်ရစ်သည်။

သိပ်မကြာခင်မှာပင် အန်ကယ်ထွေး ပြန်ထွက်လာသည်။ လက်ထဲမှာ အိတ်တစ်လုံးကို ကိုင်ထား၏။

"ငါ မင်းကို ငါ့အလုပ်ကိစ္စတွေ မှာလိုက်ချင်လို့ကွ၊ ဪ . . ရွှေစင်ရေ ဟင်းအိုးနံ့ရတယ်နော်၊ တူးကုန်ပြီလား မသိဘူး"

ရွှေစင်မိုးလည်း မနေသာတော့ဘဲ လင်းထိုက်ကို နှုတ်ဆက်ပြီး ထိုင်ရာမှထသွားတော့မှ အန်ကယ်ထွေးသည် သူ့လက်ထဲက သားရေအိတ်အနက်လေးကို လင်းထိုက်ဆီ လှမ်းပေးလိုက်၏။ အသံခပ်တိုးတိုးဖြင့် . . .

"အဲဒီအိတ်လေးကို ယူသွားပြီး ကိုအောင်ထွန်းဆီရောက်အောင်ပို့ပေးပါ လင်းထိုက်"

လင်းထိုက် စိတ်ညစ်သွား၏။ အန်ကယ်ထွေးကလည်း အရေးထဲမှာ ဘာတွေလုပ်ခိုင်းနေမှန်းကို မသိချေ။ ဦးအောင်ထွန်းနှင့် မတည့်ပါဘူးဆိုမှ ပါဆယ်ထုပ်ပို့ခိုင်းနေပြန်သည်။

"ဟာ . . အန်ကယ်ထွေးကလည်းဗျာ၊ ဒီမှာ ဇာတ်တွေရှုပ်နေတဲ့ ဥစ္စာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ပို့ဖြစ်အောင်သာ ပို့လိုက်စမ်းပါကွာ၊ မင်းတို့ကို ဘာမှမထိခိုက်စေရပါဘူးလို့ ငါအာမခံတယ်၊ နောက်ပြီး ငါပြောချင်တာက ဒါလေးကို ပို့ပေးပြီးရင် ခဏလောက်သည်းခံနေလိုက်ဖို့ပါ ကိုလင်းရာ၊ ငါတို့ကြောင့် မင်းတို့ဒီလိုဖြစ်ရတာ ငါတကယ်စိတ်မကောင်းပါဘူး၊ မင်းတို့ ခဏလောက် သည်းခံလိုက်ပါ၊ မကြာခင် အဆင်ပြေသွားမှာပါ"

အန်ကယ်ထွေးစကားကြောင့် လင်းထိုက် မဲ့ပြုံးပြုံးသည်။ သူပြောတော့ လွယ်လိုက်တာ . . .။ မကြာခင် အဆင်ပြေသွားမှာပါတဲ့။ လင်းထိုက် သိပ်အထွေအထူး ပြောချင်စိတ်မရှိတော့သောကြောင့် အန်ကယ်ထွေးကို စကားတစ်ခွန်းနှစ်ခွန်းပြောပြီး နှုတ်ဆက်ကာ ပြန်လာခဲ့တော့သည်။ အန်ကယ်ထွေးပေးလိုက်သည့် အိတ်လေးကိုလည်း မယူချင့်ယူချင်နှင့် ယူလာခဲ့ရ၏။

လမ်းထိပ်ရောက်တော့ တက္ကစီသမားကို အိမ်လိပ်စာနှင့် ဦးအောင်ထွန်းနာမည်ပြော၍ သားရေအိတ်လေးကို သွားပို့ခိုင်းလိုက်သည်။ ဘယ်သူပို့ခိုင်းလဲမေးလျှင် မသိဘူးပြောဖို့လည်း ကားဆရာကို မေတ္တာရပ်ခံရသေးသည်။ တော်ကြာ သူမှန်းသိသွားရင် ပြဿနာမတက်ဘူးဟု မပြောနိုင်ပေ။ အိတ်ထဲမှာ ဘာတွေပါမှန်းမသိ။ အန်ကယ်ထွေးက သိပ်ယုံရတာမဟုတ်။ တော်ကြာ ဦးအောင်ထွန်းဒေါသထွက်စေမည့် တစ်စုံတစ်ခုဖြစ်နေလျှင် သူနှင့်ကြည်ဖြူကိစ္စက လုံးလုံးနစ်မြုပ်သွားနိုင်သည်။ လင်းထိုက်လည်း ဘီယာဆိုင်ဘက်သို့ ခြေဦးလှည့်လိုက်သည်။ အဲဒီမှာ တင်အောင်ထွေးနှင့် မြင့်ဇော်တို့ ရှိနေနိုင်သည်။ ဒီနေ့တော့ နည်းနည်းလောက် သောက်မှဖြစ်မည်။ ကြည်ဖြူရေ . . . ဒီအရှုံးတော့ မှုးယစ်တော့မယ်ကွယ်။ အရှုံးအမှုးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးတိုခေါ်တာ ထင်ပါရဲ့။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

စေ့ထားသည့် အခန်းတံခါးကို အသာဖွင့်ပြီး ဦးအောင်ထွန်းက သူ့သမီးငယ်ကို ကြည့်လိုက်သည်။ ကြည်ဖြူက လုံးဝမသိဘဲ ခုတင်ပေါ်မှာ တံခါးကိုကျောပေးလျက် ခွေခွေလေး လှဲအိပ်နေလေသည်။ သမီးကိုကြည့်ပြီး သက်ပြင်းတစ်ချက်ရှိုက်ကာ ဧည့်ခန်းဖက်သို့ ပြန်လျှောက်လာတော့၊ ဒေါ်ဖြူမွန်က ဦးအောင်ထွန်းကို ပြုး၍ ကြည့်နေ၏။ ပါးစပ်တပြင်ပြင်နှင့် တစိစိတရွရွ ဖြစ်နေသောကြောင့် သူ့မိန်းမ တစ်ခုခုပြောချင်နေမှန်း ဦးအောင်ထွန်းရိပ်မိလိုက်၏။

အမှန်တော့ ဘာပြောမယ်ဆိုတာကိုပါ သူရိပ်မိသလိုရှိနေလေသည်။

"မဖြူ မင်းကြည့်ရတာ ကဏ္ဍာမငြိမ်သလိုပဲ၊ ဘာဖြစ်နေသလဲ၊ ပြောစရာရှိလည်း ပြောပါလား၊ မင်း ငါ့ကို တစ်ခုခုပြောချင်နေ



www.burmeseclassic.com

www.burmeseclassic.com


တာ မဟုတ်လား"

"အဲ . . အင်း . . ဟိုဒင်း . . ."

ဒေါ်ဖြူမွန်မှာ ချက်ချင်းပြန်မပြောနိုင်သေးပေ။ ယောက်ျား မျက်နှာကို အကဲခတ်ရင်း တံတွေးကိုသာ မကြာခဏ မျိုချနေရ၏။ ဦးအောင်ထွန်းလည်း သူ့မိန်းမကိုကြည့်ပြီး စိတ်မရှည်ချင်တော့။

"ကဲ . . မဖြူ မင်းမလဲကွာ၊ ဖြစ်နေလိုက်တာ၊ ငါ့များ တကယ့် လူဆိုးလူမိုက်ကြီးကို ကြောက်ရသလိုပုံမျိုးနဲ့ ပြောစရာရှိတာ ပွင့်ပွင့် လင်းလင်း ပြောစမ်းပါ . . ."

"အဲ . . သူတို့ဘက်က ဒီနေ့မနက်ပဲ ထပ် . . ထပ်ကမ်းလှမ်း လာတယ်၊ အဲဒါ . . သမီးလေးကို ပြန်အပ်ပြီး လက်ထပ်ပွဲလုပ် . ."

"တော်တော့"

ဒေါ်ဖြူမွန်အသံက ဓါးနှင့်အခုတ်ခံလိုက်ရသလို တိကနဲ ရပ်သွားသည်။ နောက် . . .

"မင်းသဘောက ဘယ်လိုလဲ"

"ရှင်"

ဒေါ်ဖြူမွန်မျက်လုံးတွေ နဂိုထက် သုံးဆမျှ ပြူးလာသည် ထင်ရ၏။

"မင်းသဘောက ဘယ်လိုလဲလို့ မေးနေတာ၊ မင်းလက်ခံ ချင်နေတာလား"

ဦးအောင်ထွန်း၏ မေးခွန်းကြောင့် ဒေါ်ဖြူမွန်ကပြာကယာ ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့၊ ကိုယ့်သမီးလေးလည်း . . ဟို အပျိုပြေဖြစ်တာမှ မ . . မဟုတ်တော့တာ . . ."


www.burmeseclassic.com

www.burmeseclassic.com



"တော်ကွာ၊ အပိုတွေ ပြောမနေနဲ့၊ သူတို့ကိုသာ ပြန်အပ်ခိုင်းလိုက်၊ မင်းဘာသာ ကြည့်စီစဉ်ပြီး ညှိနှိုင်းလုပ်ကြ၊ ငါ့ကိုတော့ ဘာမှလာမပြောနဲ့၊ အဲဒီနေ့ကျရင်လည်း ငါအိမ်မှာမနေဘူး၊ ဒါပဲ"

စကားအဆုံးမှာ ရုတ်တရက် ထသွားသည့် ဦးအောင်ထွန်းကို ငေးကြည့်၍ ဒေါ်ဖြူမွန်မှာ ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်နေဆဲ။ သူမယောက်ျား ဘယ်လိုစိတ်ပြောင်းလဲသွားသည်ကို နားမလည်နိုင်သော်လည်း၊ သမီးကြီးရွှေစင်မိုးအတွက်တော့ ဒေါ်ဖြူမွန် စိတ်ချမ်းသာသွားရလေသည်။

ထိုအခိုက် ပြန်လှည့်လာသည့် ဦးအောင်ထွန်းခြေသံကြောင့် ဘာထပ်ပြောဦးမလို့ပါလိမ့် ဟုတွေးကာ ဒေါ်ဖြူမွန်ရင်ထိတ်သွားသည်။ စိတ်များ ပြန်ပြောင်းသွားလေရော့သလား မသိ။ ရှုပ်တယ် ဟော့ လက်မခံနဲ့တော့လို့များ ပြောမလား။ အတွေးတွေနှင့် ဒေါ်ဖြူမွန်က ယောက်ျားဖြစ်သူကို မော့ကြည့်လိုက်ပါ၏။ သို့သော် ဦးအောင်ထွန်း သူမကို တကယ်တမ်းပြောလိုက်သည်မှာ . . .

"သမီးငယ်လေးကို ကျောင်းပြန်တက်ခိုင်းလိုက်ပါတော့ကွာ၊ သူ့ခမျာ သနားပါတယ်"

* * * *

အန်ကယ်ထွေးနှင့် ရွှေစင်မိုးတို့က မင်္ဂလာဆောင်ကို အထူးခမ်းနားလုပ်ရန်သာ စိတ်သန်နေကြသောကြောင့် သူတို့ဆန္ဒအတိုင်း ဖြစ်အောင်ပင် ဆောင်ရွက်ပေးလိုက်ရသည်။ လင်းထိုက်လည်း ခမ်းနားဝမ်းသာပင် အန်ကယ်ထွေးတို့ မင်္ဂလာပွဲကို ဝိုင်းဝန်းကူညီလုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေမိသည်။ တင်အောင်ထွေးတို့ မြင့်ဇော်တို့လည်း အန်ကယ်ထွေး အတွက် ပျော်နေကြ၏။

မိုးသူနှင့်ကြည်ဖြူတို့ကတော့ လစ်ရင်လစ်သလို လင်းထိုက် နားသို့ရောက်လာပြီး စကားတွေ လာပြောနေတတ်သည်။ ဦးအောင်ထွန်း သည် မင်္ဂလာဆောင်သို့ လုံးဝမလာသော်လည်း၊ အခြေအနေက ခန့်မှန်းရခက်နေဆဲမို့ သတိတော့ထားနေရ၏။

အားလုံးဝိုင်းရယ်ကြရသော ကိစ္စတစ်ခုကလည်း ရှိသေး သည်။ သတို့သမီးနှင့် သတို့သားနှစ်ယောက်က မိဘတွေကို ကန် တော့ဖို့ အစီအစဉ်ရောက်တော့၊ အန်ကယ်ထွေးခမျာ ဘယ်လိုလုပ် ရမှန်းမသိ ဖြစ်နေ၏။ ကန်တော့ရတော့မလို ထပြေးရမလိုနှင့် အ တော်လေး ကြွန္ဒြပျက်နေရှာလေသည်။ ပျက်ပေမပေါ့ . . . ။

ရွှေစင်မိုးတို့အမေ ဒေါ်ဖြူမွန်က သူ့ထက် သုံးနှစ်မျှငယ် နေသည်ကိုး . . . ။ စိတ်ညစ်စရာတွေကြားမှ တဝါးဝါး တဟားဟား ဖြင့် မင်္ဂလာပွဲလေးမှာ အောင်အောင်မြင်မြင် ပြီးဆုံးသွားခဲ့၏။ စပ်စု တတ်သော ရပ်ကွက်ထဲက လူတွေကတော့ ဦးအောင်ထွန်းကို မသိ မသာ လိုက်ရှာကြည့်ကြသေးသည်။ လင်းထိုက်အဖို့မူ ဦးအောင်ထွန်း မရှိ၍ ပိုအဆင်ပြေနေသည်။ လူအလစ်၌ သူက ကြည်ဖြူ့လက်ထဲသို့ စာလေးတစ်စောင် ထည့်ပေးခဲ့လေသည်။

* * * *

ပြဿနာများ ပြေလည်သင့်သလောက် ပြေလည်သွားသည်။ လင်းထိုက်နှင့် ကြည်ဖြူတို့အတွက်တော့ အခြေအနေက မရေရာ



www.burmeseclassic.com

www.burmeseclassic.com


သေးဟု နှစ်ယောက်စလုံး သဘောပေါက်ထားကြပါသည်။

ဘာပဲဖြစ်ဖြစ် ကြည်ဖြူ ကျောင်းပြန်တက်ခွင့်ရတော့မည် ဆိုသဖြင့် လင်းထိုက်သာမက တင်အောင်ထွေး၊ မြင့်ဇော်နှင့် မိုးသူ တို့ပါ ဝမ်းသာအားရ အူမြူးနေမိကြ၏။

လင်းထိုက်သည် အားလုံးနှင့်တိုင်ပင်ဖို့ နေ့တစ်နေ့ကို ရွေးချယ်လိုက်သည်။ ထုံးစံအတိုင်း တင်အောင်ထွေးတို့နှစ်ယောက်နှင့် မိုးသူတို့ကို အကြောင်းကြားထားရသည်။ ကြည်ဖြူကိုတော့ မင်္ဂလာဆောင်နေ့တုန်းက တွေ့ဆုံတိုင်ပင်မည့်နေ့ကို စာတစ်စောင်ရေးပေးခဲ့ပြီးပြီ။

တိမ်ကင်းစင်၍ ရာသီဥတုကောင်းမွန်သည့် နေ့တစ်နေ့ . . ။ လင်းထိုက်သည် ကောင်းကင်ကိုငေးကာ သူ့စိတ်ကူးတွေ လွတ်တင်နေမိ၏။ ဝေး . . လို့ . . မဖြစ်ဘူး။ အသိစိတ်က အော်ညည်းလျက်တွားတက်နေဆဲ။ ဘယ်လမ်းကို ရွေးရမှာလဲ။ ချစ်သူ၏ဝိညာဉ်ကိုလည်း သူက မနာကျင်စေလိုပါ။ လင်းထိုက်အတွက် တစ်ဘဝလုံးစာ အချစ်ဖြင့် ချစ်ရမည့်ချစ်သူကို ခိုးဝှက်၍ မယူချင်ပေ။ အမှောင်တိုက်တွေ မျက်လုံးပွင့်လာမယ့်နေ့ကို သူမျှော်လင့်ချင်ပါသည်။

ကြည်ဖြူအကြောင်းတွေးရင်းနှင့် ဦးအောင်ထွန်း၏ မျက်နှာကြီးကို မြင်ယောင်လာ၏။ ပြီးခဲ့သမျှ အဖြစ်အပျက်တွေမှာ ဒီအဘိုးကြီး ဘယ်လိုကြောင့် အလျှော့ပေး လက်ခံလိုက်သည်ကို အန်ကယ်ထွေးတို့နှစ်ယောက်ပင် နားလည်ပုံမရဟု လင်းထိုက်တွေးနေမိ၏။ သူများကိစ္စကို ထားပါတော့လေ . . . ။ ကိုယ့်ဘဝကရော ဘယ်လိုလင်းလက်ရမလဲ။ တင်အောင်ထွေးကတော့ ပြောသည်။ မိဘဆိုတာ ဘယ်သားသမီးကိုမှ ပြတ်နိုင်တယ်မှမရှိတာ . . တဲ့။ သူဆိုလိုတာ


www.burmeseclassic.com

www.burmeseclassic.com


ကတော့ အနက်ကယ်တွေးတို့လို စွန့်စားသင့်လျှင် မင်းလည်း စွန့်စား လိုက်ပေါ့လေ . . . ။ သူခေါင်းရမ်းလိုက်၏။ "ဟင့်အင်း . . ဒါဆို သူနဲ့မိဘတွေကြားမှာ ကြည်ဖြူစိတ်ညစ်နေရမှာ . . " လင်းထိုက်က သူမကို ကြည်ကြည်ဖြူဖြူသာ ချစ်ချင်ပါသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

ဆွေးနွေးငြင်းခုံသံက အတော်ကျယ်လာသဖြင့် ဘေးဝိုင်းများကပင် သတိပြုကြည့်မိလာကြသည်။ မိုးသူက တိုးတိုးပြောဖို့ပင် သတိပေး၏။ လင်းထိုက်မှာ ကြည်ဖြူလက်ကို တင်းတင်းဆုပ်ကိုင်လျက် မြင့်ဖော်ပြောသည်ကို ဂရုတစိုက် နားထောင်နေရှာပါသည်။ ကျန်သူငယ်ချင်းများကလည်း စိတ်ဝင်တစားနှင့် ဝင်ရောက်ဆွေးနွေးပြောဆိုဖို့ စိတ်အားသန်နေကြလေ၏။

"မင်းတို့ အဲဒီလိုမလုပ်ချင်လို့ မရတော့တာအမှန်ပဲ လင်းထိုက်၊ တင်အောင်ထွေးပြောတာ မှန်တယ်၊ ငါကလည်း တကယ်တမ်းမှာ အဲလိုလုပ်ရတာတွေကို အားမပေးချင်ပါဘူးကွာ၊ မင်းသိပါတယ်၊ ဒါပေမယ့် အခုအခြေအနေက အဲဒီလိုပဲ လုပ်ရတော့မယ်ထင်တယ် . . "

"ဟုတ်တယ် ကြည်ဖြူ၊ ငါလည်း နင့်ကို အဲဒီအကြံကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်ဖို့ တိုက်တွန်းချင်တယ်ဟာ"

မိုးသူက ကြည်ဖြူ့ကို ဦးတည်ပြောရင်း လင်းထိုက်ကိုပါ တစ်ချက်ဝေ့ကြည့်လိုက်၏။ လင်းထိုက်သည် အသက်ကို ခပ်ပြင်းပြင်း ရှိုက်လိုက်ပြီး ကြည်ဖြူ့ကို အကဲခတ်ကြည့်မိသည်။ ကြည်ဖြူက ခေါင်း ကိုင်ငုံ့ထား၍ ဘာတစ်ခွန်းမှ ဝင်မပြောသေးချေ။ လင်းထိုက်က . . .

"ငါပြောမယ်၊ ငါတို့နှစ်ယောက်ကိစ္စက ခိုးပြေးသွားရုံနဲ့ မပြီး ဘူးနော်၊ ဟော့ကောင်တွေ၊ သူ့အဖေဘက်ကိုလည်း ကြည့်ဦးကွ၊ သူတို့ လူကြီးသုံးယောက်ဇာတ်လမ်းကို ထားလိုက်ကွာ၊ အနက်ကယ်ထွေးကိစ္စ မှာ တစ်ခါ၊ အခုတစ်ခါဆိုရင် ငါတို့ကို သူဘယ်လောက် ဒေါသထွက် မလဲဆိုတာ စဉ်းစားကြည့်ဦးလေ . . ."

ကြည်ဖြူက ခေါင်းကိုမော့၍ လင်းထိုက်ပြောတာကို ငေးနေ ပြန်၏။ တင်အောင်ထွေးသည် လင်းထိုက်စကားအဆုံးတွင် မဲ့ပြုံး ကြီးပြုံးလိုက်သည်။

"အဲဒါဆိုလည်း ငါတို့ကို ဘာလို့ခေါ်တိုင်ပင်သေးလဲကွာ၊ မင်းတို့ဘာသာ လုပ်ချင်ရာလုပ်ပေါ့"

"ဟာ . . တင်အောင်ထွေး၊ မင်းအဲလိုတော့ မပြောနဲ့လေ ကွာ"

"အဲလိုမပြောရင် ဘယ်လိုပြောရမှာလဲ၊ ငါတို့လည်း ဒီထက် ပိုမလုပ်တတ်၊ မပြောတတ်တော့ဘူးလေ၊ ကိစ္စတစ်ခုမှာ အဖြေက တစ်ခုပဲရှိရင် ဒီအဖြေကိုပဲ လက်ခံရမှာပေါ့၊ လက်မခံချင်ရင် ဘယ်လို လုပ်ပေးရမလဲ"

မြင့်ဇော်က တင်အောင်ထွေးကို လက်ကာပြီး ဟန့်တား သည်။ မိုးသူကတော့ သူမသူငယ်ချင်းကြည်ဖြူ၏ မျက်နှာကိုငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး စိတ်မကောင်းဖြစ်နေပုံရသည်။ ထို့နောက် . . . မြင့်ဇော်က လေးနက်စွာ ပြောလာ၏။

"လင်းထိုက်၊ ငါပြောတာကို မင်းသေချာနားထောင်ပြီး စဉ်းစားကွာ၊ ကြည်ဖြူလည်း စဉ်းစား၊ ဟုတ်ပြီလား၊ ဒီလိုကွာ၊ သူတို့လူကြီးချင်း အတိတ်က ကိစ္စတွေ၊ အန်ကယ်ထွေးတို့ကိစ္စတွေ ဖြစ်ခဲ့တာမှန်တယ်၊ ဒါ ဟုတ်တယ်၊ မျက်နှာပျက်စရာတွေ၊ စိတ်ဆိုးဒေါသထွက်စရာတွေ ဖြစ်ခဲ့ကြတယ်၊ ဒါပေမယ့် အဲဒါ မင်းတို့လုပ်ခဲ့တာလား . . ပြော . . ၊ မင်းစဉ်းစား လင်းထိုက်၊ အခုဟာက မင်းတို့ကိုယ်ပိုင်ကိစ္စ၊ မင်းတို့နှစ်ယောက်ပိုင်ရမယ့်ဘဝ၊ ဒါပဲ၊ သူတစ်ပါးတွေ လုပ်ခဲ့ဖြစ်ခဲ့တဲ့ ကိစ္စဖြစ်ရပ်တွေရဲ့ နောက်ဆက်တွဲပြဿနာဟာ မင်းတို့နှစ်ယောက်အတွက် အဖြေတစ်ခုလား"

တစ်လောကလုံး အိပ်ပျော်နေသလို ငြိမ်သက်သွားလေသည်။ ကြည်ဖြူနှင့်လင်းထိုက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် နက်ရှိုင်းစွာ ပြုံးလာ၏။ လင်းထိုက်က မြင့်ဇော်ကို လက်ကမ်းပေးလိုက်ပါသည်။

"ကျေးဇူးတင်တယ် သူငယ်ချင်း"

လင်းထိုက်မျက်နှာသည် နံနက်ခင်းအသစ်တစ်ခုလို စင်ကြယ်လို့နေ၏။ ထို့နောက် . . . ထို့နောက်တွင် သူတို့ငါးယောက်သားခေါင်းချင်းဆိုင်လိုက်ကြတော့သည်။

"အဲဒီတော့ × × × + + . . . ငါတို့က × + - - . . . + × . . ."

* * * *



www.burmeseclassic.com

www.burmeseclassic.com



မဟာဗျူဟာ အစီအစဉ်က အောင်မြင်သည်ဟု ဆိုရမည်။ ကြည်ဖြူတို့အိမ်က အုံ့ဩစရာကောင်းလောက်အောင် သူမအပေါ် သဘောထားပျော့ပျောင်းလာခဲ့ပါသည်။ လင်းထိုက်တို့ဘက်ကလည်း လုံးဝခြေလှမ်းမမှားရအောင် ဂရုစိုက်ရသည်။ သူတို့နှစ်ယောက်လည်း မလိုအပ်ဘဲ ဘာအဆက်အသွယ်မှ မလုပ်ကြတော့ပေ။

တစ်ည ကြည်ဖြူစာကျက်နေတုန်း ဦးအောင်ထွန်းက အခန်းထဲဝင်လာ၏။

"သမီးလေး စာတွေကျက်နေသလား"

"ဟုတ်ကဲ့၊ ဖေဖေရော မအိပ်သေးဘူးလား"

"အေး . . သမီးရေ့ မျက်လုံးတွေ ကြောင်နေလို့၊ အဲဒါ သမီးဆီမှာ အပျင်းပြေဖတ်စရာ မဂ္ဂဇင်းစာအုပ်လေး၊ ဘာလေးများ ရှိမလားလို့ ဝင်မေးကြည့်တာ"

ကြည်ဖြူရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။ ဖအေဖြစ်သူကို ကြည့်တော့လည်း ခပ်ပြုံးပြုံးမို့ တွေးရခက်နေသည်။

"ဟင့်အင်း၊ အခု သမီးမှ အဲဒီစာအုပ်တွေ မဖတ်ဖြစ်တော့တာ ဖေဖေရဲ့၊ ကြာမှ ကြာလှပြီဟာကို"

ဦးအောင်ထွန်းမှာ သူ့သမီးကိုပြုံးကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။ ထူးထူးထွေထွေတော့ ဘာမှမပြောချေ။

"ဩော် . . အေး . . အေး၊ ကဲ . . အဲဒါဆို ဖေဖေလည်း ဓမ္မပဒပဲ ပြန်ဖတ်လိုက်တော့မယ်၊ ငါ့သမီးငယ်လေး စာကျက်နေတာ ဆက်ကျက်နေ၊ ဖေဖေသွားပြီ . . ဂွဒ်နိုက် . . ."

"ဟုတ်ကဲ့ ဖေဖေ"

သက်ပြင်းချမည်မှ မကြံသေးခင် ဦးအောင်ထွန်းက သူမ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ပြန်ဝင်လာသည်။

"ဒါနဲ့ သမီးသူငယ်ချင်း ဟိုကောင်မလေးတောင် အိမ်ကို မလာတာ ကြာပြီနော်၊ သမီးပျင်းရင် သူ့ကိုအိမ်အလည်ခေါ်ပြီး စာအတူတူကျက်ကြပါလား သမီးရဲ့၊ သမီးလည်း အဖော်ရတာပေါ့ မဟုတ်ဘူးလား . . ."

"ရှင် . . ဟုတ် . . ဟုတ်ကဲ့ ဖေဖေ"

လှည့်ထွက်သွားသော ဖခင်ဖြစ်သူကိုငေးနေရင်း ကြည်ဖြူ တစ်ယောက် ဇဝေဇဝါ ဖြစ်နေရှာသည်။ ဖေဖေ့အမူအရာတွေက ထူးဆန်းနေပါလား။

"ကေန္တ ငါ့ကိုစမ်းသပ်နေတာပဲ ဖြစ်မှာ" ဆိုသည့် အတွေးနှင့်အတူ ကြည်ဖြူမှာ စာကျက်မရတော့။ ဘယ်နေရာမှာ မပိမရိ ဖြစ်နေသလဲဆိုတာ သူမစဉ်းစားနေရ၏။ ပြီးခဲ့သည့် နှစ်ရက်ခန့်ကတော့ မေမေက စကားစပ်မိသလိုနှင့် သူမကို လင်းထိုက်အကြောင်း တွေ မေးနေသေးသည်။

သူမလည်း ဘာမှမသက်ဆိုင်တော့ကြောင်းကို ခပ်ပေါ့ပေါ့ ဟန်ပန်ဖြင့်သာ ပြန်ဖြေလိုက်သည်။ ယုတ္တိရှိအောင် လင်းထိုက်သည် ရည်းစားများသူဖြစ်သဖြင့် အဆက်ဖြတ်လိုက်ကြောင်း မေမေ့ကို ပြောပြရ၏။ ပိုပြီးယုတ္တိရှိသွားသည်မှာ သူမတို့တိုင်ပင်ထားသည့် အကွက်လေးတစ်ကွက်ကြောင့် ဖြစ်လေသည်။ မိုးသူနှင့်လင်းထိုက်တို့ နှစ်ယောက်သည် သမီးရည်းစားများပမာ လမ်းထဲမှာ လျှောက်သွားလာပြကြ၏။ တင်အောင်ထွေးတို့ကလည်း လူစည်ကားပြီဆို အဲဒီ နှစ်ယောက်ကို ချစ်ကြိုက်နေလေဟန် သတင်းလွှင့်၏။ တစ်နေ့ဆို လက်ချင်းချိတ်ပြီး ကြည်ဖြူတို့အိမ်ရှေ့ကပင် နှစ်ယောက်တွဲ၍ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားကြသေးသည်။ ကြည်ဖြူကတော့ နှုတ်ခမ်းကိုက်၍ ရယ်ချင်စိတ်ကို မြိုသိပ်ထားရ၏။ နှုတ်ခမ်းကိုကိုက်ထားသော သူမ အမူအရာကို ဦးအောင်ထွန်းက တစေ့တစောင်း အကဲခတ်ကြည့်နေလေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

နှင်းမြူတို့ အုံ့ဆိုင်းနေဆဲအချိန်။ ပြတင်းပေါက်မှတဆင့် မြင်ရသော နံနက်ခင်းသည် ကြည်ဖြူကို လှပစွာ စောင့်မျှော်နေသယောင်ထင်ရ၏။ မေမေက ကော်ဖီဖျော်ရင်း ကြည်ဖြူကို လှမ်းချက်နေသဖြင့် ပြတင်းပေါက်အနားမှာ ရပ်မနေတော့ဘဲ သူမက ထမင်းစား,စားပွဲဆီ လေးလေးကန်ကန်နှင့် လျှောက်လာခဲ့သည်။

"သမီးငယ်လေးက ဆာနေပြီလား၊ ခဏစောင့်ဦး၊ မေမေ ဒီနေ့ အိပ်ရာထနောက်ကျသွားလို့"

မေမေ့စကားကို သူမ ခွန်းတုံ့မပြန်ဖြစ်။ နီးစပ်ရာ ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။ မေမေက သူမဘက်သို့ လှည့်မကြည့်နိုင်သေးဘဲ မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူသည် ရှေ့ဆက်ရမည့်ကိစ္စတွေအတွက် စဉ်းစားကာ စိတ်လှုပ်ရှားနေမိသည်။ ခဏကြာတော့ မေမေက သူမအတွက် ကော်ဖီနှင့် မုန့်ပန်းကန်လာချပေးရင်း ပြော၏။

*"သမီးဖေဖေတော့ ဒီနေ့အိပ်ရာထနောက်ကျနေပြီ၊ ခါတိုင်းဆို ဒီအချိန်နိုးနေကျကို ခုထိမထသေးဘူး၊ ကြည့်ရတာ ညက သူအိပ်ရာဝင်နောက်ကျတယ် ထင်ပါရဲ့ကွယ်၊ ပြီးတော့ ဘာစာအုပ်တွေ ဖတ်နေတာလဲ မသိဘူး၊ အိပ်ရာပေါ်မှာ ဟိုဖက်လှည့်လိုက် ဒီဖက်လှည့်လိုက်နဲ့ တော်တော်နဲ့ မအိပ်ဘူး"*

ကြည်ဖြူက အလိုက်အထိုက်ပဲ ခေါင်းညိတ်ပြလိုက်၏။ စိတ်ကတော့ လင်းထိုက်တို့ဆီ ရောက်နေသည်။ သူတို့တိုင်ပင်ထားသည့်အတိုင်းဆို ဒီနေ့သည် ကြည်ဖြူအတွက် စစ်ဆင်ရေးတစ်ခု စတင်ရမည့် နိဒါန်းနေ့ဖြစ်ပါသည်။ ညက အမူးသမားတစ်ယောက် ပမာ သီချင်းဆိုသွားသော မြင့်ဇော်၏အသံကို ကြားယောင်ကာ ကြည်ဖြူရယ်ချင်မိ၏။

"ဒိုးရတော့မယ် အချစ်ရယ်၊ အာဟား အာဟား နှုတ်ဆက်ခဲ့ပါတယ် . . အာဟား အာဟား . . ."

တကယ်တော့ မြင့်ဇော်သည် သူမကို အချက်ပေးသွားခြင်း ဖြစ်လေသည်။ အရက်သမားတစ်ယောက် မူးရူးအော်ဟစ်သွားသည့် ပုံစံဖြင့် မြင့်ဇော် ပီပီပြင်ပြင် သရုပ်ဆောင်သွားနိုင်သော်လည်း၊ သူမကတော့ အချင်းချင်းတွေမို့ ရိပ်မိလိုက်ပါသည်။

ဒီအတိုင်းဆို လင်းထိုက်တို့ဘက်က ခိုးပြေးဖို့ အဆင်သင့် ဖြစ်နေပြီဟု ကြည်ဖြူနားလည်ရ၏။ ဒါဆို သူမဘက်က လှုပ်ရှားဖို့ပဲ လိုအပ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဟော . . ဘာလဲ သမီးငယ်လေးရဲ့၊ ကော်ဖီထပ်ယူချင်လို့လား၊ လာလေ"

"မဟုတ်ပါဘူး မေမေရာ၊ သမီးပြောစရာရှိလို့"

ဒေါ်ဖြူမွန်က သမီးဖြစ်သူကို စိတ်မပါ့တပါ စောင်းငဲ့ကြည့်လိုက်၏။

"ဘာများတုန်း သမီးရယ်"

"ဟိုလေ၊ သမီးတို့ သူငယ်ချင်းတွေစုပြီး ကျိုက်ထီးရိုးဘုရားဖူးခရီးထွက်မလို့၊ အဲဒါ သူတို့တွေနဲ့ သမီးလိုက်ချင်လို့"

မေမေ့ဆီမှ ဘာသံမှ ထွက်မလာပေ။ ကြည်ဖြူ့အသံကို မေမေက မကြားလိုက်သလိုပင် သူမလုပ်စရာရှိတာတွေကိုသာ တစ်ခုပြီးတစ်ခု လုပ်နေ၏။ တော်တော်လေးကြာမှ မေမေသည် သူမဘက်ကို လှည့်လာ၏။

"ဘယ်လိုလုပ်ဖြစ်မှာလဲ သမီးရယ်၊ သမီးအဖေအကြောင်းလည်း သမီးသိရဲ့သားနဲ့"

ကြည်ဖြူနှာခေါင်းရှုံ့ပြလိုက်တာကို ဒေါ်ဖြူမွန်က မမြင်ချင်ယောင်ဆောင်ကာ ဆက်ပြောပါသည်။

"မေမေကတော့ ဘာပြောမှာလဲ၊ သမီးဖေဖေသာ အခွင့်ပေးရင် သမီးသဘောပေါ့"

ဒါတော့ ဟုတ်ပါသည်။ မိခင်တစ်ယောက်ဖြစ်သော်လည်း ဒေါ်ဖြူမွန်အနေဖြင့် တကယ်တော့ ဘယ်ကိစ္စကိုမှ ဆုံးဖြတ်ပေးနိုင်သည်ဟူ၍ မရှိပေ။ ဦးအောင်ထွန်း၏ ဆုံးဖြတ်ချက်သည်သာ အရေးအပါဆုံး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူက စိတ်ရှုပ်သည့်အမူအရာဖြင့် ခေါင်းကိုတွင်တွင်တုပ်နေမိ၏။ ပြီးတော့ . . .

"မေမေကလည်း သမီးကို ကူပြောပေးပေါ့၊ မေမေပြောရင် ရတာပဲဟာကို"

ဒေါ်ဖြူမွန်သည် သမီးစကားကို သဘောကျပြီး ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

"ဩော် . . ငါ့သမီးလေးနှယ်၊ မသိတာ ကျနေတာပဲ၊ သမီး အဖေကိုလွန်ဆန်ပြီး မေမေ ဘာတွေများလုပ်ခဲ့တာ မြင်ဖူးလို့လဲ၊ ဒီကိစ္စကိုလည်း ညည်းအဖေကိုသာပြောပါ သမီးရယ်၊ သူသဘောတူရင် ညည်းသဘော၊ ညည်းသွားချင်တဲ့နေရာသာသွား၊ မေမေခွင့်ပြုတယ်၊ သမီးမဟုတ်တာ မလုပ်ဘူးဆိုတာကို မေမေကတော့ ယုံပြီးသား၊ သမီးဖေဖေကိုပဲ ရအောင်ပြော၊ ကြားလား"

"သမီးမှ မပြောရဲတာကို မေမေကလည်း၊ မေမေ့ကို အားကိုးပါတယ်ဆိုနေမှ"

ကြည်ဖြူက ငိုမဲ့မဲ့ဖြင့် ဒေါ်ဖြူမွန်ကို ပြောလိုက်၏။

"ဘာတွေမပြောရဲဖြစ်နေတာလဲ အငယ်မလေးရဲ့"

နောက်က ရုတ်တရက် ကြားလိုက်ရသည့် ဖေဖေ့အသံကြောင့် ကြည်ဖြူလန့်သွားသည်။ ဒေါ်ဖြူမွန်လည်း သူမယောကျ်ားအသံကို ကြားသဖြင့် အံ့အားသင့်နေမိသည်။ ဦးအောင်ထွန်းက သူမတို့သားအမိကို ပြုံးပြလိုက်၏။

"သမီးတို့ပြောနေတာတွေ ဖေဖေ အကုန်လုံးကြားသယ်၊ ကဲပါလေ၊ သမီးလည်း အရွယ်ရောက်နေပြီပဲ၊ သမီးဒီတောက်သွားချင်နေမှတော့ သွားပေါ့၊ ဖေဖေခွင့်ပြုတယ်၊ မဖြူရေ မင်းသမီးကို



www.burmeseclassic.com

www.burmeseclassic.com



လမ်းစရိတ်တို့ မုန့်ဖိုးတို့ လုံလုံလောက်လောက် ထည့်ပေးလိုက်ကွာ"

ဦးအောင်ထွန်းပြောလိုက်သည့် စကားကိုကြားရတော့ အစပိုင်းမှာ ကြည်ဖြူတို့သားအမိနှစ်ယောက် မှင်သက်၍ ကြောင်နေမိကြသေးသည်။ ဟုတ်ရော ဟုတ်ရဲ့လားဟုတွေးကာ ကြည်ဖြူက သူ့မအမေကို လှည့်ကြည့်သည်။ ဒေါ်ဖြူမွန်ကလည်း ပါးစပ်အဟောင်းသားဖြင့် ကြည်ဖြူ့ကိုပြန်ကြည့်ရင်း မယုံကြည်နိုင်လောက်အောင်ဖြစ်နေတော့သည်။ ဦးအောင်ထွန်းသည် သူ့သမီးကို မပွင့်တပွင့်အပြုံးဖြင့် တစ်ချက်လှမ်းကြည့်၍ ဧည့်ခန်းရှေ့ လှည့်ထွက်သွားလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

အခန်းထဲမှာ ဦးအောင်ထွန်းတစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်နေသည်။ သူ့ရှေ့က စားပွဲပေါ်တွင် သားရေအိတ်အနက်လေးတစ်လုံး တင်ထား၏။ အခန်းတံခါးကို ပိတ်ထားသည်မို့ သူတစ်ယောက်တည်း လွတ်လပ်အေးဆေးစွာပင် သားရေအိတ်လေးကို ဖွင့်၍ အထဲမှ ဒိုင်ယာရီစာအုပ်အား ဆွဲထုတ်လိုက်ပါသည်။

လွန်ခဲ့သည့် နှစ်လခန့်က သူ့နာမည်နှင့်လိပ်မူပြီး ဤသားရေအိတ်အနက်လေး ရောက်လာခဲ့ပုံကို ပြန်အမှတ်ရနေမိသည်။ လာပို့သည့် ကားဒရိုင်ဘာကို ပေးပို့သူအမည်မေးတော့လည်း မသိဟုသာ ဖြေသွားခဲ့သည်။

ထိုဒိုင်ယာရီစာအုပ်လေး၏ ပိုင်ရှင်မှာ တစ်ချိန်က သူ၏ချစ်ဆုံးချစ်သူဖြစ်ခဲ့ဖူးသော မသူဇာပင် ဖြစ်လေသည်။ ဒိုင်ယာရီစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တိုးတတ်ကြည့်မှ အတိတ်တုန်းက သူ့အမှားတွေကို သိမြင်လာခဲ့ရ၏။ မောင်ထွေးကိုလည်း ဘယ်လိုမျက်နှာပြ၍ တောင်းပန်ရမှန်းမသိ တော့ပေ။

တကယ်တော့ မောင်ထွေးသည် သူ့အတွက် အဖြူစင်ဆုံး သူငယ်ချင်း ဖြစ်ခဲ့ဖူးသည်။ ဒိုင်ယာရီစာအုပ်လေးကို ဘယ်နှစ်ကြိမ် မြောက်မှန်းမသိ သူထပ်လှန်ဖတ်မိပြန်သည်။ သူနှင့်အချိန်ကာလ များစွာ ရင်းနှီးခဲ့ဖူးသည့် ချစ်သူလက်ရေးလေးတွေက သူ့ကိုအပြစ် တင်နေသလို ခံစားရလေသည်။

၇. ၁၀. ၈၅

မောင်နိုင်ငံခြားက ပြန်မလာတော့ဘူးတဲ့ စိတ်ညစ်လိုက်တာ။ သူဇာ ဘယ်လိုလုပ်ရမလဲ၊ ကြောက်တယ် မောင်ရယ်။ ကိုထွေးက တော့ အားပေးပါတယ်။ ဒါပေမယ့် . . မောင်ရယ် . . သူဇာ ဘယ်သူ့ ကိုဖွင့်ပြောပြီး အကူအညီတောင်းလို့ရမှာလဲ။ သူဇာ့မှာ မောင့်ရဲ့ . . ကိုယ်ပွားလေး ရှိနေပြီတဲ့။ ဘုရားရှိခိုးတိုင်း မောင်တစ်ယောက် မြန် မြန်ပြန်လာပါစေလို့ပဲ ဆုတောင်းပါတယ်။ သူဇာ့ဘဝမှာ မောင်နဲ့ ပြန်ဆုံဖို့ကလွဲပြီး တခြားဖြစ်ချင်တာ တစ်ခုမှမရှိတော့ပါဘူး မောင် ရယ် . . . ။

သူစက်ာပူမှာ ကံမကောင်းအကြောင်းမလှစွာဖြင့် ကာ မတော်တဆမှု ဖြစ်နေချိန်တွင် သူဇာတစ်ယောက် ရင်သွေးနှင့် ဘယ်လောက်သောကတွေ များခဲ့ရှာမည်နည်း။ ဦးအောင်ပွန်း အံကို တင်းတင်းကြိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



၈. ၁. ၈၆

မောင်ရယ်၊ ရက်စက်လိုက်တာ။ သူဇာတို့ တစ်ဘဝလုံးဝေးကြပြီနော် . . ။ သူဇာလေ အသက်ဆက်ရှင်ချင်စိတ် မရှိတော့လောက်အောင် ခံစားရပေမယ့်၊ မောင့်ရင်သွေးလေးအတွက် အားတင်းထားခဲ့ရတယ်။ သူဇာကို ခွင့်လွှတ်ပါတော့ မောင်။ သူဇာလေ . . ကိုထွေးနဲ့ ခိုးပြေးတယ်လို့ သတင်းလွှင့်ပြီး သူဇာအရှက်ကိုကာကွယ်ဖို့ အဝေးကို ပြေးခဲ့ရတယ်မောင်။ ကိုထွေးကတော့ တကယ်ကို စိတ်သဘောထားကြီးမြတ်တဲ့သူပါ မောင်ရယ်။ လူဖျိုလေးတန်မဲ့ သူဇာအပေါ် မှာ သန့်ရှင်းဖြူစင်တဲ့ စေတနာနဲ့ တာဝန်မှန်သမျှ ယူခဲ့တယ်။ မောင်ပြန်လာမှ သူကိုယ်တိုင် ရှင်းပြပေးပါ့မယ်တဲ့။ မောင့်သူငယ်ချင်းတာ မောင့်အပေါ် သိပ်သစ္စာရှိတာစကြည့်ပြီး မောင်လည်း သူဇာ့အပေါ် သစ္စာရှိပါစေလို့ပဲ သူဇာဆုတောင်းနေမိတယ်။

ဦးအောင်ထွန်းက ဒိုင်ယာရီစာအုပ်ကို ပြန်ပိတ်၍ မျက်လုံးကို မှိတ်ထားလိုက်ပါသည်။ ထိုအဖြစ်အပျက်များမှ သုံးနှစ်ခန့်ကြာပြီးနောက် သူမြန်မာပြည်ကို ပြန်ရောက်လာတော့ ကိုထွေးနှင့်သူဇာတို့က လက်ထပ်သွားကြပြီတဲ့။ သူအဝေးသို့ရောက်နေတုန်း သစ္စာဖောက်သွားကြသည့် သူငယ်ချင်းနှင့် ချစ်သူတို့ကို ဦးအောင်ထွန်းတော်တော်နာကျင်သွားခဲ့၏။ သူ့ကိုလာရှင်းပြဖို့ ကြိုးစားခဲ့သော ကိုထွေးကိုလည်း ရှင်းပြခွင့်မပေးခဲ့ . . . ။ အခုကျမှ သူမိုက်မဲစွာ ဆွဲခဲ့သည့် ကောက်ချက်အမှားတွေအတွက် နောင်တရမဆုံးနိုင်တော့ပေ။ သားရေအိတ်လေးထဲမှာ တစ်ပါတည်းပါလာသော ဆေးမှတ်တမ်းတွေအရ သူဇာမွေးဖွားခဲ့သည့် သူ့ရင်သွေးလေးမှာ မွေးပြီးပြီးချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါးသွားခဲ့ရသည်တဲ့။ ဦးအောင်ထွန်းသည် အဲဒီအချိန်က သူဇာ၏ သောကပရိဒေဝတွေကို ကိုယ်ချင်းမစာဘဲ နာကျည်းမုန်းတီးနေခဲ့သော သူ့ကိုယ်သူ စက်ဆုပ်စွာ အပြစ်တင်နေမိသည်။

အေးလေ . . အခုတော့လည်း ငါ့အမှားတွေကို ပြန်လျော်ပေးဖို့ ကြိုးစားနေပါတယ် ကိုထွေးရယ် . . .။ ဦးအောင်ထွန်းတစ်ယောက် သူငယ်ချင်းဖြစ်သူကို စိတ်ထဲမှ တောင်းပန်တိုင်တည်ရင်း အတိတ်က သူဇာပုံရိပ်တွေကို ပြန်လည်တမ်းတ မြင်ယောင်နေမိတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

သူတို့၏ ပင်လယ်ကမ်းခြေခရီးစဉ်က စိုပြေလန်းဆန်းလှသည်။ လင်းထိုက်ငှားလာသော ဆန်နီပစ်ကပ်ကားနောက်ခန်းထဲမှာပဲ သူတို့အားလုံးစုပြုံထိုင်၍ လိုက်ပါလာခဲ့ကြ၏။ ရှေ့ခန်းရှိ ဒရိုင်ဘာဘေးမှာ ထိုင်မည့်သူတစ်ယောက်မျှ မရှိချေ။

စုစုပေါင်း ငါးယောက်ပါလာသော ကားနောက်ခန်းထဲမှာ အရမ်းကြီးကျပ်ညှပ်မနေသော်လည်း၊ ချောင်လှသည်တော့ မဟုတ် . . .။ ကြည်ဖြူနှင့်လင်းထိုက်တို့က ကပ်လျက်ထိုင်နေကြ၏။ နှစ်ကိုယ်တူဘဝတစ်ခုကို ထူထောင်ရန် စွန့်စားထွက်ခွာလာသည့် ခရီးအစမို့ သူတို့လည်း အကြင်နာကြီးနေကြဟန်တူပါသည်။ ကြည်ဖြူဘေးမှာက မိုးသူ . . .။ မြင့်ဇော်နှင့် တင်အောင်ထွေးတို့ကတော့ ကားစထွက်ကတည်းက တဝါးဝါး၊ တဟားဟား လုပ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လင်းထိုက် . . မင်းတို့နှစ်ယောက်က ငွေဆောင်ကပြန်ရောက်မှ လက်မှတ်ထိုးမှာလား"

မြင့်ဇော်၏အမေးကို လင်းထိုက်က ပြန်မဖြေဘဲ ကြည်ဖြူ့ရင်ခွင်ကိုမှီကာ မျက်လုံးကို မှိတ်ထားသည်။ တင်အောင်ထွေးက ကြည့်မရတော့သည့်ပုံဖြင့် လင်းထိုက်ကို လှမ်းကန်လိုက်၏။ သူ့ကိုလာထိတော့ လင်းထိုက်က . . .

"ဟာ . . ဘာတွေလဲကွာ၊ အနှောင့်အယှက်တွေ များလှချည်လား၊ ကြည်ဖြူ . . ထကွာ . . ၊ ကားရပ်ခိုင်းပြီး တို့နှစ်ယောက်ဆင်းကျန်ရစ်ခဲ့ရအောင် . . . ၊ ဒီအရှုပ်ထုပ်တွေနဲ့သွားရတာ အကုသိုလ်တွေများလွန်းလို့ . . ."

လင်းထိုက်စကားမှ မဆုံးသေးခင် သူငယ်ချင်းများက သူ့ကိုဝိုင်းဝန်းထုရိုက်၍ အဆဲပေါင်းစုံဖြင့် ဆဲဆိုကုန်ကြတော့သည်။ ကြည်ဖြူက ဘာမှဝင်မပြောဘဲ သဘောကျစွာ ရယ်နေလေ၏။

"ခွေးသူတောင်းစား . . . ၊ အခုကျ လေသံက တစ်မျိုး၊ ငါပိတ်ရိုက်လိုက်ရလို့ နားပင်းကုန်တော့မယ်"

ထိုသို့ မြင့်ဇော်ကပြောသည်ကို တင်အောင်ထွေးက စိုးရိမ်တကြီး ဝင်တားသည်။

"အဲဒါတော့ မဖြစ်ဘူး၊ ဒီကောင်ကို ကူညီလိုက်သလို ဖြစ်သွားလိမ့်မယ်"

တင်အောင်ထွေးစကားကြောင့် အားလုံးက ကြောင်သွားကြ၏။

"ဘာဖြစ်လို့လဲ . . ."

"ဘာဖြစ်ရမှာလဲကွ၊ ဒီကောင်က အခုမှ မိန်းမရခါစ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒီတော့ လင်မယားတွေရဲ့သဘာဝ အခုချိန်ကစပြီး သူ့ကို သူ့မိန်းမဖြစ်တဲ့ ကြည်ဖြူက မသေမချင်း နားညည်းအောင် ပူဆာမယ်၊ ရန်လုပ်မယ်၊ သဝန်တိုမယ်၊ အတင်းအဖျင်းတွေပြောမယ်၊ ဘာမှ မဟုတ်လည်း ပွစိ၊ ပွစိ အမြဲလုပ်တော့မယ်၊ ဒီတော့ ဒီကောင်က နားဒုက္ခသည်ဖြစ်တော့မှာ . . .၊ အဲဒါကို မင်းလုပ်လို့ နားပင်းသွားရင် လင်းထိုက်က အကြိုက်တွေ့သွားမှာပေါ့ . . .၊ သွားမလုပ်နဲ့ ဟေ့ကောင် . .၊ ဒါမှ တစ်သက်လုံး ဒီကောင်ဒုက္ခရောက်မှာ . . ."

ရယ်သံတွေက တင်အောင်ထွေးစကားအဆုံးမှာ ဝါးခနဲ ဆူညံသွားကြပြန်၏။ ကြည်ဖြူက ရှက်ဒေါသလေးနှင့် တင်အောင်ထွေးကို လက်ဖြင့်ရွယ်လိုက်သည်။

"အောင်မယ်၊ အောင်မယ် . . ."

ကြည်ဖြူပုံစံကြောင့် မိုးသူက ဝင်ငေါက်၏။

"ဟဲ့ . . . ကောင်မလေးကြည်ဖြူ ကြည့်စမ်း နင်ကများ ကျေးဇူးရှင်တွေကို ပစ်မှားစော်ကားဖို့တောင် သတ္တိတွေရှိနေပြီပေါ့လေ၊ ချက်ချင်းပဲ လင်းထိုက်အကျင့်တွေ ကူးကုန်ပြီထင်တယ်၊ နာချင်လို့ . . . ဟွန်း . . ."

ကြည်ဖြူက နှုတ်ခမ်းမဲ့သွားပြီး လင်းထိုက်ကို လှမ်းပြောလိုက်သည်။

"လင်းရေ . . သူတို့ကို လမ်းစရိတ်ထုတ်ပေးပြီး ပြန်ခိုင်းလိုက်စမ်းကွာ . .၊ မျက်စိရှုပ်၊ နားရှုပ်နဲ့ ကြည်ဖြူတော့ စိတ်ကုန်နေပြီ . . ."

ပြောပြီးသည်နှင့် သူမကို လက်သီးရွယ်ကာ ဝိုင်းလာသည့် တင်အောင်ထွေးတို့အား လျှာထုတ်ပြောင်ပြ၍ လင်းထိုက်ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ အတင်းတိုးဝင်ရင်း . . .

"အမလေး . . ကယ်ပါဦး လင်း၊ ဒီမှာ ကြည်ဖြူ့ကို လိုက်အနိုင်ကျင့်နေကြပါတယ်ဗျို့ . . ."

မိုးသူက သူမသူငယ်ချင်းကို ကြည့်မရဟန်ဖြင့် . . .

"မြင့်ဇော်ရယ် . . သွားလုပ်မနေစမ်းပါနဲ့၊ ငါတို့လုပ်နေတာက နည်းနည်း၊ အဖြစ်သည်းနေတာက များများ၊ သူတို့က မရှက်ပေမယ့် ငါတို့လို လူပျို အပျိုတွေက မြင်ရတာ ရှက်တယ်ဟဲ့ . . ."

မိုးသူ၏ လေသံနှင့်ပြောပုံကြောင့် အားလုံးပွဲကျသွားပြန်သည်။ တင်အောင်ထွေးက ကြည်ဖြူကို ရွှတည်တည်နှင့်ကြည့်၍-

"နေစမ်းပါဦး ကြည်ဖြူရဲ့ နင့်ကို ငါမေးစမ်းပါဦးမယ်၊ နင်ငါတို့နဲ့ ကျိုက်ထီးရိုးလိုက်လိမ့်ပြီး ငွေဆောင်ကိုလိုက်လာတာ နင့်အဖေက တကယ်သဘောတူလို့လား၊ နင်ပြောတာကိုယုံလို့ လွှတ်လိုက်တာရော ဟုတ်ရဲ့လား . . ."

BURMESE CLASSIC

"အဲဒါကို ငါလည်း သံသယဖြစ်နေတာဟ . . . သိလား၊ ဖေဖေက ဘာဖြစ်လို့မှန်းတော့ မသိဘူး၊ ငါ့ကိုခရီးထွက်ဖို့ လျှောလျှောရှုရှု ခွင့်ပြုတဲ့အပြင် မုန့်ဖိုးတွေ၊ ဘာတွေတောင် ပေးလိုက်သေးတယ်၊ အဲဒါ ထူးတော့ထူးဆန်းတယ် . . ."

"မသိပါဘူးဟာ . . ငါက နင့်ကို ယောကျ်ားနောက်လိုက်ဖို့ အိမ်ကပိုက်ဆံတွေ မလာတယ်မှတ်လို့ . . ."

"အောင်မယ် . . ငါ့ကိုများ လင်တရူးမလိုလို၊ ဘာလိုလိုနဲ့ ပြောရက်လိုက်တာ . . .၊ နင်တော့ . . သေတော့မယ်"

"အခုဟာက ငါနောက်နေတာ မဟုတ်ဘူး ကြည်ဖြူ . . နင်ပဲ သေချာတွေးကြည့်လေ . . .၊ နင့်အဖေ ဦးအောင်ထွန်းကြီး



www.burmeseclassic.com

www.burmeseclassic.com


ဘယ်လောက်ညာဏ်သွားတယ်ဆိုတာ နင်အသိဆုံးပါဟာ . . .၊ နင်တို့နှစ်ယောက်အကြောင်းတွေ သိခါစကဆို နင့်ကို ကျောင်းတောင်ပေးသွားတာ မဟုတ်ဘူး၊ အခုမှ ဒီလောက်လွယ်ကူနေတာဆိုတော့ ဒါကို လုံးဝစဉ်းစားသင့်တယ် သိလား၊ နောက်ပြီး နင့်အဖေက စီးပွားရေးလောကမှာ ကျားတစ်ကောင်ပဲဥစ္စာ၊ အရှုံးမှမဟုတ်တာ . . . ”

ထိုစကားကြောင့် သူငယ်ချင်းတွေအားလုံး ငိုင်တွေ၍ စဉ်းစားနေဆဲမှာ လင်းထိုက်က ဝင်ဖောက်သလို ပြောလိုက်ပါသည်။

“အေး . . အဓိက,က အဲဒါပဲ၊ သူက အရှုံးမှမဟုတ်တာ . . .၊ သူ့သမီးလေးသွားမယ့် ခရီးစဉ်ထဲမှာ ငါလိုသမက်လောင်းလေးပါမယ်ဆိုတာသိလို့ တမင်သူ့သမီးကို ထည့်ပေးလိုက်တာဖြစ်မယ်၊ ဖအေဆိုတော့လည်း ကိုယ့်သမီးလေးကို လင်ကောင်း၊ သားကောင်းရစေချင်မှာပေါ့၊ မဟုတ်ဘူးလား . . . ”

ရုတ်တရက်မို့ “ဟာခနဲ” သူမနှုတ်ခမ်းလေးတွေ ကော့တွန့်လို့သွားသည်။ ကားနောက်ခန်းထဲမှ ရယ်သံတွေက တဝါးဝါး၊ တဟားဟားနှင့် လွှင့်ပျံ့သွားကြ၏။ ကြည်ဖြူကရှက်ပြီး လင်းထိုက်လက်မောင်းတွေကို အတင်းလိုက်ဆွဲလိမ်နေလေသည်။ သူတို့စီးလာသော ကားလေးသည် လမ်းဘေးဝဲယာဆီမှ နေရောင်နှင့် သစ်ပင်များကို တရိပ်ရိပ်ချန်ထားရစ်ခဲ့ကာ ရန်ကုန်-ပုသိမ်လမ်းမကြီးအတိုင်း ပြေးလွှားလျက်ရှိ၏။

ရယ်လို့အားရသွားတော့ မြင့်ဇော်က ပြုံးစစနှင့် . . .

“အဖေက အရှုံးမဟုတ်ဘူးဆိုတော့ သမီးကရော . . . ”

လင်းထိုက်ဘာမှမပြောနိုင်ခင် ကြည်ဖြူက လှစ်ခနဲ ဝင်ဖြေလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မရှုံးလို့ လင်းကို ကြိုက်ခဲ့တာပေါ့ဟဲ့၊ ရှုံးနေရင် နင့်လို ငပေါကောင်မျိုးကို သွားကြိုက်မိပြီး ကိုယ်ကျိုးတွေနည်းကုန်မှာပေါ့ . . ."

လေတိုးသံတွေကြားမှ ရယ်သံများက ခပ်အုပ်အုပ်ထွက်လာပြန်သည်။ ထိုရယ်သံတွေမစဲခင် တင်အောင်ထွေးဆီမှ ချေပစကားသံကို ကြားရ၏။

"ဟင် . . ငါတို့က ပိုတောင်မရှုံးသေးတယ်၊ တစ်ကိုယ်တည်းသမားတွေ . . .၊ ကိုယ့်ကိုယ်ကိုလောက် ဘယ်သူ့ကိုမှ မချစ်ဘူး၊ ကိုယ့်ကိုယ်ကိုပဲ ချစ်တယ်ဆိုကတည်းက အဲဒီလူမှာ သိမှုရှိနေပြီ၊ ဘယ်လိုလုပ် အရှုံးဖြစ်တော့မှာလဲ . . ."

သူတို့အားလုံး ခဏမျှငြိမ်သက်လို့ သွားပါသည်။ စက္ကန့်အနည်းငယ်ခန့်ကုန်လွန်သွားပြီးနောက် လင်းထိုက်က တည်ကြည်စွာဖြင့် ပြောလိုက်သည်။

"မင်းတို့လည်း ကြားဖူးကြမှာပေါ့၊ လူတွေအကုန်လုံး အရှုံးတွေချည်းပဲတဲ့၊ ငါစဉ်းစားမိတာက တကယ်လို့ လူတွေအကုန်လုံးရှုံးနေကြရင် ဘယ်သူမှ အရှုံးမဟုတ်တော့ဘူးဆိုတာပဲ"

သူ့စကားအဆုံးမှာ အားလုံးက တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းထောက်ခံကုန်ကြ၏။

"ဟုတ်တယ်၊ ဘယ်သူမှ အရှုံးမဟုတ်ဘူး၊ အန်ကယ်ထွေးလည်း မရှုံးဘူး၊ ရွှေစင်မိုးလည်း မရှုံးဘူး၊ ဦးအောင်ထွန်းလည်း မရှုံးဘူး၊ သူ့မိန်းမဒေါ်ဖြူမွန်လည်း မရှုံးဘူး၊ ရပ်ကွက်လူကြီးဦးဘအောင်လည်း မရှုံးဘူး၊ သူရလည်း မရှုံးဘူး၊ ဒေါ်ကြီးမြလည်း မရှုံးဘူး၊ ဟားဟား ဟား . . .၊ ဘယ်သူမှ မရှုံးဘူး . . ."

www.burmeseclassic.com


ထိုသို့ဖြင့် သူတို့သည် "ဘယ်သူမှ အရူးမဟုတ်ဘူး" ဟု ရှုးသွပ်ပျော်ရွှင်စွာ ယူဆလိုက်ကြတော့သည်။ဆန်နီပစ်ကပ်ကားလေးသည် အရူးမဟုတ်သူများကို သယ်ဆောင်၍ လမ်းမပေါ်၌ ပြေးလွှားနေဆဲ။ လူဆိုသည်မှာ တကယ်တော့ ကိုယ့်ကိုယ်ကို အရူးလုပ်ရာတွင် အထူးချွန်ဆုံး သွေးနွေးသတ္တဝါတစ်မျိုးသာ ဖြစ်လေသည်။ ။

လေးစားစွာဖြင့်

ဝေမှုးသွင်
Weihmuthwin @ gmail.com
အမှတ် (၇၇/၈၃)၊ အခန်း (၅၁)၊
မန္တလေးလမ်း၊ ကန်တော်လေး၊
ရန်ကုန်မြို့။



www.burmeseclassic.com